# မောင်ကောင်းထိုက် ဟာသပဒေသာ အမှတ်စဉ် ၁၄

တင်ဆက်သူ မောင်မောင်နမ့်

## ၁။ ခြေထောက်များရင် မကောင်းဘူး

တိရစ္ဆာန်တစ်စု ဝိုင်းဖွဲ့ စားသောက်နေကြသည်။ အာသွက် လျှာသွက် ဖြစ်နေကြသဖြင့် စကားဝိုင်းသည် စိုပြည်လှသည်။ အရက်ကုန်သွားသဖြင့် အရက်ထပ်ဝယ်ရန် ဆုံးဖြတ်လိုက်ကြသည်။ သို့နှင့် လိပ်ကို အရက်ဝယ်ရန် လွှတ်လိုက်ကြသည်။ တစ်နာရီ၊ နှစ်နာရီ ကြာသွားသည်။ လိပ် ပေါ်မလာချေ။ တိရစ္ဆာန်များထဲမှ လိပ်ကို ကျိန်ဆဲသံများ ပေါ် ထွက်လာသည်။ မနီးမဝေး ချုံထဲမှ လိပ်ထွက်လာပြီး စိတ်ဆိုးစွာ ပြောသည်။

"ကျွန်တော့်ကွယ်ရာမှာ အခုလို အတင်းပြောရင် ကျွန်တော် မသွားတော့ဘူးဗျာ"

မတက်နိုင်။ လိပ်အစား ကင်းခြေများကို အဝယ်လွှတ်လိုက်ကြသည်။ ငါးနာရီကြာမှ ကင်းခြေများ ပြန်ရောက်လာသည်။ အားလုံးက ၎င်းကို ဝိုင်းအော်ကြသည်။

"ဟေ့ကောင်။ မင်းသွားတာ ကြာလှချည့်လားကွဟ"

"အရက်ဆိုင် ဝင်ပေါက်မှာ ဘယ်ကောင်လဲ မသိဘူး။ ဆိုင်းဘုတ်တစ်ခု ချိတ်ထားလို့"

"ဘာဆိုင်းဘုတ်လဲ"

"ဆိုင်ထဲမဝင်ခင် ခြေထောက်ကို စင်အောင် သုတ်ပါတဲ့"

## ၂။ တော်တော်တုံးတဲ့ဝံပုလွေ

ကိုချူချာ မြို့တက်ပြီး အမဲသား ဝယ်သည်။ အမဲသားချက်နည်း ပြုတ်နည်းကိုပါ ရေးမှတ်လာခဲ့သည်။ ရွာသို့ ခြေလျင်ပြန်လာခဲ့ရာ လမ်းခရီးတွင် အမှောက်ပျိုးလာသဖြင့် တောထဲတွင် ညအိပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

၎င်းအိပ်နေချိန်တွင် အမဲသားထုပ်ကို ဝံပုလွေ ဆွဲသွားသည်။ အိပ်ရာမှ နိုး၍ အမဲသားကို ဝံပုလွေ ဆွဲသွားကြောင်း သိသောအခါ ကိုချူချာ ဟက်ဟက်ပက်ပက် ရယ်သည်။

"ဟား ဟား ဟား။ တော်တော်တုံးတဲ့ ဝံပုလွေမ။ အမဲသားကို ခိုးသွားသတဲ့။ ချက်နည်းက ငါ့ဆီမှာ ကျန်နေတာပဲ။ ဒင်း ဘာလုပ်လို့ ရမှာလဲ။ ဟဲ ဟဲ ။"

## ၃။ မျောက်မျက်မှန်

မျောက်မသည် မျက်မှန်တစ်လက် ဝယ်ပြီး နဖူးပေါ် ချိတ်ထားလိုက်သည်။ အသိများက ၎င်းကိုဝိုင်းပြောကြသည်။
"မျက်မှန်ကို ဘာဖြစ်လို့ နဖူးပေါ် ချိတ်ရတာလဲ။ မျက်မှန်ဆိုတာ ပိုမြင်ရအောင် မျက်စိမှာ တပ်ရတာမဟုတ်လား။"
"ငါက မျက်စိ ပိုမြင်ဖို့ မဟုတ်ဘူး။ စိတ်ကူးစိတ်သန်း ပိုကောင်းချင်လို့။ ဒါကြောင့် နဖူးပေါ် တပ်ထားတာပေါ့။"

## ၄။ လက်မှတ်ရောင်းပါ

မော်စကိုမြို့ "ကူးစကီး" ဘူတာကြီးတွင် ဖြစ်သည်။
ရထားထွက်တော့မည် ဖြစ်ကြောင်း အချက်ပေးသံ ပေါ်ထွက်လာသည်။
လက်မှတ်အရောင်းကောင်တာသို့ ကိုချူချာ ကသောကမြောပြေးလာပြီး ပြောသည်။
"ကျွန်တော့်ကို လက်မှတ်တစ်စောင် အမြန်ဆုံး ရောင်းစမ်းပါ"
"ဘယ်ကို သွားမလို့ပါလဲ"
"ဘယ်သွားသွား ခင်ဗျားနဲ့ မဆိုင်ပါဘူး။ လက်မှတ်သာ ရောင်းစမ်းပါ။ နို့မဟုတ်ရင် ကျွန်တော် ရထားနောက်ကျသွားလိမ့်မယ်ဗျ"

## ၅။ မယ်ဒလင်ဆရာ

ညအချိန်ဖြစ်သည်။
အရှိန်နှင့် မောင်းလာသော "မော်စကိုဗစ်ချ်" ကားကို ယာဉ်ထိန်းရဲ တားလိုက်သည်။
ကားထဲကြည့်လိုက်သောအခါ ဒရိုင်ဘာ အပါအဝင် စုစုပေါင်း လူ ၁၆–ယောက် လိုက်ပါလာသည်ကို တွေ့ရသည်။ ပြီးတော့ အားလုံး "ထွေ" နေကြသည်။
လေးယောက်စီးကားထဲ ၁၆–ယောက်တိတိ ပြွတ်သိပ်ပြီး လိုက်လာသည်ကို ကြည့်ပြီး ယာဉ်ထိန်းရဲ အကြီးအကျယ် အံ့ဩသွားသည်။ ကိုယ့်မျက်စိ ကိုယ်မယုံနိုင်အောင်ဖြစ်သွားသည်။ ဒဏ်ရိုက်ရန် ဖြစ်သော်လည်း မရိုက်ဘဲ မနက်ဖြန် ဆယ်နာရီတိတိတွင် ဤ လူအတိုင်း ကားနှင့် ပြန်လာကြရန် မှာလိုက်သည်။
နောက်နေ့မနက်တွင် သူငယ်ချင်းများကားထဲ ဝင်ကြသည်။ ၁၅–ယောက် ကားထဲရောက်သွားကြသည်။ တစ်ယောက်သာ ဘယ်လိုဘဲ ကြိုးစား ကြိုးစား ဝင်မရဘဲ ဖြစ်နေသည်။ ဒရိုင်ဘာက ပြောသည်။
"ဟေ့ကောင်။ မနေ့က မင်းတို့နဲ့ မပါဘူးထင်တယ်"
မဝင်နိုင်သူ မကျေမနပ် ပြန်ပြောသည်။
"မပါဘူး။ ဟုတ်လား။ ကားထဲမှာ မင်းတို့ကို မယ်ဒလင် တီးပြီး ဖျော်ဖြေတာ ဘယ်သူလဲကွ ဟေ"

## ၆။ ကိုဘမောင်တို့ လည်ပုံများ

ကိုဘမောင် တက္ကစီ စီးပြီး အိမ်သို့ ပြန်လာသည်။ အိမ်ရှေ့သို့ ရောက်သောအခါ စကားတစ်ခွန်းမှ မပြောဘဲ ကားထဲမှ ထွက်သည်။ ထို့နောက် အိတ်ထောင်ကို နှိုက်သည်။ ရှပ်အင်္ကျီအိတ်၊ တိုက်ပုံအိတ်တိုကို တစ်ခုချင်း နှိုတ်သည်။ ကားဆရာ ၎င်းကို ကြည့်နေသည်။ ပိုက်ဆံထွက်မလာချေ။ ကိုဘမောင် စိတ်ပျက်သံဖြင့်ပြောသည်။

"အက်ဖ်အီးစီတစ်ရာ ကားထဲကျနေတယ် ထင်တယ်"

ဤစကားကို ကြားသည်နှင့် ကားဆရာသည် လီဗာကို တအားနင်းပြီး တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။

ထွက်သွားသော ကားကိုကြည့်ပြီး ကျေနပ်သော အမူအရာဖြင့် ကိုဘမောင် အိမ်ခန်းထဲ လှမ်းဝင်လိုက်လေသည်။

## ၇။ ဒီတစ်ခါတော့ ခံလိုက်ရတယ်

လမ်းမတော်အိမ်ရှေ့မှ နေ၍ အငှားကားကို ကိုဘမောင် လက်ပြ တားလိုက်ရသည်။ ကိုဘမောင် ကားထဲဝင်ထိုင်ရုံရှိသေးသည်။ ကားစက် ရုတ်တရက် ရပ်သွားသည်။ ဘယ်လို နှိုးနှိုး စက်ပြန်မနိုးလာချေ။ ကားဆရာက ပြောသည်။

"နောင်ကြီး။ ဘယ်လိုမှ မအောက်မေ့ပါနဲ့။ ကားကို နည်းနည်းတွန်းပေးပါဗျာ"

ကိုဘမောင် ကားထဲမှ ထွက်ပြီး နောက်ကနေ တွန်းသည်။ ကားဆရာကလည်း ဆင်းတွန်းသည်။ တော်တော်ဝေးဝေးကို ရောက်သွားသည်။ စက်မနိုးချေ။

"နောင်ကြီး။ တွန်းပါဦး"

ကိုဘမောင် လုံချည်ကို တိုတိုလေး ပြင်ဝတ်လိုက်သည်။ တိုက်ပုံအင်္ကျီကို ချွတ်သည်။ ထို့နောက် ကားကို အားနှင့်တွန်းသည်။ အရှိန်ရလာသည်။ ဘီးလိမ့်ရာနောက် အပြေးလိုက်သည်။ သို့သော် ကားစက်သည် ဘယ်လိုမှ နိုးမလာချေ။

"တွန်းပါဦး နောင်ကြီးရာ"

ဆက်တွန်းသည်။ မနိုး။

ရှိသမျှအားဖြင့် ဆက်တွန်းသည်။ အချိန် အတော်ကြာသွားသည်။ ဘယ်လိုမှ မနိုးပြန်ချေ။

"နောင်ကြီး နိုးတော့မှာပါ။ တွန်းပေးပါဦးဗျာ"

နဖူးပေါ်မှ ချွေးများကို သုတ်လိုက်ပြီး ကိုဘမောင် တွန်းသည်။

ကုန်းဆင်းတစ်နေရာသို့ရောက်သည်။ အရှိန်ရလာသော ကားနောက်မှနေ၍ ကိုဘမောင် ကျန်သမျှအားနှင့် တွန်းလိုက်ရာ "ဂူး" ကနဲ ကားစက်နိုးသွားတော့သည်။

အသက်ကို အနိုင်နိုင် ရှူလျက် ကိုဘမောင် ကားထဲ ဝင်ထိုင်လိုက်သည်။ ကားဆရာက ပြောသည်။

"ကျေးဇူးပဲ နောင်ကြီးရာ။ နောင်ကြီး ဘယ်ကို သွားချင်သလဲပြော။ ကျွန်တော် အခမဲ့ လိုက်ပို့ပေးပါမယ်။"

လမ်းဘေးတွင် စိုက်ထားသော "ထောက်ကြန့်"ဆိုသည့် ဆိုင်းဘုတ်ကို လှမ်းကြည့်ရင်း ကိုဘမောင်က ပြောသည်။

"ရန်ကုန်ကို ပြန်ပို့ပေးဗျာ"

## ၈။ TITANIC

အတ္တလန်တိတ်သမုဒ္ဒရာတွင် အလွန်ကြီးမားသော ဇိမ်ခံသင်္ဘောကြီး ခုတ်မောင်းနေသည်။ သင်္ဘောပေါ် လိုက်ပါလာကြသည့် ခရီးသည်များမှာ အထက်တန်းစား သူဌေး သူ"ဘိုးတိုင်" နှင့်၊ မိန်းမတွေက ပွဲနေ ပွဲထိုင်သွားသည့် အကောင်းစား ဂါဝန်တွေနှင့်။ သူတို့အားလုံး သင်္ဘော၏ ညစ်ခန်းကြီးထဲတွင် ရောက်ရှိနေကြသည်။ ဝီစကီ၊ မာတီနီ။ ရှမ်ပိန်ခွက်တွေ ကိုယ်စီ ကိုင်ထားကြသည်။ သင်္ဘောကပ္ပတိန်အခန်းထဲ ဝင်လာပြီး အားလုံးကြားအောင် အော်ပြောသည်။

'သတင်းနှစ်ခု ကြေညာစရာ ရှိပါတယ်။ တစ်ခုက ကောင်းတဲ့သတင်း။ နောက်တစ်ခုက မကောင်းသတင်းပါ။ ဘယ်သတင်းက စပြောရမလဲ ခင်ဗျာ'
ပရိသတ်အားလုံးသံပြိုင် တောင်းဆိုလိုက်ကြသည်။
'သတင်းကောင်းကို အရင်ပြောပါ'
'ဟုတ်ကဲ့၊ ကျွန်တော်တို့ 'အော်စကာ' ဆယ့်တစ်ဆု ရပါတယ်။

## ၉။ လက်မှတ်စစ်

(ရုရှားနိုင်ငံရှိ ညအိပ်ရထားများ၌ တွဲတိုင်းတွင် တွဲစောင့် ရှိသည်။ အများအားဖြင့် တွဲစောင့်သည် အမျိုးသမီး ဖြစ်လေ့ရှိသည်။)

ယောကျ်ားဖြစ်သူ နယ်ခရီးထက်ရာမှ ပြန်လာသည်။ တစ်ကိုယ်လုံးပေရေနေသည်။ ဝတ်ထားသော ကုတ်အင်္ကျီ စုတ်ပြဲနေသည်။ မျက်နှာမှာလည်း ဒဏ်ရာဒဏ်ချက်တွေ အပြည့်နှင့် ဖြစ်နေသည်။ ခါးထောက်ပြီး စိုက်ကြည့်နေသော မိန်းမကို ၎င်းက ရှင်းပြသည်။
'တွဲပေါ်ကို လက်မှတ်စစ် တက်လာတယ်။ ငါ့ဆီမှာ လက်မှတ် မပါဘူး။ ဒါနဲ့ပဲ တွဲပေါ်က ခုန်ဆင်းလိုက်ရတယ်။'
' ဒဏ်ငွေဆောင်လိုက်ပါတော့လား။ ဘာဖြစ်လို့ ရထားပေါ်က ခုန်ဆင်းရတာလဲ။ မသေကောင်း မပျောက်ကောင်း '
' ဘယ်ဖြစ်မလဲ။ လက်မှတ်စစ်က တွဲစောင့် အမျိုးသမီးရဲ့ ယောကျ်ားကွ'

## ၁၀။ အသက်မပါတော့ဘူး

'ကျွန်တော်တို့ဆီက မင်းသား မင်းသမီးတွေ ချစ်ခန်းကြိုက်ခန်း ရိုက်ရာမှာ ဘာဖြစ်လို့ အသက်မပါတော့တာလဲ'
'သူတို့အချင်းချင်း ညားကုန်ကြလို့'

## ၁၁။ ပို့စ်မော်ဒန်

‘ ပို့စ်မော်ဒန်ဆိုတာ ဘာလဲဟင် ’
‘ စားစရာ မရှိရတဲ့အထဲ အရေမရ၊ အဖတ်မရတွေကို မစဉ်းစားအားဘူးဟေ့။ ’

## ၁၂။ မျှော်လင့်ချက်

စာရေးဆရာပေါက်စက အယ်ဒီတာကို မေးသည်။
" ကျွန်တော့် ဝတ္ထုကို လူကြီးမင်းတို့ရဲ့ မဂ္ဂဇင်းမှာဖော်ပြပေးမယ့် အလားအလာ နည်းနည်းဖြစ်ဖြစ် ရှိတယ်ဆို ကျေနပ်ပါပြီ။ ကျွန်တော် မျှော်လင့်နိုင်တယ်မဟုတ်လား ခင်ဗျာ
" ဟာ၊ မျှော်လင့်နိုင်ပါတယ်။ ကျုပ် တစ်နေ့ကျ သေမှာပဲ ဉစ္စာ "

## ၁၃။ တစ်ခုခုဝယ်စမ်းပါ

ဈေးထဲတွင် ဖြစ်သည်။
" နောင်ကြီး။ ကြောင်တစ်ကောင် ဝယ်သွားပါလားခင်ဗျာ "
" ဟင်းအင်း။ ကျွန်တော့်အတွက် လိုအပ်တဲ့ ပစ္စည်း မဟုတ်ဘူး "
" အဲဒါဆို ဟောဒီ "
" "
" အဲဒါဆို ကြောင်ကိုဝယ်။ ကြောင်က "

## ၁၄။ ခြားနားချက်

"အင်္ဂလိပ်စားသောက်ဆိုင်နဲ့ ရုရှားစားသောက်ဆိုင်ဘာကွာသလဲ"
"အင်္ဂလိပ်စားသောက်ဆိုင်မှာ လူတွေ စားနေကြတာကို မြင်နေရတယ်။ သူတို့ပြောတာကို ကြားရတယ်။ ရုရှားစားသောက်ဆိုင်မှာ လူတွေ စကားပြောတာကို မြင်နေရတယ်။ သူတို့ စားတာကို ကြားရတယ်"

## ၁၅။ ရှားပါးစာအုပ်

စာကြည့်တိုက်တွင်ဖြစ်သည်။
"ကိုယ့်ကိုယ်ကို သတ်သေတဲ့အကြောင်း စာအုပ်ကို ကျွန်တော် ဘယ်မှာ ရှာလို့ ရမလဲဟင်"
"ညာဘက်က စာအုပ်စင်ရဲ့ တတိယအဆင့် လက်ဝဲဘက်မှာ ရှာကြည့်ပါ"
"အဲဒီမှာ စာအုပ်တစ်အုပ်မှ မတွေ့ပါလား"
"ဟုတ်တယ်။ အဲဒီစာအုပ်ကို ဘယ်သူမှ ပြန်မပေးတော့ဘူးလေ"

**၁၆။ လွဲသွားမှုဖြင့်**

စိတ်ရောဂါကု ဆေးရုံတွင် လူနာနှစ်ယောက် စကားပြောနေကြသည်။
"ဟေ့ကောင်။ မင်းရဲ့ခေါင်းထဲကို ၂-လက်မသံ တစ်ချောင်း ငါရိုက်သွင်းပေးမယ်။ ဘယ်နှယ့်လဲ"
"မင်းရူးနေသလား။ ဦးထုပ်ကို ချော်ပြီး ရိုက်မိရင် ဘယ့်နှယ့်လုပ်မလဲ"

**၁၇။ နှိုးခပဲယူမယ်**

" ခွဲစိတ်မှုမစခင် မေ့ဆေးဆရာဝန်က ပြောသည်။ "
" ဒီနေ့မေ့ဆေးပေးတဲ့အတွက် ပိုက်ဆံမယူဘူး။ သတိပြန်ရအောင် လုပ်ခပဲ ယူမယ်။

**၁၈။ အားတက်အောင်ပြော**

ဆေးရုံတက်နေရသော မိတ်ဆွေကို ကိုဘမောင် လူနာသွားကြည့်ရန် ပြင်သည်။
၎င်းမိတ်ဆွေ၏ အခြေအနေသည် အလွန်ဆိုးရွားကြောင်း၊ မျက်နှာမသာမယာနှင့် လာသည်ကို တွေ့လျှင် ယောကျ်ားဖြစ်သူ၏ အခြေအနေ ပိုဆိုးသွားနိုင်ကြောင်း မိတ်ဆွေ၏ မိန်းမပြောသည်ကို သတိရသည်နှင့် ကိုဘမောင်သည် လူနာ၏ အခန်းထဲဝင်ဝင်ချင်း မြူး
" ဘယ့်နှယ့်လဲ။ သေမင်းခေါ်တဲ့နောက် ကောက်ကောက်ပါအောင် လိုက်တော့မယ်ပေါ့လေ။ ဟုတ်လား "

**၁၉။ မမြင်ရဘူး ဒေါက်တာ**

ညာဘက်မျက်လုံး အတုတပ်ထားသော လူတစ်ယောက် မျက်စိဆရာဝန်ထံ ရောက်လာသည်။
ဆရာဝန်က နံရံတွင်ချိတ်ထားသော အက္ခရာများကို ကြီးစဉ်ငယ်လိုက် ပြထားသော စက္ကူပြားကို ထောက်ပြပြီးပြောသည်။
" ကိုင်း၊ ညာဘက်မျက်လုံးကို ပိတ်ပြီး အပေါ်ဆုံးလမ်းကြောင်းကနေ ဖတ်ပြပါ "
" ဒေါက်တာ၊ ကျွန်တော့် ညာဘက်မျက်လုံးဟာ အတုခင်ဗျ "
" အဲဒါဆို ဘယ်ဘက်မျက်လုံးကို ပိတ်ပြီး ဖတ်ပါ "

## ၂၀။ ဒါကိုပဲ မေးနေကြတယ်

တရားသူကြီးက တရားခံကို မေးသည်။
" မောင်မင်းဟာ စတိုးဆိုင်ကြီးကို ဖောက်ထွင်းရာမှာ ဈေးမကြီးတဲ့ ပစ္စည်းတွေကိုပဲ ယူတယ်။ အဲ၊ ငွေစက္ကူတွေရှိတဲ့ဘက်ကို အနားတောင် ကပ်မသွားဘူး။ ဘာဖြစ်လို့လဲ "
" တရားသူကြီးမင်းကလည်း ဒါကိုဘဲ သိချင်တာကိုး ကျွန်တော့်မိန်းမ ဒီမေးခွန်းနဲ့ ကျွန်တော်ကို နှိပ်စက်နေတာကြာပါမကောဗျာ "

## ၂၁။ လုပ်ဖော်ကိုင်ဖက်

" တရားလိုပြသက်သေ။ အခု တရားခံကို သိပါသလား "
" ဟုတ်ကဲ့။ ကျွန်တော်တို့ဘဏ်မှာ အတူတူ အလုပ်လုပ်ခဲ့ကြပါတယ်။ ဘယ်တုန်းကလဲ "
" လွန်ခဲ့တဲ့ ၂–လကပါ။ ကျွန်တော့်စိတ်အထင် မနက်လေးနာရီလောက်မှာပါ "

## ၂၂။ ပိုင်ပြီ

" ပန်းချီကားချပ်ကို ခင်ဗျားခိုးတာ မဟုတ်ဘူးလို့ ရုံးတော်က ကောက်ချက်ချတယ်။ ခင်ဗျားကို တရားသေလွှတ်လိုက်ပါတယ်။ "
" ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ပန်းချီကားကို ကျွန်တော်အိမ်မှာ ချိတ်ထားလို့ရတယ်ပေါ့နော် "

## ၂၃။ သတင်းစကား

ယောကျ်ားပျောက်သွားသည့်အတွက် ကူညီ ရှာဖွေပေးပါရန် ရဲစခန်းသို့ မိန်းမဖြစ်သူ လာပြောသည်။ ယောကျ်ား၏ ပုံပန်းသဏ္ဌာန်ကို မေးမြန်းစုံစမ်းပြီးနောက် ရဲအရာရှိက အမျိုးသမီးကို ပြောသည်။
" ကောင်းပြီလေ။ ကျွန်တော်တို့ ကြိုးစားရှာပေးပါ့မယ်။ ဒါနဲ့ ခင်ဗျားရဲ့ ယောကျ်ားကို တွေ့ရင် ဘာပြောပေးရမလဲ "
" ပြောလိုက်ပါ။ ကျွန်မအမေ ကျွန်မတို့အိမ်မှာ လာနေမယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်တယ်လို့ "

## ၂၄။ မင်းသမီး

နာမည်ကြီး မင်းသမီး ပါဝင်ရိုက်ကူထားသော ရုပ်ရှင်ကားကို ဝေဖန်ချက်ရေးရာတွင် ဆောင်းပါးရှင်က မင်းသမီးကို 'ဝက်မ' နှင့် ခိုင်းနှိုင်း သုံးနှုန်းထားသဖြင့် ရုပ်ရှင်မင်းသမီး ဒေါ်ဖောင်းကာ ဝေဖန်ရေးဆရာကို တရားစွဲသည်။
အမှုကို စစ်ဆေးသည့်နေ့တိုင်း ရုံးခန်းတစ်ခုလုံး ပရိသတ် များဖြင့် ပြည့်ကျပ်နေသည်။
နောက်ဆုံးတွင် သက်သေအထောက်အထား ခိုင်လုံသဖြင့် ရုပ်ရှင်မင်းသမီးအား ဆောင်းပါးရှင်က လူသိရှင်ကြား တောင်းပန်ရန် သို့မဟုတ်ပါက ဒဏ်ငွေဆောင်(လျော်ကြေးပေးရန်) တရားရုံးက ဆုံးဖြတ်လိုက်သည်။
ထုံးစံအတိုင်း အမှုရှုံးသူကို နောက်ဆုံးစကား ပြောခွင့်ပြုရာ ဝေဖန်ရေးဆရာ နေရာမှ ထပြီး ပြောသည်။
" တရားသူကြီးမင်းခင်ဗျာ။ ကျွန်တော်ရဲ့ အနာဂတ် ဝေဖန်ရေးလုပ်ငန်းအတွက် အင်မတန် အရေးကြီးတာဖြစ်လို့ သေချာအောင်ထပ်မေးပါရစေ။ မင်းသမီးကို ဝက်မလို့ မခေါ်နိုင်ဘူးနော်။ ဟုတ်လား "
" ဟုတ်တယ်။ ထပ်ခေါ်ရင် နောက်တစ်ခါ တရားရုံးကို ရောက်အုံးမှာပဲ "
" တကယ်လို့ဝက်မကို မင်းသမီးလို့ ခေါ်ရင်ကော တရားဥပဒေနဲ့ ငြိစွန်းမလား "
" မငြိစွန်းပါဘူး "
" ဝက်မကို မင်းသမီးလို့ ခေါ်ရင် ကျွန်တော်မှာ အပြစ် မရှိဘူးပေါ့ "
" မရှိပါဘူး "
ဝေဖန်ရေးဆရာသည် တရားလိုဘက်လှည့်ပြီး ပြောသည်။
" ဒီအမှုမှာ အနိုင်ရသွားတဲ့အတွက် ခင်ဗျားကို ချီးကျူးပါတယ် မင်းသမီး "

## ၂၅။ ဓာတ်ဘူးဝယ်တဲ့ကိုချူချာ

ကိုချူချာ စတိုးဆိုင်ကြီးထဲ ဝင်လာသည်။
မမြင်ဘူးသော ပစ္စည်းတစ်ခုကို ညွှန်ပြပြီး အရောင်းစာရေးမကို မေးသည်။
" အဲဒါဘာလဲဟင် "
" ဓာတ်ဘူး "
" သူ့ကို ဘယ်လိုအသုံးချသလဲ "
" အပူဓာတ်နဲ့ အအေးဓာတ်ကို အချိန် အတော်တော်ကြာကြာထိန်းထားဖို့အတွက် "
ကိုချူချာ ဓာတ်ဘူးကို ဝယ်လိုက်သည်။ နောက်နေ့တွင် ဓာတ်ဘူးကို ယူလာပြီး တစ်ရုံတည်းသားများကို
" ငါ ဝယ်လာတဲ့ ဓာတ်ဘူးအသစ်ကွ။ ပူတဲ့ပစ္စည်း တစ်နေကုန်ပူနေမယ်။ အေးတဲ့ပစ္စည်းဆိုလည်း တစ်နေကုန် အေးနေမယ်ကွ "
" ဓာတ်ဘူးထဲမှာ အခု မင်းဘာထည့်ထားသလဲ "
" မိန်းမဖျော်ပေးလိုက်တဲ့ ကော်ဖီပူပူနှစ်ခွက်နဲ့ ရေခဲမုန့် "

## ၂၆။ လေကား

ညာဘက်လက်ကို အပေါ်သို့ မြောက်လျက်၊ ဘယ်ဘက်လက်ကို အောက်သို့ ချလျက်အနေအထားဖြင့် လူတစ်ယောက် လျှောက်လာသည်။ ၎င်း၏နောက် မလှမ်းမကမ်းမှ ဒုတိယလူတစ်ယောက်သည်လည်း ရှေ့ကလူ၏ အနေအထားအတိုင်း လိုက်လျှောက်လာသည်။ လမ်းသွားလမ်းလာများက ၎င်းတို့ကို ထူးဆန်းစွာ ကြည့်သည်ကို သတိထားမိသဖြင့် ရှေ့ကလူသည် နောက်ကလူကို လှမ်းကြည့်သသည်။ ထို့နောက် ကိုယ့်ကိုယ်ကို အပြစ်တင်သံဖြင့် အော်ပြောသည်။

"ဟော့ကောင်။လေကားကို တို့မေ့လာပါပကောကွ"

## ၂၇။ ဆရာမပြနည်းမကျ

ဌာနမှူးက ယနေ့မှ အလုပ်ဝင်လာသော လူငယ်ကို ပြောသည်။

"ကိုင်း၊ အခု အနေနဲ့ ကြမ်းတိုက်ပါ"

လူငယ်က ဒေါသကို ထိန်းထားရဟန်ဖြင့် ပြန်ပြောသည်။

"ကျွန်တော်ဘွဲ့ရပါခင်ဗျာ"

"သြော် ဟုတ်လား။ ဒီလိုဆိုရင် ကြမ်းကို ဘယ်လိုတိုက်ရတယ်ဆိုတာ ငါပြမယ်။ သေသေချာချာ ကြည့်ထား"

## ၂၈။ လျှော့အော်

လူငယ်က အထက်အရာရှိကို ပြောသည်။

"ကျွန်တော်ဟာ အန်ကယ်တို့ ရုံးမှ အချိန်ပိုင်းအလုပ်သမားသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို အော်ရင် အသံကို လျှော့အော်ပါခင်ဗျာ"

## ၂၉။ ကြော်ငြာကိုယ်စားလှယ်

ကြော်ငြာကိုယ်စားလှယ်က ၎င်းကံကောင်း၍ အလုပ်မပြုတ်ရပုံအကြောင်းကို ဤသို့ပြောပြသည်။

"အခု ကျွန်တော် ပြောပြမယ့်အကြောင်းက အာရပ်နိုင်ငံတစ်ခုမှာ ဖြစ်ခဲ့တာပါ။ ကိုးဒ်ဒရင့်ကြော်ငြာဆိုင်းဘုတ်တစ်ခုကို အပိုင်းသုံးပိုင်း ခွဲပြီး စိုက်ထူဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ပထမပိုင်းကို သဲကန္တာရထဲ ရေငတ်ပြီး သေလုမြောပါးဖြစ်နေတဲ့ လူရဲ့ ပုံကို ပန်းချီဆရာက ဆွဲထားတယ်။ ဒုတိယပိုင်းမှာတော့ အဲဒီလူပဲ ကျွန်တော် ကြော်ငြာတဲ့ ကိုးဒ်ဒရင့်ကို သောက်နေတဲ့ပုံ။ အဲ တတိယပိုင်းမှာတော့ အဲဒီလူကျေနပ်စွာ ပြုံးနေတဲ့ပုံ။ ဒါပေမယ့် အရေးကြီးဆုံးကို ကျွန်တော်မေ့သွားတယ်။ အာရပ်လူမျိုးတွေ စာကို နောက်ကနေ ရှေ့ကို ဖတ်ကြတယ်ဆိုတဲ့ အချက်ပဲဗျို့။"

## ၃၀။ မသိတာချင်းတူသော်လည်း

အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့။
ကုမ္ပဏီကြီးတစ်ခုသို့ အိုင်ယာလန်သားနှင့် အမေရိကန်သားတို့ အလုပ်တစ်ခုကို ပြိုင်တူလျှောက်ကြသည်။ မကြာမီ အရည်အချင်းကို စစ်ဆေးရန်အတွက် ၎င်းတို့နှစ်ဦးကို ဆင့်ခေါ်လိုက်သည်။ မေးခွန်း ဆယ်ခုပါသော မေးခွန်းစာရွက်ကို ၎င်းတို့အား ပေးပြီး စားပွဲတစ်ခုစီတွင် ထိုင်ခိုင်းကာ ဖြေစေသည်။ နှစ်ယောက်စလုံး နံပါတ် (၆) မေးခွန်းကို မဖြေနိုင်ကြချေ။
ကုမ္ပဏီမန်နေဂျာက အိုင်ယာလန်သားကို ပြောသည်။
"ကျွန်တော်တို့ ကုမ္ပဏီမှာ အလုပ်လုပ်ချင်တဲ့ ဆန္ဒရှိကြောင်း သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့် လစ်လပ်တဲ့ ရာထူးမှာ အမေရိကန်သားကို ခန့်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ပါတယ်"
အိုင်ယာလန်သား မကျေမနပ်သံဖြင့် စောဒကတက်ရန် ကြိုးစားသည်။
"ဘာဖြစ်လို့လဲ ။ ကျွန်တော်တို့ နှစ်ယောက်စလုံး မေးခွန်း ကိုးခုကိုပဲ ဖြေနိုင်တာပဲ။ ဒီနိုင်ငံက အိုင်ယာလန်နိုင်ငံ။ ကျွန်တော်က အိုင်ယာလန်နိုင်ငံသား။ ဒီ အလုပ်ကို ကျွန်တော် ပိုမရသင့်ဘူးလား။"
"ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ဟာ အဖြေမှန်တွေအပေါ်မှာ မတည်ပါဘူး။ ခင်ဗျားတို့ နှစ်ယောက်စလုံး မဖြေနိုင်ကြတဲ့ မေးခွန်းပေါ်မှာ တည်ပါတယ်။"
"နေပါဦး။ မမှန်တဲ့ အဖြေတစ်ခုဟာ တခြားမမှန်တဲ့ အဖြေတစ်ခုထက် ဘာများ ထူးခြားနိုင်မှာ မို့လိုလဲ"
"ထူးခြားတာ ပြောပြမယ်လေ။ အမေရိကန်သားက နံပါတ်(၆) မေးခွန်းကို 'မသိပါ' လို့ ဖြေတယ်။ ခင်ဗျားက 'ကျွန်တော်လည်း မသိပါ' တဲ့။"

---

## ၃၀။ စေတနာအကျိုးပေး

ဦးကပ်စေး ကွယ်လွန်သောအခါ တာသတိံသာသို့ ရောက်လာသည်။ သိကြားမင်းနှင့် ၎င်း၏လက်ထောက် ဦးကပ်စေးကို လက်ခံ တွေ့ဆုံသည်။
လူတွေအကြောင်း အပြည့်အစုံ ရေးထားသော မှတ်တမ်းစာအုပ်ကို သိကြားမင်းဖွင့်သည်။ ဦးကပ်စေးအကြောင်း ကောင်းတာတခုမှ ရေးထားတာ မတွေ့ချေ။ သိကြားမင်းက မေးသည်။
"လူ့ဘဝမှာတုန်းက ကောင်းတစ်ခုခု လုပ်ခဲ့တာ ရှိသလား။ ပြန်စဉ်းစားစမ်းပါ"
ဦးကပ်စေး အတန်ကြာ စဉ်းစားပြီး ဖြေသည်။
"ဟုတ်ကဲ့။ ဆင်းရဲတဲ့ အဘွားကြီးတစ်ဦးကို ကျွန်တော် ပိုက်ဆံငါးပြား ပေးဖူးပါတယ်"
"စဉ်းစားစမ်းပါဦး။ နောက် ကောင်းမှုတစ်ခုခု လုပ်ခဲ့ဖူးသေးသလားလို့"
"ကျွန်တော် သိပ်တော့ မသေချာဘူး။ နောက်တစ်ယောက်ကိုလည်း ပိုက်ဆံငါးပြားပေးဖူးတယ် ထင်တာပဲ"
သိကြားမင်းနှင့် ၎င်း၏လက်ထောက်တို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန်

ကြည့်မိကြသည်။ လက်ထောက်ကပြောသည်။
"ဒီလူကို ဘယ်ပို့ရင် ကောင်းမလဲ"
"သူ့ပိုက်ဆံဆယ်ပြားကို ပြန်ပေးပြီးပြိတ္တာတွေကြား သွားနေပစေ"

## ၃၁။ မတွေ့မိလို့

"ဟေ့ သူငယ်ချင်း။ မင့်နဖူးမှာ 'ဘု'ကြီးနဲ့ပါလား။ ဘာဖြစ်လို့လဲ"
"ဟိုမှာကြည့်စမ်း နံရံမှာ ချိတ်ထားတဲ့ မီးအိမ်ကို တွေ့လား"
"တွေ့တယ်"
"အေး။ ငါ မတွေ့လိုက်ဘူး"

## ၃၂။ ဘီယာသောက်ချင်တယ်

ဘီယာဆိုင်ရှေ့တွင် တန်းအရှည်ကြီး ဖြစ်နေသည်။
အားလုံးကို ဖြတ်ပြီး ဘီယာဝယ်ရန် ယုန်က ကြိုးစားရာ ရှေ့ဆုံးတွင်ရပ်နေသော မြေခွေးက ယုန်၏ နားရွက်ကို ဆွဲပြီး ပြောသည်။
"ဟေ့ကောင်။ ဒီလို လူလည်ကျလို့ ရမလားကွ"
"မြေခွေး။ မင်း မကျေနပ်ရင် ထွက်ခဲ့လေ။ လမ်းဒေါင့်သွားပြီး 'ရှင်း' ရအောင်"
နှစ်ယောက်သား ထွက်သွားကြသည်။
ခဏကြာသော် ယုန်ပြန်ရောက်လာပြီး စောစောကအတိုင်း အားလုံးကို ကျော်ပြီး ဘီယာဝယ်ရန် လုပ်သည်။ တန်းစီနေသော ဝက်ဝံကြီး သည်းမခံနိုင်သည်နှင့် ယုန်၏ နားရွက်ကို ဆွဲမြှောက်ပြီး ကြိမ်းသည်။
"ဟေ့ကောင် ယုန်စုတ်။ ဒါ ဘာလုပ်တာလဲ"
"ဟေ့ ဝက်ဝံ ပါးစပ်ပိတ်ထားစမ်း။ မကျေနပ်ဘူးလား။ ထွက်ခဲ့၊ လမ်းဒေါင့်သွားပြီး မင်းနဲ့ငါ 'ရှင်း' ကြရအောင်"
ထွက်သွားကြသည်။ မိနစ်ပိုင်းအတွင်း ယုန်ပြန်ရောက်လာပြီး တန်းမစီပဲ ဘီယာဝယ်ရန် ကြိုးစားပြန်သည်။ ကျားက ယုန်ကို တားပြီး ပြောသည်။
"ဟေ့ကောင် မင်း ဘာ စည်းကမ်းမဲ့တာလဲ။ သူများတွေလိုဘဲ တန်းစီစမ်း"
"ဟေ့ ကျား စကားမများနဲ့။ မကျေနပ်ရင် ထွက်ခဲ့။ လမ်းဒေါင့်ကို သွားကြမယ်"
ကျားနဲ့ယုန် လမ်းဒေါင့်ကို ထွက်သွားကြသည်။ လမ်းဒေါင့်တွင် ခြင်္သေ့ကြီးကို တွေ့ရသည်။
ခြင်္သေ့က ယုန်ကို ဟိန်းဟောက်သည်။
"ဟေ့ ယုန်။ ဘယ်လိုလဲကွ။ တစ်ခါလာလည်း အသား။ နှစ်ခါလာလည်း အသား။ ဘယ်မှာလဲ မင်းကို ငါဝယ်ခိုင်းတဲ့ ဘီယာ"

## ၃၃။ တောင်းပန်ပါတယ်

နယ်သို့ ခရီးထွက်ရာမှ လူတစ်ယောက် အရက်အတော် မူးပြီး အိမ်သို့ ပြန်ရောက်လာသည်။ အောက်မှနေ၍ ငှင်းနေသည့် တိုက်ခန်း၏ ပြတင်းဆေါက်ကို ကြည့်လိုက်ရာ ယောကျ်ားတစ်ယောက် အဝတ်ချွတ်နေသည်ကို တွေ့လိုက်ရသည်။ သို့နှင့် လှေကားအတိုင်း အထက်သို့ ပြေးတက်လာသည်။ တံခါးကို သော့နှင့်ဖွင့်သည်။ အထဲမှ 'ဂျက်' ချထားသောကြောင့် ဖွင့်မရချေ။ စိတ်ဆိုးဆိုးနှင့် တံခါးကို ကိုယ်နှင့် ပြေးတိုက်ပြီး ဖွင့်ရာ ပွင့်သွားသည်။ ပွင့်ပွင့်ချင်း ဂမူးရှူးထိုးနှင့် အိပ်ခန်းထဲပြေးဝင်သည်။ ကုတင်ပေါ် အိပ်နေသော အမျိုးသားကို ဆွဲကိုင်ပြီး ပြတင်းပေါက်မှ ပစ်ချလိုက်သည်။
'ကယ်ကြပါအုံး' ဆိုသော အသံနှင့် 'ဘုန်း' ဆိုသောအသံကို ကြားရသည်။ အရက်မူးပြေစ ပြုလာသော ပုဂ္ဂိုလ်က ကိုယ့်ဟာကိုယ် ပြောသည်။

"အင်း။ တော်တော်မြင့်တာပဲ"

ဤတွင် နောက်မှနေ၍ အမျိုးသမီးတစ်ဦး၏ အသံကို ငှင်း ကြားရသည်။

"မြင့်တာပေ့ါ။ ဆယ်ထပ်က ကျတဲ့ ဥစ္စာပဲ"

"ဘာပြောတယ်။ ဆယ်ထပ်က ဟုတ်လား"

"ဟုတ်တယ်။ ဆယ်ထပ်"

"ဟာ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်အထပ်မှားသွားတယ်"

## ၃၄။ နေလို ယောကျ်ား

"ကျွန်မ ယောကျ်ားဟာ နေလိုပဲ"

"ဥပမာပေးတာ လှလှချည်းလား။ ရှင်းအောင် လင်းစမ်းပါဦး"

"ညနေကျ ပျောက်သွားတယ်။ မနက်ကျ ပေါ်လာတယ်လေ"

## ၃၅။ အထင်မှားလိမ့်မယ်

တနင်္ဂနွေတစ်မနက်တွင် မိန်းမဖြစ်သူ အိပ်ရာမှ နိုးလာပြီး ယောကျ်ားကို ပြောသည်။

"မနက်အစောကြီးတောင် အိုက်လိုက်တာ လွန်ရော။ ကိုယ်ပေါ်အဝတ်အစား ထပ်ဝတ်ရဦးမယ်ဆိုရင် ကျွန်မ သေလိမ့် ထင်တယ်။ အဝတ်အစား မကပ်ဘဲ ကျွန်မ ခြံထဲဆင်းပြီး အလုပ် လုပ်မယ်ဆိုရင် အိမ်နီးချင်းတွေ ဘယ်လိုထင်မယ် ထင်သလဲဟင်"

"ပိုက်ဆံမက်ပြီး မင်းကို ငါယူတယ်လို့ ထင်မှားပေ့ါကွ"

## ၃၆။ ဝမ်းမသာနိုင်ပေါင်

ယောကျာ်းဖြစ်သူ အိမ်သို့ ပြန်လာသည်။ မျက်နှာမှာ အလွန်ညိုးငယ်နေသည်။
အဝတ်အစားချွတ်ပြီး မီးဖိုချောင်ဘက် သွားသည်။ အစာကို အရသာမရှိစွာ စားသည်။
စားနေရင်းလည်း အခိပ္ပါယ်ကင်းမဲ့စွာ နံရံကို စူးစိုက်ကြည့်သည်။
ယောကျာ်းဖြစ်သူ အိပ်ရာဝင်လာသည်အထိ မစောင့်တော့ဘဲ ဝမ်းသာစရာ သတင်းကို
ပြောပြရန် မိန်းမဖြစ်သူ ဆုံးဖြတ်လိုက်သည်။ သို့နှင့် မီးဖိုချောင်ထဲ ပေါ့ပါးစွာ
ပြေးထွက်လာပြီး ပြောသည်။
"မောင်။ ကျွန်မ ကိုယ်ဝန်ရှိနေပြီရှင့်"
ယောကျာ်းက စိတ်မသက်မသာဖြင့် ပြန်ပြောသည်။
"ဩော်၊ မင်းရောပဲကိုး"

## ၃၇။ အစက်ကြီး

ပီရီထရွိုင်ကာခေတ်၊ ဂေါ်ဘာချော့ဖ်လက်ထက်က ဖြစ်သည်။
*နဖူးပေါ်တွင် မြန်မာမြေပုံနှင့် ဆင်ဆင်တူသော အနီရောင် အစက်ကြီး ရှိသူ
ဂေါ်ဘာချော့ဖ်သည် ရုရှားလူမျိုးတို့၏ အကျင့်ဆိုးဖြစ်သော အရက်သေစာ သောက်စားမှုကို
တိုက်ဖျက်ရန် ဆုံးဖြတ်သည်။ အရက်ထုတ်လုပ်မှုကို လျှော့ပစ်သည်။ အရက်ဆိုင်
အများအပြားကို ပိတ်ပစ်သည်။ ရောင်းချိန်ကို ကန့်သတ်သည်။ အသက် ၂၁-နှစ်အောက်
အရက်ဝယ်ခွင့် မရှိဟု အမိန့်ထုတ်သည်။ သို့ဖြင့် တစ်ပြည်လုံး အရက်ရှားပါးမှုနှင့်
ရင်ဆိုင်ရသည်။*
*ဤအကြောင်းနှင့် ပတ်သတ်၍ ဟာသအမျိုးမျိုး ပေါ်ခဲ့ရာ တစ်ခုမှာ ဤသို့ ဖြစ်သည်။*
တစ်နေ့တွင် စက်ရုံတစ်ခုသို့ ဂေါ်ဘာချော့ဖ် မမျှော်လင့်ဘဲ ရောက်လာပြီး ထမင်းစား
အားလပ်ချိန်အတွင်း အနားယူနေသော လုပ်သားများအကြား ဝင်ကာ ၎င်းတို့၏
နေရေးထိုင်ရေး အခြေအနေ၊ လုပ်ငန်းခွင် အခြေအနေတို့ကို မေးမြန်း စုံစမ်းသည်။
အလုပ်သမားတစ်ယောက်က မမျှော်လင့်ဘဲ ဝင်ပြောသည်။
"ခေါင်းဆောင်ကြီး။ ကျွန်တော်တို့နဲ့အတူ တစ်ခွက်တစ်ဖလား သောက်သွားပါလား"
"တကယ်တမ်း ပြောရရင် အရက်သေစာ သောက်စားမှုကို ကျွန်တော် တိုက်ပွဲဝင်နေရပေမယ့်
သောက်ချင်တဲ့ စိတ်က မပျောက်သွားပါဘူးဗျ။ အခု ကျွန်တော့်ဇနီး 'ရာအိဇာ'က ခင်ဗျားတိုနဲ့
သောက်မယ့် ကိစ္စကို မကန့်ကွက်ပါဘူးတဲ့။ ကိုင်း ငှဲ့ဗျာ"
'နာဖဒါရော့ဗျယ်' (ကျန်းမာရေးအတွက်) ဟု အော်ပြီး ဝိုင်းသောက်လိုက်ကြသည်။
ချက်ချင်းဆိုသလို ဂေါ်ဘာချော့ဖ်၏နဖူးပေါ်မှ အနီစက်ကြီး ပျောက်သွားသည်။
ဂေါ်ဘာချော့ဖ် အံ့သြတကြီး မေးသည်။
"ရဲဘော်တို့။ စောစောက ကျွန်တော်တို့ သောက်လိုက်တာ ဘာလဲဗျ"
"ခေါင်းဆောင်ကြီး ခင်ဗျာ။ ခေါင်းဆောင်ကြီး သိတဲ့အတိုင်း အခု ဗော်ဒ့်ကာ ဝယ်ရတာ
လုံးဝ မလွယ်ပါဘူး။ ခေါင်းဆောင်ကြီးတို့ ကရင်မလင်နန်းတော်မှာသာ
အကောင်းစားဗော့ဒ်ကာ သောက်နေကြတာ။ ကျွန်တော်တိုကတော့
အစက်ပျောက်ဆေးရည်ကိုပဲ အရက်မှတ်ပြီး သောက်နေကြရတာကလား ခင်ဗျား"

## ၃၈။ မပြောတက်ရင်ဆဲသလိုပဲ

စာကားပြောလျှင် မဆင်မခြင် ပြောတက်သော အန်တီမြ မင်္ဂလာ ဧည့်ခံပွဲတစ်ခုသို့ ရောက်လာသည်။ ဧည့်ခံခန်းမကြီး တစ်ခုလုံး ပရိတ်သတ်များဖြင့် ပြည့်ကျပ်နေသည်။ မိမိဘေးက ခုံတွင် ထိုင်နေသော လူကြီးကို အန်တီမြက မေးသည်။

"ဟို လေ့ကားအနားက စားပွဲမှာ ထိုင်နေတဲ့ အရုပ်ဆိုးဆိုး လူကြီးဟာ ဘယ်သူလဲဟင်"

"ကျွန်တော့် အစ်ကိုပါ"

အားနာဟန်ဖြင့် အန်တီမြ ရုတ်တရက် အမ်းတမ်းတမ်း ဖြစ်သွားသည်။ ထို့နောက် တောင်းပန်စကား ပြောသည်။

"တောင်းပန်ပါတယ်ရှင်။ ကျွန်မကိုယ်က ညံ့ပါတယ်။ ရှင်တို့ နှစ်ယောက် ရုပ်ချင်း အင်မတန် ဆင်ပါတယ်ဆိုတာ ကျွန်မ သတိထားမိဖို့ ကောင်းပါတယ်။ အဟင်း ဟင်း"

## ၃၉။ ဈေးတက်သွားပြီး

လမ်းဘေးတွင် ချာတိတ်တစ်ယောက် 'စမူဆာ ပူပူနွေးနွေး တစ်ခုကို နှစ်ကျပ်တည်း'ဟု အော်ရောင်းနေသည်။ သို့သော် စမူဆာကိုတော့ မယူချေ။

လူကြီးသည် နောက်နေ့များတွင်လည်း ချာတိတ်ကို ပိုက်ဆံ နှစ်ကျပ်ပေးသည်။ စမူဆာကိုမူ ယခင်ကအတိုင်း မယူဘဲ ဆက်လျှောက်သွားသည်။

တစ်နေ့တွင် လျှောက်လာသော ထိုလူကြီးကို တွေ့သည်နှင့် ချာတိတ်က အော်ပြောသည်။

"ဦးလေ၊ ကျွန်တော့်စမူဆာ ဒီနေ့တစ်ခုကို ငါးကျပ်ဖြစ်သွားပြီး ခင်ဗျ"

## ၄၀။ တိပ်ခွေ

ကေ-ဂျီ-ဘီ ဝန်ထမ်းနှစ်ယောက် နိုင်ငံရေးဟာသများ အပြန်အလှန် ပြောနေကြသည်။ ရုတ်တရက် တစ်ယောက်က ဖြတ်ပြောသည်။

"ဟေ့ နေဦး။ ငါ့တိပ်ခွေ ကုန်သွားပြီး။ ပြန်ရစ်လိုက်ဦးမယ်"

"ထားစမ်းပါ။ ပြီးတော့မှ ငါ့ဆီက ကူးယူပေါ့"

## ၄၁။ အကြောင်းရင်း

အဝေးပြေးရထားပေါ်တွင်ဖြစ်သည်။

အပေါ်အိပ်စင်တွင် အိပ်လျက် ကိုချူချာ လိုက်ပါလာသည်။ ဘူတာသို့ အဝင်တွင် စက်မောင်းသမားက ရထားကို တအားဘရိတ်အုပ်လိုက်သည်။ ကိုချူချာ အိပ်စင်ပေါ်က ဝုန်းကနဲလိမ့်ကျသည်။ နဖူးပေါ်က 'ဘု' ကို လက်နှင့်စမ်းရင်း ကိုချူချာ ပြောသည်။

"ကျတာ တော်တော်ပြင်းတာပဲ။ ရထားတောင် ရပ်သွားတယ် ဟင်း"

## ၄၂။ ကိုချူချာရဲ့ ဒုက္ခ

မြို့နယ်ကောင်စီရုံးသို့ ကိုချူချာ ရောက်လာပြီး အသင့်ရေးလာသော လျှောက်လွှာကို ကောင်စီဥက္ကဋ္ဌလက်သို့ အပ်သည်။ ထိုနောက် မိမိရင်ဆိုင်နေရသော ပြဿနာကို တင်ပြသည်။

"ဥက္ကဋ္ဌကြီး။ ကျွန်တော် ဒီအတိုင်း ဆက်နေလို့ မဖြစ်တော့ဘူး။ ကျွန်တော့်ရဲ့ ပြတင်းပေါက်ပေါက်တည့်တည့်မှာ အမျိုးသမီးရေချိုးခန်း (ရုရှားလို 'ဘန်းညာ') ရှိနေတယ်။ ကျွန်တော် အကုန်လုံးမြင်နေရတယ်။ ကြာရင် ကျွန်တော် ရူးလိမ့်မယ်။ ကျွန်တော့်ရဲ့ ကိုယ်ကျင့်သီလ ကမောက်ကမ ဖြစ်သွားလိမ့်မယ်။ ကျွန်တော်ကို အိမ်ခန်းပြောင်းပေးပါ"

ကော်မရှင်အဖွဲ့ ကိုချူချာ၏ အိမ်ခန်းသို့ ရောက်လာပြီး စစ်ဆေးသည်။ ကော်မရှင်အဖွဲ့ ခေါင်းဆောင်က ပြောသည်။

"ဘယ်မှာလဲ၊ ဘာမှလဲ မမြင်ရပါလား"

"ဗီရိုပေါ်ကို တက်ကြည့်ပါ"

ကော်မရှင်လူကြီး ဗီရိုပေါ်တက်သည်။

"ဒီအပေါ်က ကြည့်လည်း မမြင်ရပါလား"

"ဘယ်ဘက်နည်းနည်း တိုးပြီး ကြည့်ပါ"

"ကိုင်း။ တိုးတယ်ဗျာ။ ဘယ်မှာ မြင်ရလို့လဲ"

"ဘယ်ဘက်ကို နည်းနည်း ထပ်တိုးလိုက်ပါအုံး"

ပြောသည့်အတိုင်း ထပ်တိုးလိုက်ရာ 'ဝုန်း' ဆိုသော အသံနှင့်အတူ ကော်မရှင်လူကြီး ကြမ်းပေါ် ခွေလျက် ကျသည်။ ကိုချူချာက ပြောသည်။

"ကိုင်း တွေ့တယ် မဟုတ်လား။ ကျွန်တော်ဆို တစ်နေ့ တစ်နေ့ ဗီရိုပေါ်က ကျတာ အကြိမ်ပေါင်း မရေတွက်နိုင်ဘူး"

## ၄၃။ ယောက္ခမနှင့် တွေ့ဆုံခြင်း

ကိုချူချာ တိရစ္ဆာန်ရုံသို့ ရောက်လာသည်။

ဆင်လှောင်ရုံအနား ကပ်သွားပြီး ပြောသည်။

"အားပါး များလိုက်တဲ့အသား။ တစ်ရွာလုံး ကျွေးတောင်ကုန်မှာ မဟုတ်ဘူး"

စပါးကြီးမြွေထားရာ လှောင့်ချိုင့်အနား ကပ်သွားသည်။

"အင်း ဒီတီကောင်နဲ့သာ မျှားလိုက်ရင် ဝေလငါးတောင်မိနိုင်သေးရဲ့"

မျောက်မကြီး ရှိရာဘက် ရောက်သောအခါ ကိုချူချာ အံ့သြတကြီး ပြောသည်။

"အမေ ( ယောက္ခမကြီး ) ။ ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲဗျ ဟင်"

## ၄၄။ အမေ့သား

ကိုချူချာ ဓာတ်ပုံဆရာကိုပြောသည်။
"ဟိုမှာ အင်မတန်လှတဲ့ သစ်ပင်ကို တွေ့တယ်မဟုတ်လား။ အဲကျွန်တော့်ကို အဲဒီသစ်ပင်နဲ့ အတူ ဓာတ်ပုံ တစ်ပုံ ရိုက်ပေးစမ်းပါ"
"သစ်ပင်ဘေးမှာ ရပ်ပြီး ရိုက်ပေးရမလား"
"ကျွန်တော် သစ်ပင်နောက်မှာ ပုန်းနေမယ်။ ရိုက်သာရိုက် လိုက်။ အဲဒီ ဓာတ်ပုံကို အမေ့ဆီ ပို့မယ်။ ဓာတ်ပုံကို ကြည့်ပြီး 'ဟဲ့။ ငါ့သား ဘယ်မှာပါလိမ့်' လို့ သူ မေးလိမ့်မယ်။ အဲဒီအခါမှာ ကျွန်တော် သစ်ပင်နောက်က ထွက်လာပြီး 'ဂွတ်မောနင်း မေမေ' လို့ နှုတ်ဆက်မယ်။ ဟဲဟဲ"

## ၄၅။ မပြောမိရင်ကောင်းမယ်

ချူကော့ကာပြည်နယ်သို့ ရောက်ရှိနေသော ဘူမိဗေဒ လေ့လာရေးအဖွဲ့မှ ရုရှားတစ်ယောက် ကိုချူချာဆီ ခဏခဏ အလည်လာသည်။ လာတိုင်းလည်း ဗော့ဒ်ကာ အရက်ပုလင်းကို ယူလာသည်။ အရက်ကို ကိုချူချာ မကြိုက်သဖြင့် တစ်နေ့ ၎င်း၏မိန်းမကို ပြောသည်။
"ဟော့။ ဒီနေ့ အီဗန်ကြီးလာရင် ငါအပြင်ထွက်သွားတယ်လို့ပြောလိုက်။ သူတိုက်တဲ့ အရက်ကို ငါမသောက်ချင်တော့ဘူး။ တကယ်တော့ ငါဘယ်ကိုမှ မသွားဘူး။ ကန့်လန့်ကာနောက်မှာ ပုန်းနေမယ်။"
အီဗန် ရောက်လာသည်။ ကိုချူချာ မရှိဟု ဆိုသဖြင့် အရက်ပုလင်းကို ထုတ်ကာ ကိုချူချာ၏ ဇနီးကို တိုက်သည်။ ရေချိန်နည်းနည်း ကိုက်လာသောအခါ ကိုချူချာ၏ ဇနီးကို ရုရှားအီဗန် ဖက်ရမ်းနမ်းရှုပ်သည်။ ကန့်လန့်ကာ နောက်ကွယ်မှ အားလုံးကိုမြင်နေရသော ကိုချူချာ မိမိဟာ မိမိ ကြိတ်မနိုင်ခဲမရ ပြောသည်။
"ဒီကောင့် မျက်ခွက်ကို လက်သီးနဲ့ ပိတ်ထိုးဖို့ အချိန်တန်ပြီ။ ဒါပေမယ့် ငါ အိမ်မှာ မရှိဘူးလို့ ပြောမိရက်သား ဖြစ်နေတယ်။ တောက်

## "၄၆။ မသဘာဝ

ထောင်ကျအမျိုးသမီးနှစ်ယောက်သည် ထောင်ထဲတွင် ၁၀–နှစ် တိတိ တစ်ခန်းတည်း အတူတူ နေခဲ့ကြသည်။ သူတို့နှစ်ဦး တစ်ရက်တည်း အတူ လွတ်ကြသည်။
ထောင်အဝင်ဝတွင် ၎င်းတို့နှစ်ဦး နောက်ထပ် ၂–နာရီကြာ ဆက်ပြီး စကားပြောနေကြသေးသည်။

## ၄၇။ ကြိုတင်ပြင်ဆင်မှု

တရားသူကြီးက သက်သေကို မေးသည်။

"အခင်းဖြစ်ပွားတဲ့ နေရာနဲ့ ခင်ဗျား ဘယ်လောက် အကွာမှာ ရပ်နေသလဲ"

"၃–မီတာနဲ့ ၇၈–စင်တီမီတာတိတိ အကွာမှာ"

"တိကျ သေချာလှချည်လား"

"ကပ်သီးကပ်ဖဲ့ မေးတက်တဲ့ ငနဲ ပေါ်လာရင် ဖြေနိုင်အောင်ဆိုပြီး တမင်ကို သေချာသေချာ တိုင်းခဲ့တာခင်ဗျ"

## ၄၈။ အလောင်းအစား

စတိုးဆိုင်ကြီးထဲမှ မည်သည့်ပစ္စည်းကို မဆို ဘယ်သူမှ မသိအောင်
မိမိအလစ်သုတ်နိုင်ကြောင်း လူတစ်ယောက်က လမ်းသွားလမ်းလာများကို ႏြပ္ၿနရ
ပြောသည်=ဓဓ အမြင်ကပ်လာသည့်နှင့်=ဓဓ တစ်ယောက်က=ဓဓ ပရိသတ်ထမြု=ဓဓ
။ႏူးပြနရ"ခင်ဗျား တော်တော် အပြောကြီးတဲ့ လူပဲ။ ဆိုင်ထဲက ချောကလက် တစ်ဘူးကိုပဲ
ယူထုတ်ခဲ့ကြည့်စမ်းပါ။ ယူထုတ်နိုင်ရင် ခင်ဗျားကို ကျွန်တော် ဒေါ်လာ ၅၀၀– ပေးမယ်။
အေး ဆိုင်ဝန်ထမ်းတွေရဲ့ အဖမ်းကို ခံရမယ်ဆိုရင်တော့ ခင်ဗျား ကျွန်တော်ကို ဒေါ်လာ ၅၀၀–
ပေး။ ဘယ့်နှယ့်လဲ"

"စိန်လိုက်လေ"

နှစ်ယောက်သား စတိုးဆိုင်ဘက် ထွက်သွားသည်။ ကိုလူ

"ခင်ဗျား ဆိုင်ရှေ့မှာ စောင့်နေ။ မကြာခင် ကျွန်တော် ချောကလက်ဘူးနဲ့ ထွက်လာခဲ့မယ်"

မကြာခင် ချောကလက်ဘူးကို ကိုင်ပြီး ၎င်း ထွက်လာသည်။

"ရော့ ချော့ကလက်ဘူး။ ဘယ်သူမှ ဘာမှ မပြောဘူး။ ဘယ်သူမှ သတိမထားမိလိုက်ဘူး။ အလောင်းအစားမှာ ကျွန်တော်နိုင်သွားပြီး"

တစ်ဘက်မှ လူ ပြုံးပြီး ပြောသည်။

"ခင်ဗျား တော်တော် ကျွမ်းကျင်တဲ့ လူဆိုတာ အသိအမှတ် ပြုပါတယ်။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် အသိပေးချင်တာက ကျွန်တော်ဟာ တစ်ကယ်တော့ ရဲအရာရှိဗျ။ အခု ခင်ဗျားကို ခိုးမှုနဲ့ ဖမ်းရပါမယ်"

"ခင်ဗျားက ခင်ဗျား ဘယ်သူလဲဆိုတာ အခုလိုထုတ်ပြောမှတော့ ကျွန်တော်လည်း ပြောရဦးမပေါ့။ ကျွန်တော်ဟာ ဒီစတိုးဆိုင်ကြီးရဲ့ ပိုင်ရှင်ဗျ။ ဟဲ ဟဲ"

## ၄၉။ ကြားလိုက်ရသည်

ဘောလုံးပွဲကြည့် ပရိသတ်တစ်ဦး၏ အားမလိုအားမရ ပြောသံ။

"ရှေ့တန်းတိုက်စစ်မှူးဆိုတဲ့ အကောင် ပြေးပုံကို ကြည့်စမ်း။ ကျုပ် ဒီအတိုင်း ရပ်နေတာတောင် သူပြေးတာထက် မြန်အုံးမယ်။ တောက်"

## ၅၀။ ခွင့်လွှတ်ပါတယ်

ပုရွက်ဆိတ်အသင်းနှင့် ဆင်အသင်းတို့ ဘောလုံးကစားကြသည်။ ဘောလုံးပွဲ ပြီးသောအခါ ဆင်များက တောင်းပန်စကားပြောသည်။
"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ ခင်ဗျားတို့ကို ကျွန်တော်တို့ ခြေထောက်ကြီးတွေနဲ့ တက်နင်းမိခဲ့ကြတယ်ဗျာ"
"ကိစ္စမရှိပါဘူး။ ကျွန်တော်တို့ဘက်ကလည်း ခပ်ကြမ်းကြမ်း ကစားခဲ့ကြတာကလား"

## ၅၁။ တော်ပါသေးရဲ့

ယုန်နောက်ကို ဝက်ဝံကြီး အတင်းလိုက်သည်။ မကြာခင် ဝက်ဝံ အမောဖောက်လာပြီး ရပ်လိုက်သည်။ ထိုင်နေရင်းက စဉ်းစားသည်။
"ယုန်နောက်ကို ငါလိုက်လာလို့ တော်သေးတယ်။ ငါ့နောက်ကို ဒင်း လိုက်တာဆိုရင်တော့ ဒုက္ခ "

## ၅၂။ သေတော့မှာပဲ

မြွေပွေးမ နှစ်ကောင်ဆုံကြသည်။ တစ်ကောင်က မေးသည်။
"ငါ့ကို ပြောစမ်းပါ။ ငါဟာ အဆိပ်ရှိသလားဟင်"
"ရှိတာပေါ့။ နင်ဟာ မြွေပွေးပဲ ဥစ္စာ"
"အင်း၊ အဲဒါဆို ငါ့မှာ မျှော်လင့်ချက် မရှိတော့ဘူး"
"ဘာဖြစ်လို့လဲ"
"ငါ့လျှာကို ငါကိုက်မိတယ်"

## ၅၃။

ကိုချူချာ မိတ်ဆွေများကို
"တချို့ခွေးတွေဟာ သူတို့ရဲ့ သခင်တွေထက် ဉာဏ်ပိုကောင်းကြတယ်ဗျ။ ကျွန်တော့်အိမ်မှာ မွေးထားတဲ့ ခွေးဆိုရင် အဲဒီလို ခွေးမျိုးဗျ"

၅၄။ ထောက်ခံစာ

"ဦး ---- သည် ၁၉၃၇ ခုနှစ်က စ၍ ဆီးကို မထိန်းနိုင်သော ရောဂါ စွဲကပ်ခဲ့သည်။ ဤအချက် မှန်ကန်ကြောင်းကို အောက်ထပ်တွင်နေသော လူများက ထောက်ခံကြပါသည် "

၅၅။ ဖတ်လိုက်ရသော ကြော်ငြာများ

"အကျင့်ဆိုးမရှိသော အသက် ၃၀- အရွယ်ရှိ ဖိုးသမားသည် တောအရက်ချက်တက်သူ အမျိုးသမီးကို ကြင်ဖော်အဖြစ်ရွေးလိုသည်။ အသက်အရွယ်နှင့် ရုပ်ရည်သည် အရေးမကြီးပါ"

.....

"နွားမတစ်ကောင် ရောင်းမည်။
အသက် ၅-နှစ်၊ ယင်ဖိုတောင် မသန်းသေး"

.....

"ဓာတ်တိုင်ကို နွားသိုးကြီး ဝင်တိုက်လိုက်သဖြင့် ယနေ့မီးလာမည် မဟုတ်ပါ"

.....

"ကျွန်ုပ်တွင်ရှိသော မှန်သမျှကို ကျွန်ုပ်တွင် မရှိတာတွေနှင့် လဲမည်"

.....

"အကြားအမြင် ပေါက်သူကို အလုပ်ခန့်မည်။
ဘယ်ကို လာရမလဲဆိုတာ သိလိမ့်မည်ဟု ယူဆသည်"

.....

"မိန်းမ သို့မဟုတ် ယောကျ်ားလုပ်သားတစ်ယောက်ကို အမြန်ဆုံး အလိုရှိသည်။ ပူးတွဲတာဝန် ထမ်းဆောင်နိုင်သည်"

.....

အသားဆိုင်ထဲမှ အော်ပြောသံ။
"အမဲခြေထောက်နဲ့ အမျိုးသမီး။ငွေချေကောင်တာသို့ "

## ၅၆။ ကြားလိုက်ရသောဒိုင်ယာလော့များ

"နောက်ဆုံး ရွေးကောက်ပွဲမှာ ခင်ဗျားဘာဖြစ်လို့ အရေးနိမ့်သွားရတာလဲ"
"မဲကို မှန်မှန်ကန်ကန် ရေတွက်လို့"

.....

"ပိုက်ဆံရှိတဲ့ လူညံ့ လူဖျင်းကို မင်းလက်ထပ်နိုင်ပါ့မလား"
"ပြောရမှာ ခပ်ခက်ခက်ပဲ။ ဒါနဲ့ ရှင့်ဆီမှာ ပိုက်ဆံ ဘယ်လောက်ရှိသလဲ"

.....

"ဒါ ပီကာဆိုရဲ့ လက်ရာအစစ်ဆိုတာ ခင်ဗျား အာမခံတယ်နော်"
"စိတ်ချပါ၊ သုံးနှစ် အာမခံပါတယ်"

.....

"ဆရာ။ ကျွန်တော့် ယောက္ခမရဲ့ အသုဘကို လိုက်ပို့ဖို့အတွက် ဒီနေ့ ကျွန်တော် ရုံးက စောစော ဆင်းချင်ပါတယ်"
"ငါလည်းမင်းလိုပဲ"

.....

"မင်းအလုပ်လုပ်တာ နှေးကွေးလှချည်းလား။ မြန်မြန်လုပ်နိုင်တာ ဘာရှိလဲကွ ဟေ"
"ဟုတ်ကဲ့။ ခေါင်းချတာနဲ့ အပ်ပျော်ပါတယ်"

.....

"ခင်ဗျား ဘာဖြစ်လို့ ရုံးတက် နောက်ကျတာလဲ"
"အိမ်ကထွက်တာ နောက်ကျသွားလို့ပါ"
"စောစောထွက်ပါလား"
"စောစောထွက်ဖို့ နောက်ကျပြီး ဖြစ်နေလို့ပါ"

.....

"ဖေ့ါဒ်ကာ သောက်ချင်သလား"

"ဟင့်အင်း"
"သောက်မလား"
"ပေး"

.....

"ဒေါ်မေရီဆိုတဲ့ မိန်းမ အင်မတန် ရယ်စရာကောင်းတယ်။ သူ့သားသမီးတွေမှာ ဘာချို့ယွင်းချက်မှ မရှိဘူးတဲ့ ဟင်း"
"အမေတွေဟာ ကိုယ့်သားသမီးကို ဒီလိုပဲ အမွှန်းတင်တက်ကြတာပါပဲ"
"မဆိုင်လိုက်တာ။ ကျွန်မမှာ သားသမီး ရှိကြည့်ပါလား။ သူတို့ရဲ့ ချို့ယွင်းချက်တွေကို ချက်ချင်း သတိထားမိမှာရှင့်"

.....

"မင်းတို့ရဲ့ လက်ထပ်မယ့် အစီအစဉ် ဘာကြောင့်ပျက်သွားတာလဲ"
"သူက သူဝတ်တဲ့ အဝတ်အစား ဘယ်လောက်တန်တယ်ဆိုတာ ကျွန်တော်ကို ပြောတယ်။ကျွန်တော်က ကျွန်တော် လခ ဘယ်လောက် ရတယ်ဆိုတာကို ပြောလိုက်တယ်"

.....

"ကျွန်တော် အင်မတန် စကားနည်းတဲ့လူဗျ"
"ကျွန်တော်လည်း မိန်းမရှိတဲ့လူပါ"

.....

"ခင်ဗျားဟာ ပိုက်ဆံမက်ပြီးတော့ မိန်းမတစ်ယောက်ကို လက်ထပ်တဲ့ လူစားမျိုး မဟုတ်ဘူး မဟုတ်လား"
"မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ဘက်က ပြန်စဉ်းစားကြည့်ရင် ပိုက်ဆံရှိတဲ့ အချက်ကြောင့်နဲ့ သူ့ခမြာ အပျိုကြီးဖြစ်ရမယ်ဆိုတာကလည်း ခွင့်မပြုအပ်ပေဘူးဗျာ"

.....

"ဒီဓာတ်ပုံကို ကျွန်မ မကြိုက်ဘူး။ ကျွန်မ ပုံက မျောက်ပုံနဲ့ တူနေတယ်"
"ဓာတ်ပုံမရိုက်ခင်ကတည်းက ဒီအကြောင်းကို စဉ်းစားဖို့ကောင်းတယ်"

.....

"မမြရင် ကျွန်မကို ဒယ်အိုး ခဏ ငှားပါလား"
"မပေးနိုင်ဘူး မစိန်ရီ။ ကျွန်မကိုယ်တိုင်က ကျွန်မ ယောက်ျားကို စောင့်နေတာရှင့်"

.....

"သားရေ၊ မီးဖိုချောင်ထဲက ပန်းကန် လေးငါးချပ်လောက် ယူခဲ့စမ်းပါ"
"ဘာလုပ်ဖို့လဲ မေမေ"
"မင်းအဖေနဲ့ စကားနည်းနည်း ပြောစရာရှိလို့"

.....

"ကိုဘမောင်။ ရှင် ကျွန်မကို ကန့်လန့် မပြောနဲ့"
"ကန့်လန့် ပြောရအောင် မင်း ငါ့ကို စကားတစ်ခွန်းတောင် ပြောခွင့်ပေးလို့လားကွ"
"ဒါပေမယ့် ရှင် ကျွန်မကို နားထောင်နေပုံက မကျေမနပ်တဲ့ ပုံကြီး"

.....

"ကိုမြ။ ရုံးက အရာရှိကြီးက ကျွန်မ အင်မတန် ချောတယ်လို့ ပြောတယ်ရှင့်"
"ဒီလူ မျက်လုံး မကောင်းဘူးဆိုတာ အခု မင်း ယုံပြီ မဟုတ်လား"

.....

"မိန်းမရဲ့အသံကို ခင်ဗျား ဘာဖြစ်လို့ ကတ်ဆက်ခွေမှာ သွင်းထားရတာလဲ"
"ကြိုက်တဲ့အချိန်မှာ ပိတ်လို့ ရလို့"

---

## ၅၇။ မိဘမဲ့ကို သနားကြပါ

ပီတာလေး သိကြားမင်းထံ စာရေးသည်။
"အရှင် သိကြားမင်း။ ကျွန်တော့်မှာ အမေလည်း မရှိ။ အဖေလည်း မရှိပါ။ အရက်သမား အဘိုးတစ်ယောက် ရှိပါသည်။ အဘိုး အရက်မူးတိုင်း ကျွန်တော့်ကို နာကျင်အောင် ရိုက်တက်ပါသည်။ ယခု နှစ်သစ်ကူးတွင် လုံချည်တစ်ထည်၊ အင်္ကျီတစ်ထည်နှင့် လက်ပတ်နာရီတစ်လုံး ကျွန်တော့်အား လက်ဆောင်ပေးပါ ခင်ဗျား"
ဘယ်ကို ပို့ရမှန်း မသိသည်နှင့် စာကို စာတိုက်တွင် ဖွင့်လိုက်သည်။ မိဘမဲ့ကလေးကို သနားသွားကြသည်နှင့် စာတိုက်ဝန်းထမ်းများ ပိုက်ဆံစုပြီး လုံချည်တစ်ထည်နှင့် အင်္ကျီတစ်ထည် ဝယ်လိုက်ကြသည်။ ပိုက်ဆံမလောက်သဖြင့် နာရီကိုမူ မဝယ်နိုင်ကြချေ။ ပစ္စည်းများကို ပီတာ၏ လိပ်စာအတိုင်း ပို့လိုက်ကြလေသည်။

မကြာမီ သိကြားမင်းထံ လိပ်မူထားသော ပီတာ၏စာ စာတိုက်သို့ ရောက်လာသည်။ အရင်ကအတိုင်း စာကို ဖွင့်ဖတ်ကြသည်။ ပီတာ ဤသို့ ရေးထားသည်။
"အရှင် သိကြားမင်း။ ပေးပို့လိုက်သော လုံချည်နှင့် အင်္ကျီကို ကောင်းမွန်စွာ ရရှိပါသည်။ ကျေးဇူး အင်မတန် တင်ပါသည်။ လက်ပတ်နာရီကိုတော့ မရပါ။ စာတိုက်က 'ဘုံး' လိုက်သလား" မပြောတက်ပါ
စာတိုက် ဝန်ထမ်းများ အကြီးအကျယ် 'စိတ်ပိန်'သွားကြတော့သည်။

## ၅၈။ ပီတာလေးရေးသော စာစီစာကုံးမှ ကောက်နှုတ်ချက်အချို့

မောင်မြသည် တစ်လမ်းလုံး ကြားအောင် တိုးတိုးလေး အော်လိုက်ပါသည်
ဦးဘသည် တိုင်နှင့် ခေါင်း အပြင်းဆောင့်မိသည်။ ထို့နောက်တွင် အတော်ကြာ ခြေထောက်ထော့နင်းဖြစ်သွားပါသည်။
ငှက်များကို စောင့်ရှောက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကျွန်ုပ်တို့၏ ခြေထောက်လေးချောင်း မိတ်ဆွေများ ဖြစ်သောကြောင့် ဖြစ်ပါသည်

## ၅၉။ တွေးစရာ ရှားသလား

ပထမတန်း ကလေးများကို စာလုံးတစ်လုံးတည်း ရှိသော နာမ်ပုဒ်တစ်ခုစီ စဉ်းစားပြီး ပြောကြရန် ဆရာမက ခိုင်းရာ ပီတာလေးက ချက်ချင်း လက်ညှိုးထောင်သည်။
ပီတာလေးအကြောင်းကို သိပြီးဖြစ်သော ဆရာမက အသံမာမာဖြင့် ၎င်းကို အမိန့်ပေးသည်။
"ပီတာလေး။ မင်း မညစ်ပတ်နဲ့။ သွား အခု အိမ်ပြန်ချေ"
အိမ်ပြန်ရောက်သောအခါ အမေက ပီတာလေးကို မေးသည်။
"သားကို ဘာဖြစ်လို့ ဆရာမက အတန်းထဲက မောင်းထုတ်လိုက်တာလဲ"
ပီတာလေး အကြောင်းစုံ ရှင်းပြသည်။ ပီတာလေး ဆက်မပြောရန် တားလိုက်ပြီး အမေက အမိန့်ပေးသည်။
"ဆက်မပြောနဲ့။ ငါ သဘောပေါက်ပြီး။ သွား အခန်းဒေါင့်မှာ ရပ်နေ။ နေ့လယ်စာ စားတဲ့အချိန်ထိ ဘယ်မှ မသွားဘဲ ရပ်နေ"
အဖေ ရုံးမှ ပြန်လာသည်။ သားကို မေးရာ ပီတာလေးက အစမှ ပြန်ပြောပြသည်။
"နေပါဦး။ မင်းက ဘာပြောမယ် စိတ်ကူးလို့လဲ"
"'အိမ်' ဆိုတဲ့ စကားလုံးပါ"
ပီတာ့အဖေ နေရာမှထပြီး မိန်းမရှိရာ မီးဖိုချောင်ဘက် သွားသည်။ မိန်းမ၏ နားရွက်ကို လိမ်ပြီး ငေါက်သည်။
"နောက်ဆို မှတ်ထား။ အိမ် အကြောင်းကို ခပ်များများစဉ်းစား"

## ၆၀။ ကျေးဇူးရှင်

အဖေဖြစ်သူ မီးဖိုချောင်တွင် ထိုင်ပြီး အရက်သောက်နေသည်။ သမီးဖြစ်သူ ဝင်လာပြီး ပြောသည်။

"ဖေဖေ။ ပုလင်းလွတ်တွေ ယူသွားမယ်နော်။ ပုလင်းလွတ်တွေ ရောင်းပြီး ဆန်ဝယ်ချင်လို့"

"ယူသွား ... ယူသွား။ ဟင်း ... ငါသာ မရှိရင် မင်းတို့ ဘာနဲ့ စားကြမလဲ မသိဘူး"

## ၆၁။ အသေးစိတ် မသိချင်ဘူး

ရေကျော်နှင့် ပုစွန်တောင် လမ်းဒေါင့်တွင် ဖိုးသမား ဓာတ်တိုင်ကို ကွယ်ပြီး ရပ်နေသည်။ လမ်းသွား လမ်းလာကို မေးသည်။

"ကျုပ် ဘယ်ကို ရောက်နေသလဲဗျ"

"ရေကျော်နဲ့ ပုစွန်တောင် လမ်းဒေါင့်မှာ"

"အသေးစိတ်တွေ မလိုဘူး။ ကျုပ် ဘယ်မြို့ ရောက်နေသလဲ ဆိုတာပဲ ပြော"

## ၆၂။ ပြောချင်တာ ရေးထား

အမူးသမား ယောကျ်ားကို မိန်းမက မနားတမ်းပူညံပူညံ လုပ်နေရာ ယောကျ်ားက လျှာလေး အာလေး ပြန်ပြောသည်။

"မင်းပြောချင်တာ စာရွက်ပေါ်မှာ ရေးထားကွာ။ မနက်ကျ ငါ ဖတ်ပါ့မယ်"

## ၆၃။ သူတို့လည်း ရယ်စရာ ပြောတက်တယ်

(ထင်ရှားသော လူ ပုဂ္ဂိုလ်၊ အထူးသဖြင့် အနုပညာနှင့် စာပေလောကမှ လူချွန်လူမွန်များသည် မထင်မှတ်ဘဲနှင့် ဟာသဉာဏ်အလွန်ရွှင်သူများ ဖြစ်နေတက်ကြပါသည်။ ဤအချက်ကို ခနဲ့တဲ့တဲ့ သရော်တော်တော် သဘောများ ပါဝင်ဖွဲ့စည်းထားသည်။ ၎င်းတို့၏ပြောဆိုချက်များက သက်သေထူလျက်ရှိပါသည်။အချိန်ကာလပြောင်းသွားသောလည်း ဟောင်းသွားသည် မရှိဘဲ ယနေ့အထိ 'ကလ်' နိုင်စွမ်းရှိနေသေးသည့် တစ်ကြိမ်တစ်ခါက အထေ့အငေါ့ များကို မမေ့မလျော့စေချင်ပါ။ ထို့ကြောင့် 'သူတို့လည်း ရယ်စရာပြောတက်တယ်' ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်လိုက်ပါသည်။)

-----

အင်္ဂလိပ်စာရေးဆရာကြီး ဂျိုနသန် ဆွစ်ဖ် တစ်နေ့ မြင်းစီးပြီး ခရီးထွက်သည်။ ၎င်းနှင့်အတူ တပည့်ကျော်လည်း ပါသည်။ ခရီးတစ်လျှောက်လုံး မိုး သည်းထန်စွာ ရွာသည်။ မိုးရေကြောင့် လမ်းတွေ ရွံ့ဗွက်ထပြီး ခက်ခက်ခဲခဲ သွားရသည်။ နောက်ဆုံး မြင်းရောလူပါ ပင်ပန်းလာသည်နှင့် တွေ့သော တည်းခိုခန်းတွင် ညအိပ်ရန် ဆုံးဖြတ်လိုက်သည်။ ခေါင်းမချမီ ဂျိုနသန် ဆွစ်ဖ်သည် တပည့်ကျော်ကို ခေါ်ပြီး မိမိ၏ ဖိနပ်ကို တိုက်ထားရန် မှာသည်။ နောက်တစ်နေ့ မနက် ရောက်သောအခါ ၎င်း၏ ဖိနပ်သည် မနေ့ကအတိုင်း ပေရေနေသည်ကို တွေ့ရာ ဆွစ်ဖ်က တပည့်ကို ဆူသည်။ တပည့်ကျော်က ဆင်ခြေပြန်ပေးသည်။

"လမ်းက ညစ်ပတ်နေတာပဲ။ ဖိနပ်ကို တိုက်ထားလည်း မထူးဘူး။ ခဏအတွင်း ပြန်ပေမှာပဲ။ ဒါကြောင့် ကျွန်တော် မတိုက်ထားတာပါ"

ဂျိုနသန် ဘာမှမပြော။ ချက်ချင်း ခရီးထွက်ဖို့ ပြင်ဟု တပည့်ကျော်ကို အမိန့်ပေးသည်။ တပည့်ကျော် အတွန့်တက်ရန် ကြိုးစားသည်။

"လမ်းခရီးက အဝေးကြီး။ ခရီးမထွက်ခင် ဗိုက်ကို နည်းနည်းဖြည့်ထားရင်မကောင်းဘူးလား ခင်ဗျာ"

စာရေးဆရာကြီး ခပ်အေးအေးလေး ပြန်ဖြေသည်။

"ဘာလုပ်ဖို့လဲ။ လမ်းကျရင် မင်းထပ်ဆာမှာပဲ ဥစ္စာ"

.....

ချက်စ်တာတွန် အမည်ရှိ အလွန်ဝသော သူဌေးကြီး နှင့် ဘားနတ်ရှောသည် တစ်နေယောက်ကို တစ်ယောက် ကြည့်မရသူများ ဖြစ်ကြသည်။ တစ်နေ့ အခမ်းအနားတစ်ခုတွင် ၎င်းတို့နှစ်ဦး ဆုံကြရာ လူဝကြီးက ဦးအောင် ထိုးနှက်သည်။

"မစ္စတာရှော။ ခင်ဗျားကို ကြည့်ရတာ အင်္ဂလန်နိုင်ငံ ငတ်မွတ်ခေါင်းပါးမှု ဒဏ်ကို ခံနေရတယ်လို့ ထင်စရာပဲ"

ဘားနတ်ရှောကလည်း ပြန်ပတ်သည်။

"အဲ၊ ခင်ဗျားကို ကြည့်လိုက်ရင်တော့ ငတ်မွတ်ခေါင်းပါးခြင်းရဲ့ အကြောင်းအရင်း ဘာလဲဆိုတာ ချက်ချင်း သဘောပေါက်တယ်။ အဟုတ်ပဲ"

.....

တမလွန်ဘဝအကြောင်းအရာ။ အထူးသဖြင့် ငရဲအကြောင်းနှင့် ပတ်သက်၍ မည်သို့ ထင်မြင်ချက် ပေးနိုင်ပါသနည်းဟု ဘားနတ်ရှောကို နာမည်ကြီး မဂ္ဂဇင်း တစ်စောင်၏ သတင်းထောက်က မေးရာ ရှောက ဤသို့ဖြေသည်။

"ကျွန်တော့်အနေနဲ့ ပြောရမှာ ခက်တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ကျွန်တော့် သူငယ်ချင်းတွေ အများကြီး ရှိနေလို့ပဲဗျာ"

.....

တစ်နေ့ ဘားနတ်ရှောကို သူဌေး လင်မယားက ၎င်းတို့၏ အိမ်သို့ ဖိတ်သည်။ ဘားနတ်ရှော တိုက်အိမ်ကြီး၏ ဧည့်ခန်းထဲသို့ ဝင်လာသောအခါ အိမ်ရှင်လင်မယား၏ သမီး စန္ဒာရား တီးနေသည်ကို တွေ့ရသည်။ နောင်တွင် နာမည်ကြီး စာရေးဆရာ ဖြစ်လာမည့် လူငယ်ဝေဖန်ရေးဆရာရှောကို ကောင်မလေးက ခရာတာတာ အမူအရာဖြင့် မေးသည်။

"ရှင် ဂီတကို ချစ်မြတ်နိုးတယ်လို့ ကြားရတယ် ဟုတ်စ"

"ဟုတ်ပါတယ်။ ဒါပေမယ့် ဂရုမစိုက်ပါနဲ့။ တီးစရာရှိတာ တီးပါ"

.....

ရှောဘတ်ဘမ်းစ်သည် သာမန်လုပ်သားပြည်သူတို့အပေါ် အလွန်စေတနာထားသူ ဖြစ်သည်။ ၎င်းရေးသော စာအုပ်များ၊ ကဗျာများသည် ပြည့်သူတို၏ ဘဝကို အဓိကထား ဖော်ကျူးလေ့ရှိသည်။

တစ်နေ့ သင်္ဘောဆိပ်ကမ်းတွင် ဘမ်းစ် လမ်းလျှောက်နေစဉ် 'ကယ်ပါ၊ ကယ်ပါ' ဟူသော အသံကို ကြားရသည်။ အသံကြားရာဘက်သို့ ဘမ်းစ် ချက်ချင်း ပြေးသွားသည်။ ဤအချိန်တွင် ဆိပ်ကမ်းတွင် ကပ်ထားသော သင်္ဘောတစ်စီးပေါ်မှ သင်္ဘောသားတစ်ဦးက ရေနစ်သူဘက်သို့ သက်ကယ်ဘော ပစ်ပေးပြီး ကိုယ်တိုင်လည်း မြစ်ထဲ ဒိုင်ဗင် ထိုးဆင်းပြီး ဒုက္ခတွေ့နေသူကို ကယ်ရန်ကူးသွားသည်။

အကယ်ခံရသူသည် လန်ဒန်မြို့ပေါ်မှ သူဌေးတစ်ဦး ဖြစ်သည်။ သူဌေးသည် သင်္ဘောသားကို ကျေးဇူးတင်စကားပြောပြီး ပိုက်ဆံတစ်သျှီလင် ပေးလိုက်သည်။ စုဝေးလာသော လူအုပ်ကြီးက ဤသည်ကို မြင်သော် ဒေါသူပုန် ထကြသည်။ ကိုယ့်အသက်ကို ကယ်ပေးတာတောင် တစ်သျှီလင်တည်း ပေးရကောင်းလားဟု။

အခြေအနေကို ရှောဘတ်ဘမ်းစ်က အောက်ပါအတိုင်း ဝင် 'ထိန်း' လိုက်သည်။

"မဆူကြနဲ့။ မဆူကြနဲ့။ ဒီ လူကြီးလူကောင်းဟာ သူ့အသက် ဘယ်လောက် တန်တယ်ဆိုတာ သူ့ဟာသူ အသိဆုံးပါ"

.....

နာမည်ကြီး စာရေးဆရာ တစ်ယောက်ဖြစ်ဖို့အတွက် စာကို ဘယ်လို ရေးရမည်နည်းဟု ဘားနတ်ရှောကို ဝိုင်းမေးကြရာ ၎င်းက ဤသို့ဖြေသည်။
"ဘယ်ဘက်ကနေ ညာဘက်ကို ရေး"

.....

ချားလ်စ်ဒစ်ကင်းကို တစ်နေ့ ဝိုင်းမေးကြသည်။
"လူကြီးမင်း ခင်ဗျာ။ အားလုံးကို ခေါင်းထဲက စဉ်းစားပြီး ထုတ်ယူရတာ အင်မတန် ခက်မှာပဲနော်"
"ဟာ၊ သိပ်ခက်တာပေါ့။ ဒါပေမယ့် အမှန်အတိုင်း ပြောရရင် ခြေထောက်နေ ထုတ်ယူရတာ ပိုပြီး ခက်တယ်ဗျ"

.....

"ပညာရှိတစ်ယောက် ပြောဖူးတယ်။ တစ်ချိန်လုံး နေထိုင်ကောင်းချင်ရင် ကိုယ်မနှစ်သက်တဲ့ အရာနှစ်ခုကို နေ့တိုင်းလုပ်ပါတဲ့။ ဒီအကြံပေးချက်ကို တစ်သက်လုံး ကျွန်တော် လိုက်နာတယ်။ မနက်တိုင်း ကျွန်တော် အိပ်ရာကထတယ်။ ညနေတိုင်း အိပ်ရာဝင်တယ်။"
(ဂျိုနသန်ဆွစ်ဖ်)

.....

"လူတိုင်း အသက်ရှည်ရှည် နေချင်ကြတယ်။ ဒါပေမယ့် ဘယ်သူမှ မအိုချင်ကြဘူး"
(ဂျိုနသန်ဆွစ်ဖ်)

---

"တိရစ္ဆာန်တွေ အပေါ် ကျွန်တော်တို့ ကျူးလွန်တဲ့ အကြီးမားဆုံးအပြစ်ဟာ သူတို့ကို ကျွန်တော်တို့ သတ်ဖြတ်ခြင်း မဟုတ်ဘူး။ သူတို့ကို သွေးအေးအေးနဲ့သတ်ခြင်း (ဘားနတ်ရှော)"

.....

"အတွေ့အကြုံဆိုတာ ကိုယ့်ရဲ့ အမှားတွေနဲ့ ပတ်သတ်ပြီး လူက ပေးတဲ့ နာမည်"
(အော်စကာဝိုင်းလ်)

.....

"စကားကြီး စကားကျယ်တွေ မပြောနဲ့။ ကြီးကျယ်တိုင်း အဓိပ္ပါယ်ရှိတာ မဟုတ်ဘူး "(အော်စကာဝိုင်းလ်)

.....

ပြစ်သစ်စာရေးဆရာကြီး 'အင်ဒရေ၊ မိုရှုဝါး' ကို မေးသည်။
"ဂျူးလီယက်ဆီဇာနှင့် နပိုလီယံ ဘယ်သူက သမိုင်းဖြစ်စဉ်ကို ပိုပြောင်းပစ်နိုင်ခဲ့သလဲ"
"ယဉ်ကျေးမှု စတင်သည် ရှိကတည်းက သမိုင်းပညာရှင်တွေလောက် သမိုင်းကို ပြောင်းပစ်နိုင်တဲ့လူ မရှိဘူး"

.....

အမဲလိုက်နှင့် ငါးမျှား ဝါသနာ အလွန်ပါသော စာရေးဆရာကြီး ဟဲမင်းဝေးကို ဝိုင်းမေးကြသည်။
"မီးတိုင်ကို ရှေ့က ကိုင်သွားရင် ခြသေ့် မခုန်အုပ်ဘူး ဆိုတာ အမှန်ပဲလားဟင်"
"မီးတိုင်ကို ဘယ်လောက်အရှိန်နဲ့ ကိုင်သွားသလဲ ဆိုတဲ့အပေါ် တည်ပါတယ်"

.....

အင်္ဂလိပ် စာရေးဆရာကြီး ဘားနတ်ရှောကို မေးကြသည်။
"ဆရာကြီး ခင်ဗျာ၊ ဆရာကြီး အနေနဲ့ ဘယ်လောက် ဝင်ငွေရရင် စိတ်ပျော်ရွှင်ပါမလဲ"
"ကျွန်တော့် အိမ်နီးချင်းတွေ ပြောသလောက် ဝင်ငွေရရင် ပြောမယ်"

.....

ဘားနတ်ရှောကို မေးသည်။
"ဆရာကြီး ခင်ဗျာ။ အကယ်၍ ဆရာကြီးဟာ အခု အသက်ရှင်နေတာ မဟုတ်ဘူးဆိုရင် ဘယ်ခေတ်မှာ အသက်ရှင်ချင်ခဲ့မယ် ထင်ပါသလဲ"
"နပိုလီယံဘိုနာပတ်လက်ထက် ပြစ်သစ်နိုင်ငံ မှာ၊ အဲဒီတုန်းက လူတစ်ယောက်ကပဲ သူ့ကိုယ်သူ နပိုလီယံ ဖြစ်တယ်လို့ ယူဆခဲ့တယ်လေ"

.....

စုံထောက်စာရေးဆရာမကြီး 'အာဂါသာခရစ်စတီ' ကို မေးကြသည်။
"ဆရာမကြီး ခင်ဗျာ။ ဆရာမကြီးဟာ ဘာဖြစ်လို့ ရှေးဟောင်း သုတေသန ပညာရှင်ကို လက်ထပ်တာလဲ ခင်ဗျာ"
"ရှေးဟောင်းသုတေသနသမားဟာ မိန်းမတွေအတွက် အကောင်းဆုံး ယောကျ်ား။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဖြစ်တဲ့သူ အသက်ကြီးလာလေလေ။ ယောကျ်ားက စိတ်ဝင်စားလေလေ ဖြစ်လို့ပဲ"

.....

"ဆိုဗီယက် သားချော့သီချင်းဆိုမှတော့ ကလေးတွေ ကို နှိုးနိုင်ရမှာပေါ့"

.....

နာမည်ကြီး ရူပဗေဒ ပညာရှင် ပီ၊ အင်၊ လေးဘေးဒက်ဖ်။
"ကျွန်တော့် စာအုပ်ဗီရိုကို ကြည့်။ ကျွန်တော့်ထက် ပိုများတဲ့ ဗဟုသုတတွေကို စုထားတယ်။ ဒါပေမယ့် ရူပဗေဒ ပညာရှင်က သူ မဟုတ်ဘူး။ ကျွန်တော်"

.....

ပြဇာတ်ရေးဆရာတစ်ယောက်နှင့် ပတ်သက်၍ ဒါရိုက်တာ ဆိုလိုမွန်မီဟိုလ်၏ အကဲဖြတ်ချက်။
"သူရေးထားတဲ့ ပြဇာတ်မှာ အကုန်လုံးနီးပါး အမှန်တွေချည်းပဲ။ တိုက်နံပါတ် မှန်တယ်။ အိမ်ခန်းနံပါတ်လည်း မှန်တယ်။ ဒါပေမယ့် လမ်းက ဒီလမ်း မဟုတ်ဘူး"
.....

၎င်းကပင် ဝေဖန်ရေးဆရာတစ်ဦးနှင့် ပတ်သတ်၍ ဤသို့ ပြောသည်။
"ဝေဖန်ရေးသမားဆိုတာ မိမိကိုယ်တိုင်က သန့်ရှင်းရတယ်။ အဲ သူ့ကိုကြည့်စမ်း။ လက်မဆေးဘဲနဲ့ ဝေဖန်စာရေးတယ်"
.....

ပြဇာတ်မင်းသားတစ်ဦးကို မီဟိုလ်က ဝေဖန်ရာ တစ်စုံတစ်ယောက်က ကန့်ကွက်စကားပြောသည်။
"ကျွန်တော်ကြည့်တုန်းကတော့ သူသရုပ်ဆောင်တာ ကောင်းသားပဲဗျ"
မီဟိုလ်က ပြောသည်။

"ဖြစ်နိုင်ပါတယ်။ ရပ်နေတဲ့နာရီတောင် တစ်နေ့မှာ နှစ်ကြိမ် အချိန်မှန်မှန်ကို ပြကြသေးတာပဲ"

.....

တော်လှန်ရေး ကဗျာဆရာကြီး မာယာကော့စကီး ပထမဆုံး အကြိမ် ရေဒီယိုမှ တဆင့် အသံလွှင့်သည်။ မိုက်ကရိုဖုန်းကို ညွှန်ပြရင်း ၎င်းက ထုတ်လွှင့်ရေးမှူးကို မေးသည်။
"နားထောင်မယ့် ပရိသတ် အများကြီးပဲလား"
"တစ်ကမ္ဘာလုံးပါပဲ"
"အင်း၊ ဒီထက်များရင်လည်း မကောင်းပါဘူး"

မိမိအတွက် ဟာသအနည်းငယ် ရေးပေးပါ။ စတာလင်ပေါင် ငါးပေါင် (ထိုစဉ်က အလွန်များသည့် ပိုက်ဆံ) ပေးပါမည်ဟု ခပ်ညံ့ညံ့ လူ့ရှင်တော်တစ်ယောက်က စာရေးဆရာ ဂျယ်ရွမ်ဂျယ်ရွမ်ကို မေတ္တာရပ်ခံရာ ၎င်းက ဤသို့ ပြန်ပြောသည်။
"ဒီ စည်းကမ်းချက်ဟာ ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် မကောင်းဘူးဗျ။ ကျွန်တော့်ဆီမှာ စတာလင်ပေါင် ငါးပေါင် တွေ့ရင် ကျွန်တော်ခိုးတယ်လို့ ထင်ကြမယ်။ အဲ ခင်ဗျားဆီက ကောင်းတဲ့ ဟာသတွေကို ကြားကြရင် ခင်ဗျား ဒီ ဟာသတွေကို ခိုးခဲ့တယ်လို့ ထင်ကြမယ်ဗျာ"

.....

အမေရိကန် အာကာသလေသူရဲ မိုက်ကယ်ကောလင်းကပြောသည်။
" ယောကျ်ားတစ်ယောက်ဟာ တစ်နေ့မှာ ပျှမ်းမျှခြင်း စကားလုံးပေါင်း ၂၅၀၀၀။ မိန်းမတစ်ယောက်ဟာ စကားအလုံးပေါင်း ၃၀၀၀၀ ပြောတယ်လို့ စာရင်းအင်းတွေအရ သိရတယ်။ ခက်တာက ကျွန်တော် အလုပ်က ပြန်လာတဲ့ အချိန်မှာ စကားလုံးပေါင်း နှစ်သောင်းငါးထောင်ကို ကျွန်တော် ပြောပြီးနေပြီ။ အဲ မိန်းမကတော့ သူ့ရဲ့ စကားလုံး သုံးသောင်းကို ပြောဖို့ သိမ်းထားတုန်း။"

.....

စာအုပ်တစ်အုပ်နှင့် ပတ်သက်၍ ဝေဖန်ချက် ရေးပေးရန် သရော်စာရေးသည့် ဂျာမန်စာရေးဆရာ လခ်တင်တယ်ကို မေတ္တာ ရပ်ခံရာ ၎င်းက အောက်ပါအတိုင်း ခပ်တိုတို မှတ်ချက်ပေးလိုက်သည်။
" စာအုပ်ကို ပိတ်လိုက်သည်နှင့် ကျွန်တော် အလွန်အမင်း ကျေနပ်မှု ရသွားသည်။ ဤလို ကျေနပ်မှုမျိုးကို စာအုပ်ဖတ်နေသည့် တစ်ချိန်လုံးတွင် မခံစားရပါ"

.....

ပဲဟင်းစားနေသော စာရေးဆရာ 'ဒီယိုဂင်' ကို ကြီးပွားချမ်းသာနေသည့် အသိတစ်ယောက်က တွေ့ရာ 'ဘုရင်မင်းမြတ်ကို ခင်ဗျား မြှောက်ပင့်ချီးကျူးတက်မယ် ဆိုရင် အခုလို ပဲဟင်းစားနေရမယ် မဟုတ်ဘူး' ဟု ပြောလိုက်သည်။ ဒီယိုဂင် ဤသို့ ပြန်ဖြေသည်။
" ခင်ဗျားသာ ပဲဟင်းစားပြီး နေတတ်သွားမယ်ဆိုရင် ဘုရင်ကို မြှောက်ပင့်နေစရာ လိုတော့မယ် မဟုတ်ဘူးဗျ"

.....

ဘားနတ်ရှော ရေးသော ပြဇာတ်တစ်ခုကို ရုပ်ရှင်အဖြစ် ရိုက်ကူးခွင့် ပြုပါရန် ဟောဝုမှ ထုတ်ဝေသူများ အကြိမ်ကြိမ် မေတ္တာရပ်ခံရာ နောက်ဆုံးတွင် ဘားနတ်ရှောက ဤသို့ ပြောလိုက်သည်။
" ကောင်းပြီး၊ ကျုပ် သဘောတူတယ်။ ဒါပေမယ့် စည်းကမ်းချက် သုံးခုကို ထားမယ်။ ပထမအချက် – ပြဇာတ် နာမည်ကို အသုံးမပြုရဘူး။ ဒုတိယအချက် အကြောင်းအရာကို အခြေခံကစပြီး ပြောင်းပစ်ရမယ်။ တတိယအချက် – ရုပ်ရှင်မှာရော၊ ကြော်ငြာမှာပါ ကျွန်တော့် နာမည်ကို လုံးဝ မဖော်ပြပါနဲ့"

.....

စာအုပ်အဟောင်းဆိုင်တွင် မိမိရေးသော စာအုပ် တစ်အုပ်ကို မိမိ၏ လက်မှတ်နှင့် အတူ တွေ့လိုက်ရရာ ဘားနတ်ရှော ယူကြည့်သည်။ နယ်ရှိ သူငယ်ချင်းအား တစ်ချိန်တစ်ခါက လက်ဆောင်အဖြစ် ပေးပို့လိုက်ကြောင်း တရေးရေး ပြန်ပေါ်လာသည်။ သို့နှင့် ထိုစာအုပ်ကို ဝယ်လိုက်သည်။ ထို့နောက် 'ထပ်မံ သတိရစွာဖြင့်' ဆိုသော စာကို ရေးပြီး လက်မှတ်ထိုးလိုက်သည်။
ဤသည့်နောက်တွင် ဆိုခဲ့သည့် သူငယ်ချင်းထံ စာတိုက်မှ တစ်ဆင့် ပေးပို့လိုက်လေသည်။

.....

အလက်ဇန်ဒါဒူးမားသည် နာမည်ကြီး ဆရာဝန် 'ဂစ်စတားလ်' ၏ အိမ်တွင် ညစာ စားနေသည်။ ဧည့်သည်မှတ်တမ်း စာအုပ်တွင်တစ်ခုခု ရေးပေးရန် ဆရာဝန်ကြီးက မေတ္တာရပ်ခံရာ ဒူးမားက အောက်ပါအတိုင်း ရေးလိုက်သည်။
" မိသားစုတစ်ခုလုံးကို ဒေါက်တာ ဂစ်စတားလ် လိုက်လံ ဆေးကုပေးချိန်မှစ၍ ဆေးရုံများကို ပိတ်သင့်ပြီ ဖြစ်ပါသည်"
ဆရာဝန်ကြီးက စာကို ဖတ်ပြီး ပြောသည်။
" ဟာ ဒါ ကျွန်တော့်ကို မြှောက်ထားတာပဲ"

ထိုအခါ ဒူးမားပြုံးပြီး ဆက်ရေးသည်။
"၎င်းအစား သင်္ချိုင်းနှစ်ခု ဆောက်ရန် လိုပါသည်"

လန်ဒန် ဟော်တယ်တစ်ခုသို့ မက်ခ်တွိမ်း ရောက်လာသည်။ ဧည့်သည်များ
မှတ်တမ်းစာအုပ်တွင် 'Lord M နှင့် ၎င်း၏အစေခံ ဟု ရေးထားသည်ကို တွေ့ရာ
မက်ခ်တွိမ်းက အောက်ပါအတိုင်း ရေးလိုက်သည်။
မက်ခ်တွိမ်းနှင့် ၎င်း၏ သေတ္တာ ဟူ၍ဖြစ်သည်။

.....

မိဘနှစ်ပါးသည် အလွန် 'ဒုံးဝေး' သူများ ဖြစ်ကြောင်း လူငယ်တစ်ယောက်က ငြီးငြူရာ
မက်ခ်တွိမ်းက ပြောသည်။
"သည်းခံ ကိုယ့်လူ။ ငါ ၁၄–နှစ်သား အရွယ်တုန်းက ဆိုရင် ငါ့အဖေ 'တုံး' လွန်းလို့ ငါကို
စိတ်ကို တော်တော် ထိန်းခဲ့ရတယ်။ အဲ ငါ ၂၅–နှစ်လည်း ပြည့်ရော ဒီအဖိုးကြီး အသိဉာဏ်
အင်မတန် တိုးတက်လာတာကို ကြည့်ပြီး ငါတော့်တော်ကို အံ့သြသွားရတယ်"

.....

နာမည်ကြီး ဆရာဝန်တစ်ယောက်က စိတ္တဇပန်းချီဆရာကြီး ပီကာဆိုကို ပြောသည်။
"လူရဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံကို နားလည်တဲ့ လူတစ်ယောက်အနေနဲ့ ပြောရရင် ခင်ဗျားရဲ့
ပန်းချီကားချပ်တွေထဲက လူတွေကို ကြည့်ပြီး ဝမ်းနည်းနေရတယ်။ စိတ်ရှုပ်ရတယ်ဗျာ"
"ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ခင်ဗျားသိထားသင့်တာက ကျွန်တော့် 'လူ' တွေဟာ ခင်ဗျားရဲ့
လူနာတွေထက် အသက်ပိုရှည်ထယ်ဗျ"

.....

ပီကာဆို၏ အလုပ်ခန်းသို့ စာပို့လုလင်အသစ်ရောက်လာပြီး ပန်းချီဆရာကြီးအတွက် စာကို
ကမ်းပေးသည်။ ထို့နောက် အခန်းထဲရှိ ပန်းချီကားချပ်များကို ကြည့်ပြီး ပြောသည်။
"လူကြီးမင်းရဲ့ သားဟာ အင်မတန် ထူးချွန်တဲ့ ကောင်လေးပဲနော်"
ပီကာဆို အံ့သြတကြီး ပြန်မေးသည်။
"မောင်ရင် ဘာဖြစ်လို့ အဲသလို ထင်တာလဲ"
"ကလေးပန်းချီကားတွေ အများကြီးကို ကျွန်တော် မြင်နေရတာပဲ ဉစ္စာ"

.....

ပီကာဆိုနေသည့် အိမ်၏ နံရံများတွင် ၎င်းကိုယ်တိုင်ရေးဆွဲသော ပန်းချီကားချပ်တစ်ချပ်မှ
ချိတ်ထားခြင်း မရှိသည်ကို တွေ့ရသော အခါ မိတ်ဆွေများက ဝိုင်းမေးကြသည်။
"ဘာလဲ။ ကိုယ်ဆွဲတဲ့ ပုံကို ကိုယ် ကိုယ်တိုင်က မကြိုက်လို့လားဗျ"

"ကြိုက်ပါတယ်။ ဒါပေမယ့် ဒီကားချပ်တွေကို ဝယ်ဖို့ ပိုက်ဆံ မရှိဘူးဗျ"

.....

မြို့စားကြီး ဂါလိစင် ( ရုရှား ) ကို ပန်းချီဆရာ တစ်ယောက်နှင့် ပတ်သက်၍ ဤသို့ မေးသည်။
"ဒီ ပန်းချီဆရာဟာ လူပုံတွေ ဆွဲတာ သိပ်လှတာပဲ ဒါပေမယ့် ဘာဖြစ်လို့ သူ့ကလေးတွေကျတော့ အရုပ်ဆိုးရတာလဲ"
"လူပုံတွေကို နေ့ခင်းမှာ သူ ဆွဲတယ်လေ"

.....

ပီကာဆို၏ စတူဒီယိုထဲသို့ ( သန္တားဇ ပန်းချီကားတစ်ချပ်ကို လက်ညှိုးထိုးကာ 'ဒီကားမှာ ဘာရေးထားသလဲရှင့်' ဟု မေးလိုက်ရာ ပီကာဆိုက 'ဒေါ်လာ နှစ်သိန်း' ဟု ပြန်ဖြေလိုက်သည်။

---

*ဆိုဗီယက်စာရေးဆရာ မီခေးလ်စဗက်လော့၏ အဆိုအမိန့်အချို့။*

"ပိုက်ဆံချေးရင် အဆိုးမြင်သမားတွေဆီမှာပဲ ချေး။ အဲဒီ ပိုက်ဆံကို ပြန်မရဘူးဆိုတာ သူတို့ ကြိုသိပြီးသား"

.....

"ဇရာဆိုတာ သွားတဲ့ ဆီးရဲ့ ထက်ဝက်ကို ဆေးစစ်ဖို့ အတွက် ပို့ရတဲ့ ဘဝ အစိတ်အပိုင်းကို ပြောတာ"

.....

"ကျောက်ပုဇွန်ရဲ့ အနာဂတ်ဟာ နောက်မှာပဲ ရှိတယ်"

.....

ကဗျာဆရာတစ်ဦးနှင့် ပတ်သက်၍ စဗက်လော့ ဤသို့ ပြောသည်။
"သူဟာ ဘီယာခွက်နဲ့ တူတယ်။ မသောက်ခင် အမြှုပ်ကို မှုတ်ပစ်ရတယ်"

.....

မောလ်ဒေးဗီးယား ကဗျာဆရာတစ်ဦး၏ ကဗျာတစ်ပုဒ်ကို စဗက်လော့ ရုရှားဘာသာသို့ ပြန်ဆိုသည်။ ထို ကဗျာဆရာက စဗက်လော့ထံ တစ်ချိန်လုံး ဖုန်းဆက်ပြီး ၎င်း၏ ကဗျာကို

အမြန်ဆုံး ပုံနှိပ် ဖော်ပြရန် အကြိမ်ကြိမ် နားပူနားဆာ လုပ်သည်။ နောက်ဆုံးတွင် စဗက်လော့က ပြန်ပြောသည်။
"ခင်ဗျား ကျုပ်ကို ထပ်ပြီး နားပူနားဆာ လုပ်နေမယ်ဆိုရင် ခင်ဗျား ကဗျာကို ကျုပ် မော်လ်ဒေးဗီးယားဘာသာဆီ ထပ်ပြန်ပလိုက်မယ်။ နားလည်လား"

.....

စဗက်လော့တွင် အားနည်းချက် တစ်ခုရှိသည်။ ၎င်းမှာ အရက်ကြိုက်ခြင်း ဖြစ်သည်။ တစ်နေ့တွင် ၎င်း၏ မိတ်ဆွေများက ပြောသည်။
"ဟေ့လူ။ အရက် သိပ်မသောက်ပါနဲ့ဗျ။ ကျန်းမားရေးက ထိခိုက်မယ်ဗျ"
"ဘာဖြစ်လို့လဲ။ အရက်ဟာ သွေးကြောကို ကျယ်ပြန့် စေတယ်လေ"
"ဒါပေမယ့် နောက်ကျရင် သွေးကြောတွေ ပြန်ကျုံ့သွားတယ် ဆိုတာလည်း မမေ့နဲ့လေ"
"သူတို့ကို ကျုံ့ခွင့် ကျုပ်မပေးပါဘူးဗျ"

.....

ရုရှား စာရေးဆရာကြီး အန်တွန်ချက်ကော့သည် ၎င်းအား ရစရာမရှိအောင် ဝေဖန်ထားသော ဆောင်းပါးတစ်ပုဒ် ကို သတင်းစာ တွင် ဖတ်လိုက်ရသည်။ 'ချက်ကော့သည် ဆရာဝန် မဟုတ်။ သာမန် တိရစ္ဆာန် ဆရာဝန်သာ ဖြစ်သည်' ဆိုသော စာပိုဒ်ကို ၎င်း အခံရခက်ဆုံး ဖြစ်သည်။
သို့နှင့် ချက်ချင်း ပြန်လည် ဖြေကြားလိုက်သည်။
"ဆောင်းပါးရှင်သည် ၎င်းအား ကျွန်ုပ် ကုသဖူးသည် မဟုတ်ပါဘဲနှင့် အဘယ်ကြောင့် ကျွန်ုပ်အား တိရစ္ဆာန် ဆရာဝန်ဟု ခေါ်ရပါသနည်း"

---

## ၆၄။ ထုတ်ယူဆင်ခြင်နည်း (Deductive Method)

စာရေးဆရာကြီး ကော်နွန်ဒွိုင်းလ်သည် ၎င်း၏ ဝတ္ထုထဲက အဓိကဇာတ်ကောင် ရှားလော့ဟုမ်းစ် ကဲ့သို့ပင် ဖြတ်ထိုးဉာဏ် ကောင်းမကောင်းကို စမ်းသပ်ကြည့်ရန် ၎င်း၏ မိတ်ဆွေတစ်ဦး ဆုံးဖြတ်လိုက်သည်။
တစ်နေ့ ထိုမိတ်ဆွေ၏ အိမ်သို့ ကော်နွန်ဒွိုင်းလ် အလည်ရောက်လာသောအခါ မိတ်ဆွေက မေးသည်။
"လွန်ခဲ့တဲ့ မိနစ်ပိုင်းအတွင်း ဒီမှာ ဘာဖြစ်ခဲ့သလဲဆိုတာ သိသလား"

""
"မှန်လိုက်လေ။ ဒါနဲ့ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲဗျ"
"ရှင်းရှင်းလေပဲ။ ကုလားထိုင်တွေကို ကြည့်လိုက်လေ။ မိန်းမ ဖိနပ်ရာတွေချည်း မဟုတ်လား"

### ၆၅။ အထောက်အကူ

ကော်နွန်ဒွိုင်းလ် ပဲရစ်သို့ ရောက်လာသည်။ အငှားကားဖြင့် တည်းခိုမည့် ဟော်တယ်သို့ သွားသည်။ ရောက်သောအခါ ကားမောင်းသမားကို ပိုက်ဆံပေးသည်။ ကားသမားက ပြောသည်။
"ကျေးဇူးတင်ပါတယ်။ ဆာကော်နွန်ဒွိုင်းလ်"
"ကျုပ် ဘယ်သူဆိုတာ ခင်ဗျားဘယ်လိုလုပ် သိသလဲဗျ"ကော်နွန်ဒွိုင်းလ် အံ့အားသင့်စွာ ပြန်မေးသည်။
"ဒီလိုပါခင်ဗျာ။ သတင်းစာတွေရဲ့ ရေးသားဖော်ပြချက်အရ ပြစ်သစ်ပြည် တောင်းပိုင်ကနေ လူကြီးမင်း ပဲရစ်ကို ရောက်လာမယ်လို့ မျှော်လင့်ထားကြပါတယ်။ အခု လူကြီးမင်း ဝတ်ထားတဲ့ အဝတ်အစား၊ အထူးသဖြင့် ဆောင်းထားတဲ့ ဦးထုပ်၊ ပြီးတော့ လူကြီးမင်း ထီးကို ကိုင်ထားတာကို ကြည့်ပြီး လူကြီးမင်းဟာ အင်္ဂလိပ်လူမျိုး ဖြစ်လိမ့်လို့ ကျွန်တော် ခန့်မှန်းနိုင်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဆိုခဲ့တဲ့ အချက်တွေအပေါ်မှာ ထပ်စဉ်းစားလိုက်တော့ လူကြီးမင်းဟာ ဆာကော်နွန်ဒွိုင်းလ် ဖြစ်ရမယ်လို့ ကောက်ချက်ချရပါတယ်"
"ခင်ဗျားရဲ့ စဉ်းစားပုံ စဉ်းစားနည်း လုလိုက်လေဗျာ။ ရှိတဲ့အချက်တွေ နည်းပေမယ့်လည်း ခင်ဗျား အတိအကျ ခွဲခြားစိတ်ဖြာလိုက်နိုင်တယ်ဗျာ။ ခင်ဗျားကို ချီးကျူးပါတယ်။ ခင်ဗျား အင်မတန် တော်တယ်။"
"ဟုတ်ကဲ့။ ပြီးတော့လည်း လူကြီးမင်း သေတ္တာမှာ ချိတ်ထားတဲ့ နာမည်ကပ်ပြားကလည်း ကျွန်တော့်ကို အထောက်အကူ ပြုလိုက်ပါတယ် ခင်ဗျာ"

### ၆၆။ စိုသောလက် မခြောက်စေနဲ့

ဂျာမန်မြို့စားကြီးတွင် အရွယ်ရောက်သော သမီး သုံးယောက် ရှိခဲ့သည်။ သုံးယောက်စလုံး အိမ်ထောင်ပြုသင့်နေကြပြီး ဖြစ်သည်။ သို့သော် ဘယ်သမီးကို အရင် ယောကျ်ား ပေးစားရမည်နည်း ဆိုသည်နှင့် ပတ်သက်၍ မြို့စားကြီး ဝေခွဲမရနိုင် ဖြစ်နေသည်။ သို့နှင့် တစ်နေ့တွင် သမီး သုံးယောက်စလုံးကို ခေါ်ပြီး ပြောသည်။
"ကိုင်း သမီးတို့ရေ။ သမီးတိုကို ဖေဖေ တစ်ခု ပြောချင်တယ်။ ဟောဒီ ရေဖလားက ရေနဲ့ သမီးတို့ရဲ့ လက်ကို ဆေးလိုက်ကြပါ။ လက်ကို အဝတ်နဲ့ လုံးဝမသုတ်ဘဲ ဒီအတိုင်းထားပါ။ လက်အရင်ခြောက်တဲ့ သမီးကို ဖေဖေ အရင် အိမ်ထောင် ပြုပေးမယ်"
အမီးများ ၎င်းတို့၏လက်ကို ရေနှင့် ဆေးလိုက်ကြသည်။ သမီးကြီး နှစ်ယောက်က အဖေ ပြောသည့်အတိုင်း အေးအေးလေး ကိုင်ကာ လက်ခြောက်မည့် အချိန်ကို စောင့်သည်။ သမီး အငယ်ဆုံးကမူ လက်နှစ်ဘက်ကို ရမ်းပြီး

"ယောက်ျား မယူချင်ဘူး။ ယောက်ျား မယူချင်ဘူး" ဟု တစ်ချိန်လုံးအော်သည်။
၎င်း၏လက် အရင်ခြောက်သွားသည်။
သမီးထွေးကို မြို့စားကြီး လင်ပေးစားလိုက်သည်။
*သင်ခန်းစာ။ စိုသောလက်ကို မခြောက်စေနှင့်။*

## ၆၇။ ဝီစကီ သောက်ချင်တယ်

ကိုဘမောင် အသက် ထောက်လာပြီ။
ကျန်းမာရေး သိပ်မကောင်းချင်တော့။
တစ်နေ့ ဆူးလေ ဘုရားလမ်းပေါ် လျှောက်ရင်း မိုက်ကနဲ ဖြစ်ကာ သတိမေ့ လဲကျသွားသည်။
လူများ ဝိုင်းလာကြသည်။
လူအုပ်ထဲမှာ ဆရာဝန်ဖြစ်ဟန်တူသော အမျိုးသမီးကြီး တစ်ဦးက ပြောသည်။
"ဝီစကီရှိရင် သူ့ပါးစပ်ထဲကို လေးငါးစက်လောက် လောင်းထည့်ပေးလိုက်ပါ"
ရုံးစာရေးဖြစ်ဟန်တူသော ပင်နီတိုက်ပုံဝတ်ထားသူ အမျိုးသားကမူ
"သူ့ကို လေကောင်းကောင်း ရှူပါစေ။ သူ့ကို ဝိုင်းအုံ မထားပါနဲ့" ဟု အော်ပြောသည်။
ပင်စင်စားအဘိုးကြီးတစ်ဦးက စိုးရိမ်တကြီး ဝင်ပြောသည်။
"သူ့ကို ဆေးရုံအမြန်ပို့ပါ။ သူ့ကို ဆေးရုံ အမြန်ပို့ပါ"
ကိုဘမောင် တဖြည်းဖြည်း သတိရလာပြီး မျက်လုံးကို ဖွင့်လိုက်သည်။ ထို့နောက်
ရှင်းလင်းပြတ်သားသော အသံဖြင့် အားလုံးကို ကြားလောက်အောင် ပြောလိုက်သည်။
"ခင်ဗျားတို့အားလုံး ပါးစပ်ကို ပိတ်ထားကြစမ်း။ စောစောက အမျိုးသမီးပြောတဲ့အတိုင်း
လုပ်ပါဗျ"

## ၆၈။ အကျင့်ပါနေတာကိုး

"အရှောင်အတိမ်း အင်မတန် ကောင်းတယ်လို့ နာမည်ကြီးနေတဲ့ ဆိုဗီယက် စပိုင်ကို ဗြိတိသျှ
ထောက်လှမ်းရေးတပ်ဖွဲ့က လန်ဒန်မှာ ဖမ်းမိတယ်လို့ ကြားရတယ်။ ဘယ်လိုလုပ်ပြီး
မိသွားတာလဲဗျ"
"မြို့ပေါ်မှာရှိတဲ့ အများသုံး အိမ်သာတွေရှေ့မှာ မသိမသာ အစောင့်ချထားလိုက်တယ်။
အိမ်သာထဲက ထွက်လျှောက်ရင်း ဘောင်းဘီဇစ်ကို ဆွဲပိတ်တဲ့လူကို တွေ့ရင် ဖမ်းဖို့
အမိန့်ပေးလိုက်တယ်"

## ၆၉။ မှားယွင်းမှု

ပဲရစ်မြို့ရှိ မြို့နယ်ရဲစခန်း
စခန်းမှူးကို လူတစ်ယောက်က တောင်းပန်သောအသံဖြင့် ပြောသည်။
"စခန်းမှူးခင်ဗျာ။ ကျွန်တော့် မိန်းမရဲ့ စိန်ဘယက်ကို ကျွန်တော် ပြန်တွေ့ပါပြီ။ မနေ့က
သူခိုးခံရတယ်လို့ ကျွန်တော် လာတိုင်မိပါတယ်။ အဲဒီ တိုင်ကြားချက်ကို ကျွန်တော်
ပြန်ရုပ်သိမ်းပါရစေ။ ကျွန်တော် ဆန္ဒစောမိပါတယ်"

"ဆောရီးပဲ၊ ခင်ဗျား နောက်ကျသွားပြီး။ ကျွန်တော်တို့ ဖမ်းထားတဲ့လူက သူခိုးပါတယ်လို့ ဖြောင့်ချက်ပေးပြီးပြီးဗျ"

---

**၇၀။ ကျေးဇူးရှင်**

အသက် ၁၀၀– ပြည့်ပြီးဖြစ်သော ဘွားသက်ရှည်ကို သတင်းထောက်က မေးသည်။
"အဘွား ဒီလောက်အထိ အသက်ရှည်တာ ဘာကြောင့်ပါလဲ။ နည်းရှိရင် ပြောပြပါလား ခင်ဗျာ"
"အဘွားယောကျ်ားရဲ့ ကျေးဇူးကြောင့် အခုလို အသက်ရှည်တာပါ။ တကယ်ပါ။ သူ့ရဲ့ကျေးဇူး ကြီးလှပါပေတယ်။ အင်း.... သူ့ခမြာ အသက် ၃၅– နှစ်ပြည့်တဲ့နေ့မှာ သေသွားရှာတယ်ကွယ်"

**၇၁။ ကျည်ဆန်ကုန်ပြီ**

ကောင်းဘွိုင်ကို ရက်အင်းဒီးယန်းတွေ လိုက်သည်။ သေနတ်နှင့် ပစ်ရင်း ကောင်းဘွိုင် ပြေးသည်။ နောက်ဆုံးတွင် ၎င်း၏ ခြောက်လုံးပြူး၌ ကျည်တစ်တောင့်သာ ကျန်တော့သည်။
"ငါ ကိစ္စချောမှာ သေချာပြီ" ဟု ကောင်းဘွိုင်တွေးပြီး မထူးတော့ ဟု ဆုံးဖြတ်ကာ သေနတ်ပြောင်းကို နားထင်နား တေ့လိုက်သည်။
ကိုယ်စောင့်နတ်က တိုးတိုးလေးပြောသည်။
"ကိစ္စမချောသေးဘူး။ ကျန်တဲ့ကျည်နဲ့ ရက်အင်းဒီးယန်းတွေရဲ့ အကြီးအကဲကို ပစ်လိုက်"
ကောင်းဘွိုင် သေသေချာချာ ချိန်ပြီး ပစ်လိုက်သည်။ အရိုင်းတွေ၏ အကြီးအကဲ မြင်းပေါ်မှ ကျသည်။ ကိုယ်စောင့်နတ် တိုးတိုးလေး ပြောသည်။
"အခုမှ ကိစ္စချောမယ်။ ပြင်ထားပေတော့"

---

**၇၂။ သံအမတ်ကြီး**

သံရုံးဧည့်ခံပွဲ တစ်ခုတွင်ဖြစ်သည်။
ကြွရောက်လာသော ဧည့်သည်တော်တို့၏ အမည်ကို အသံချဲ့စက်မှတဆင့် ကြေညာသည်။

"ဗြိတိသျှ သံအမတ်ကြီးနဲ့ ၎င်း၏ဇနီး ကြွရောက်လာပါတယ်"
"အီတလီသံအမတ်ကြီးနဲ့ ၎င်း၏ဇနီး ကြွရောက်လာပါတယ် "
"ဂျာမန်သံအမတ်ကြီးနဲ့ ၎င်း၏ဇနီး ကြွရောက်လာပါတယ် "
"ပြင်သစ်သံအမတ်ကြီးနဲ့ စပိန်သံအမတ်ကြီးရဲ့ ဇနီး ကြွရောက်လာပါတယ်"

**၇၃။ ရထားပေါ်မှအဆင်း**

ပြင်သစ်၊ အင်္ဂလိပ်နှင့် ရုရှားတို့၏ ခြားနားချက်။

ပြစ်သစ် – ရထားပေါ်မှ အဆင်းတွင် တစ်ခုခု မေ့ကျန်ခြင်းမရှိကို လုံးဝ မစစ်ဆေး။
အင်္ဂလိပ် – ရထားတွဲတွင် ကိုယ့်ပစ္စည်း ဘာများ ကျန်နေပါလိမ့် ဆိုသည်ကို ပြန်စစ်သည်။
ရုရှား – ကိုယ့်ပစ္စည်းကို ကောက်သိမ်းသည်။ ထို့နောက် သခြား ခရီးသည်တွေ ဘာများ မေ့ကျန်ခဲ့ပါလိမ့် ဆိုသည်ကို လိုက်ကြည့်သည်။

## ၇၄။ နောက်ဆုံးဆန္ဒ

ဒအမေရိကန် အကျဉ်းထောင်တွင်ဖြစ်သည်။
သေဒဏ်အပြစ်ပေးခံရသူ၏ အခန်းထဲသို့ ထောင်ကြပ် ဝင်လာပြီး ပြောသည်။
"မနက်ဖြန် လျှပ်စစ်ကုလားထိုင်မှာ မထိုင်ခိုင်းခင် နောက်ဆုံးဆန္ဒ ဘာရှိသလဲလို့ ခင်ဗျားကို မေးလိမ့်မယ်"
"အဲဒါ ဘာဖြစ်လဲ"
"ခင်ဗျားအတွက်ကတော့ ဘာမှ မထူးပါဘူး။ အဒါကြောင့် ခင်ဗျားရဲ့ နောက်ဆုံးဆန္ဒအဖြစ်နဲ့ ကျွန်တော့်လစာကို တိုးပေးဖို့ ပြောပေးပါဗျာ"

## ၇၅။ သေဒဏ်

လူသတ်မှု ကျူးလွန်ခဲ့သော ရာဇဝတ်သား သုံးဦးကို ကြိုးဆွဲချပြီး မသေမချင်း သတ်ရန် ရုံးတော်က အမိန့်ချလိုက်သည်။
ပင်လယ်ကမ်းခြေ တစ်နေရာတွင် ကြိုးဆွဲချသတ်မည့် တိုင်သုံးတိုင်၌ ကြိုးကွင်းသုံးခုကို ချည်ထားလိုက်သည်။
လူဆိုးနှစ်ဦး၏ ချမ်းသာသော ဆွေမျိုးများက ပါးကွက်သားကို လာဘ်ထိုးလိုက်သည်။ သို့နှင့် ၎င်းတို့အတွက် လျာထားသော ကြိုးကွင်းနှစ်ခုကို ပါးကွက်သားက မပြတ်ရုံတမယ် ဓားနှင့် လှီးလိုက်သည်။
သတ်မည့်နေ့ ရောက်လာသည်။
ဖော်ပြပါ လူဆိုးနှစ်ဦးကို ပါးကွက်သားက အရင် 'သတ်' ဖို့လုပ်သည်။ ကြိုးကွင်းပြတ်ပြီး လူဆိုးနှစ်ယောက်စလုံး ရေထဲကျသည်။ ရေကူးပြီး ၎င်းတို့ လွတ်မြောက်သွားကြသည်။
ဤသည်ကို ကြည့်ပြီး ကျန်နေသည့် လူဆိုးက စိုးရိမ်တကြီး ပြောသည်။
"ဟေ့လူ၊ ကျုပ်ကိုတော့ မကျိုစားနဲ့နော်။ ကျုပ် ရေမကူးတတ်ဘူးဗျ"

## ၇၆။ ရွေးချယ်မှု

အမေရိကန် အမျိုးသမီးနှစ်ယောက် စကားပြောနေကြသည်။
"အိုင့်ယောကျာ်း ကို အိုင် အကြီးအကျယ် စိတ်ပျက်စ ပြုလာပြီ။ ကြည့်လေ။ ဒေါ်လာ တစ်သန်းနဲ့ ကျွန်မကို ကြိုက်တာရွေးလို့ ပြောရင် ရှင် ဘာရွေးမလဲလို့ တစ်နေ့က အိုင်

မေးလိုက်တော့ ဒေါ်လာတစ်သန်းကို ရွေးမှာ ပေါ့တဲ့"
"ယူကလည်း သူရွေးတာ မှန်သားပဲ။ ဒေါ်လာ တစ်သန်းရတဲ့နောက် ယူ့ကိုပါ သူရတော့မှာပေါ့"

## ၇၇။ ဘဝပျက်ပြီ

ငယ်ရွယ်သေးသော အင်္ဂလိပ်မင်းမျိုး မင်းနွယ်တစ်ဦး ချွတ်ခြုံကျက မွဲသွားသည်။ အဘိုးလက်ထက်ကတည်းက အမှုထမ်းလာသော အစေခံကြီးကို ပြောသည်။
"ကျွန်တော့် ရှေ့ရေးကို မတွေးရဲအောင် ဖြစ်နေပြီ"
"ဝမ်းနည်းပါတယ် သခင်လေး"
"အိမ်ထဲမှာ ဘိုး ဘေ ဘီ ဘင် လက်ထက်ကတည်းက ထားခဲ့တဲ့ နာမည်ကျော် ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားချပ်တွေ ရှိတယ်။ ကျွန်တော့် အမျိုးအနွယ်တွေရဲ့ ပုံတူကားချပ်တွေပဲ။ အဲဒါတွေကို ရောင်းလိုက်ရင် ပိုက်ဆံ အများကြီး ရဖို့ရှိတယ်။ တစ်ချိန်တည်းမှာ ကိုယ့်အမျိုးအနွယ်တွေရဲ့ ပုံကို ရောင်းစားရတယ်ဆို အင်မတန် ရှက်စရာကောင်းတယ်။ ဒါကြောင့် ဒီလိုလုပ်ရမယ်။ ဒီကားချပ်တွေကို ကော်ပီသွားကူးလိုက်။ အဲဒါဆို ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး"
"မဖြစ်နိုင်တော့ပါဘူး သခင်လေး"
"ဘာဖြစ်လို့လဲ"
"သခင်လေးရဲ့ ခမည်းတော်အမိန့်နဲ့ ကျွန်တော် ကော်ပီ ကူးခဲ့ပြီး ဖြစ်လို့ပါ"

## ၇၈။ မကစားတာ ကြာပေလို့

ဗိမ်ခံသဘော်ပေါ်တွင် ဖြစ်သည်။
သဘော်ကုန်းပတ်၌ လူကြီးလူကောင်း နှစ်ယောက် ဆုံမိကြသည်။ တစ်ယောက်က ပြောသည်။
"ပျင်းစရာကောင်းလိုက်တာဗျာ။ ဖဲကစားကြရင် မကောင်းဘူးလား မိတ်ဆွေ"
"ကစားတာပေါ့။ ဒါပေမယ့် ကျွန်တော် ဖဲချပ်တွေ မကိုင် ဖြစ်တာ ၁၅– နှစ် ရှိပြီဗျ"
"ကိစ္စမရှိဘူး။ ကျွန်တော်လည်း မကစားတာ နှစ် ၂၀– နှစ်ရှိပြီ"
ပထမလူ ဖဲထုပ်ကို ကလဖန်းထိုးလိုက်သည်။ ထို့နောက် ညာဘက် ဖဝါးပေါ် တင်လိုက်သည်။ လက်ဖြင့် ချိန်ကြည့်သလို လုပ်ပြီး ပြောသည်။
"ဖဲတစ်ချပ် လိုနေတယ်ဗျ"
ဒုတိယလူလည်း ဖဲထုပ်ကို ယူကာ လက်ပေါ် ချိန်ကြည့်ဟန် လုပ်သည်။ ထို့နောက် ဖြည့်ပြောသည်။
"ဟုတ်တယ်။ စပိတ်ကင်းဗျ"

## ၇၉။ ဟောက်သံ

မော်စကိုမြို့တွင် ဖြစ်သည်။
ည ၁၂- နာရီ အချိန်ခန့်တွင် သူငယ်ချင်းနှစ်ယောက် တယ်လီဖုန်းထဲမှ စကားပြောနေကြသည်။
"ဟော့။ အီဗန် ဘာလဲ။ မင်း အိပ်ပျောက်သွားပြီးလားကွ"
"အိပ်မပျော်ပါဘူး။ ဘာဖြစ်လို့ မင်း ဒီလို မေးရတာလဲ"
"တယ်လီဖုန်းခွက်ထဲကနေ ဟောက်သံကို ကြားလိုက်ရလို့"
"ဒါများ အဆန်းလုပ်လို့။ ငါလည်း ကြားနေရတာပဲ"
"ဟုတ်လား။ အဲဒါဆို သဘောပေါက်ပြီး၊ နိုက်ဂျုတီ ကျတဲ့ ကေဂျီဘီ ဝန်ထမ်းရဲ့ ဟောက်သံ ဖြစ်မယ်"

## ၈၀။ စော်ကားခံရခြင်း

အလွန်ဝသော မိန်းမကြီးတစ်ယောက် ကားမှတ်တိုင်အနားတွင် ရပ်နေသည့် ရဲသားဘက် ခပ်သွက်သွက်လေး လျှောက်လာပြီး ပြောသည်။
"အခုထွက်သွားတဲ့ ဘက်စ်ကားရဲ့ စပယ်ယာနဲ့ ပတ်သတ်ပြီး ကျွန်မ တိုင်ချင်တယ်။ သူ အင်မတန် ရိုင်းတယ်ရှင့်"
"ဘယ်လို ရိုင်းတာလဲ"
"ကားမှတ်တိုင်တွေ ရောက်တိုင်းမှာ စောင့်နေတဲ့ လူတွေကို 'နေရာလွတ်မရှိဘူး' လို့ပြောတယ်။ အဲအခု မှတ်တိုင်မှာ ကျွန်မ ဆင်းလိုက်တော့ နေရာလွတ် သုံးနေရာ ရှိတယ်လို့ သူအော်ပြောတယ်ရှင့်"

---

## ၈၁။ လပေါ်မှာ

လကမ္ဘာမှ ပြန်ရောက်လာကြသော အမေရိကန် အာကာသ ယာဉ်မှူးတို့ကို သတင်းထောက်များကို ဝိုင်းမေးကြသည်။
"အခုတစ်ခေါက် လပေါ်မှာ ဘာများ အသစ်အဆန်း တွေ့ရှိခဲ့သလဲ"
"သက်ရှိနှစ်ယေက်ကို တွေ့တယ်။ ကျုပ်တို့လို လူတွေပဲ။ တစ်ခုပဲရှိတယ်။ ခြေအိတ်မပါဘဲ ဖိနပ်ကို စီးထားတယ်။ အတွင်းခံမပါပဲ ဆောင်းဘီရှည်ကို ဝတ်ထားတယ်။
ပါးသိုင်းမွေးတွေနဲ့။ ပြီးတော့ ကျွန်တော်တို့ဆီက စီးကရက် တောင်းသောက်တယ်။"

"သဘောပေါက်ပြီ။ လပေါ်ကို ရုရှားတွေလည်းရောက်သွားကြတာကိုး"

## ၈၂။ တစ်အိမ်လိုနေတယ်

မကြာမီကမှ လက်ထပ်လိုက်သော ဆရာဝန်ထံ ၎င်း၏မိတ်ဆွေများက ပိုကာကစားရန် ဖိတ်ခေါ်သည်။
'အရေးပေါ် ဆင့်ခေါ်တဲ့ဖုန်းကွ ' ဟု ပြောပြီး ဆရာဝန် တယ်လီဖုန်းကို ချလိုက်သည်။ အဝတ်အစားကို အမြန်ကောက်ဝတ်သည်။
'အခြေအနေ သိပ်စိုးရိမ်စရာများလား မောင်' ဇနီးသည်က မေးသည်။
"ဟုတ်တယ်။ ဆရာဝန်လေးယောက်တောင် ရောက်နေကြပြီ"

## ၈၃။ အစားထိုးလို့ မရဘူး

အဆိုသင်တန်းလာတက်သော အမျိုးသမီးက သင်တန်းဆရာကို မျှော်လင့်တကြီး မေးသည်။
"ဆရာ၊ ကျွန်မရဲ့ အသံကို တစ်နေရာရာမှာ အသုံးချလို့ ရပါ့မလားဟင်"
"ဟာ ရတာပေါ့။ မီးလောင်တဲ့အခါ ဒါမှမဟုတ် သဘော်ပျက်တဲ့အခါမှာ ခင်ဗျားလို အသံမျိုးကို အစားထိုးလို့ မရဘူး"

## ၈၄။ လူကြီးနဲ့ လူငယ်

လူကြီးများသည် ယခုခေတ်လူငယ်များကို အမျိုးမျိုး အပြစ်တင်နေကြရာ အသက် ၈၀- အရွယ်ရှိ အဘွားမြ၏ လူငယ်တွေအပေါ်အမြင်မှာ တစ်မျိုးထူးဆန်းနေသည်။ သူပြောပုံကိုလည်း ကြည့်ပါဦး။
"လွန်ခဲ့တဲ့ အနှစ် ၆၀- ကဆိုရင် လမ်းပြင်ထွက်တယ်ဆိုတာနဲ့ ရည်းစားစကား လိုက်ပြောတဲ့ အကောင်နဲ့။ မျက်လုံး ကျွတ်မတက် ငမ်းတဲ့ အကောင်နဲ့။ လွတ်ကို မလွတ်လပ်ဘူး။ အခုခေတ် လူငယ်တွေဟာ အရင်လူငယ်တွေထက် ပိုပြီး ယဉ်ကျေးတယ်။ ကြည့်လေ။ ကျုပ် အချိန်မရွေး လမ်းထွက်လျှောက်တယ်။ ဘယ်သူမှ ကျုပ်ကို ဂရုစိုက်ပြီး ကြည့်ဖော်တောင် မရဘူး။ စိတ်အေးလိုက်တာ"

## ၈၅။ သီချင်းဆိုစမ်းပါ

နိုင်ငံခြားတိုင်းပြည်များတွင် အထီးကျန်အမျိုးသား အမျိုးသမီးများအတွက် အိမ်ထောင်ဖက်

ရှာပေးသော ရုံးများ ဖွင့်ထားကြသည်။
ပဲရစ်မြို့တွင် ဖွင့်ထားသော ဖော်ပြပါ ရုံးတစ်ခုသို့ လူပျိုကြီးတစ်ယောက် ရောက်လာပြီး မိမိအတွက် သင့်တော်မည့် ဘဝကြင်ဖော်ရှာပေးရန် မေတ္တာရပ်သည်။ ရုံးမန်နေဂျာက ပြောသည်။
"ကျွန်တော်တို့ဆီမှာ သတို့သမီးလောင်း နှစ်ယောက်တော့ ရှိတယ်။ တစ်ယောက်က ရုပ်အင်မတန် ချောတယ်။ ဒါပေမယ့် ဘာလုပ်လုပ် အင်မတန် နှေးကွေးတယ်။ နောက်တစ်ယောက်ကတော့ ရုပ်သိပ်မလှဘူး။ ဒါပေမယ့် သီချင်း အဆိုကောင်းတယ်။ ဘယ်အမျိုးသမီးကို ပိုကြိုက်သလဲ"
"ရုပ်မချောတဲ့ အမျိုးသမီး ဖြစ်ပစေဗျာ။ ကျွန်တော်က သီချင်းသံ ကြားနေရင် ပျော်နေတဲ့ လူစားမျိုးဗျ။အိမ်မှာ တစ်ယောက်ယောက်က သီချင်းဆိုနေရင် ဘာပဲပြောပြော မင်္ဂလာရှိတယ်ဗျ"
လူပျိုကြီးက ပန်းတစ်စီးဝယ်သည်။ ထို့နောက် 'အောင်သွယ်ရုံး' က ပေးလိုက်သော လိပ်စာအတိုင်း မလှသော အမျိုးသမီးဆီ သွားသည်။ ရောက်သောအခါ လူခေါ်ခေါင်းလောင်းကို ဆွဲလိုက်သည်။
အခန်းတံခါး ပွင့်လာသည်။ အမျိုးသမီးကို မြင်လိုက်သည်နှင့် လူပျိုကြီး၏ လက်မှ ပန်းစီး လွတ်ကျသွားသည်။ မျက်စိနှစ်ဘက်ကို လက်ဖြင့် အမြန်ပိတ်ပြီး အော်ပြောသည်။
"သီချင်း.... သီချင်း မြန်မြန်ဆိုစမ်းပါ။ ကျွန်တော်ခင်ဗျားကို အနူးအညွတ် တောင်းပန်ပါတယ်။ သီချင်း မြန်မြန်ဆိုပါ"

## ၈၆။ ချစ်တော့ချစ်တယ်

လူငယ်က မိမိ၏ ချစ်သူကို ပြောသည်။
"အမှန်အတိုင်း ပြောရရင် ကိုဟာ ကိုယ့်သူငယ်ချင်း ကိုရွှေဂဲလောက် မချမ်းသာဘူး။ သူ့လို တိုက်နဲ့ခြံကို မပိုင်ဘူး။ ဇိမ်ခံကားလည်း မရှိဘူး။ ပြီးတော့ သူ့လိုလည်း နိုင်ငံခြားမှာ ငွေစာရင်း ဖွင့်ထားတာ မရှိဘူး။ ဒါပေမယ့် မင်းကို ကို အင်မတန် ချစ်တယ်"
"ကျွန်မကလည်း ရှင့်ကို ချစ်ပါတယ်။ ဒါနဲ့ စကားမစပ် ရှင့်သူငယ်ချင်းနဲ့ ကျွန်မကို မိတ်ဆက်ပေးပါလားဟင်"

## ၈၇။ မယုံချင်နေ

ပိုက်ဆံတစ်ပြားမှ မရှိသော ဂျာမန်လူငယ်နှစ်ယောက် မိမိတို့တွင်ရှိသော ကိုယ်ပိုင်စွမ်းအားဖြင့် ကြီးပွားအောင် ကြိုးစားမည်ဟူသော ရည်ရွယ်ချက်ဖြင့် အမေရိကားသို့ရောက်သည်။
ပထမတစ်ယောက်သည် မကြာမီအချိန်အတွင်း ဒေါ်လာ တစ်သန်းဝင်ငွေရသူ ဖြစ်လာသည်။ ၎င်းက ထူးခြားသော စက်တစ်မျိုးကို တီထွင်လိုက်သည်။ စက်ထဲသို့ တစ်ဒေါ်လာ ထည့်လိုက်သည်နှင့် စက်က မယားတစ်ယောက်ကို ထုတ်ပေးသည်။
ဒုတိယလူငယ်လည်း မကြာမီမှာပင် ဒေါ်လာဆယ်သန်းပိုင် သူဌေး ဖြစ်လာသည်။ ၎င်းကလည်း စပယ်ရှယ် စက်တစ်မျိုးကို တီထွင်သည်။ စက်ထဲသို့ ကိုယ့်မယားကို

ထည့်လိုက်သည်နှင့် စက်က တစ်ဒေါ်လာ ထုတ်ပေးသည်။

### ၈၈။ ငွေရတု

ကိုဘမောင်တို့ လင်မယား အိမ်ထောင်သက် ၂၅-နှစ်ပြည့်သည့်ပွဲကို ကိုဘမောင်၏ တိုက်အိမ်အသစ်တွင် ကျင်းပသည်။
ဖိတ်ကြားထားသော ဧည့်သည်များ ပျော်ပျော်ပါးပါး သောက်စားကြသည်။ တစ်အိမ်လုံး ရယ်သံမောသံဖြင့် ဆူညံနေသည်။ ရုတ်တရက် အိမ်ရှင် ကိုဘမောင် ပျောက်နေသည်ကို ၎င်းအချစ်ဆုံးသူငယ်ချင်း ကိုရွှေဂဲ သတိထားလိုက်မိသည်။ သို့နှင့် လိုက်ရှာသည်။ အပေါ်ထပ်စာကြည့်ခန်းထဲတွင် ဝီစကီပုလင်းကို ကိုင်ပြီး ရှိုက်ကြီးတငင် ငိုနေသော သူငယ်ချင်းကို တွေ့သည်။
"ဟေ့လူ၊ ဒီလောက် ဝမ်းသာစရာကောင်းတဲ့နေမှာ ခင်ဗျား ဘာဖြစ်လို့ ငိုနေရတာလဲဗျ"
"သူငယ်ချင်း။ ခင်ဗျားကိုတော့ အရင်းနှီးမို့ပြောပါမယ်။ ကျွန်တော် ဒီ မိန်းမနဲ့ရပြီး ၅- နှစ်ကြာတဲ့အခါမှာ သူ့ မျက်နှာကို မကြည့်ချင်လောက်အောင် မုန်းလာတယ်။ ဘယ်လောက်ထိဖြစ်သလဲဆိုရင် သူ့ကို သတ်ရင် ကျွန်တော် ဘယ်လောက် အပြစ်ဒဏ်ခံနိုင်ရသလဲဆိုတာ ရှေ့နေ တစ်ယောက်ဆီ သွားပြီးတောင် တိုင်ပင်မိသေးတယ်။ သူက ထောင်ဒဏ် အနှစ်၂၀- လို့ပြောတယ်။ ခင်ဗျား စဉ်းစားကြည့်ပါ။ ဒီ နေ့ဆိုရင် ကျွန်တော် လွတ်ပြီဗျ။ ဟီး ဟီး ဟီး"

### ၈၉။ ကျွန်တော်လည်းကြောက်တယ်

မိုးရာသီရောက်တိုင်း ကိုမြသည် တစ်ချိန်လုံး ထိပ်ထိပ်ပျာပျာ ဖြစ်လေ့ရှိသည်။ အကြောင်းရင်းမှာ မိုးခြိမ်းသံကို သူ အလွန် ကြောက်သောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် မိတ်ဆွေများ၏ တိုက်တွန်းချက်အရ စိတ်ရောဂါကု ဆရာဝန်ထံ သွားသည်။ ဆရာဝန်က ၎င်းကို နားထောင်ပြီးနောက် ပြောသည်။
"မိုးခြိမ်းသံကိုများ ကြောက်ရတယ်လို့ဗျာ။ ရယ်စရာကြီး။ ဒါ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ သဘာဝပဲ ဉစ္စာ၊ ဘာမှ ကြောက်စရာ မလိုပါဘူး။ မိုးခြိမ်းသံ ကြားတယ်ဆိုတာနဲ့ ကျွန်တော်လို။ ခေါင်းအုံးအောက်မှာ ခေါင်းကို ဝှက်ထားလိုက်။ ဘာမှ မဖြစ်ဘူး။ စိတ်ချ"

### ၉၀။ တလွဲထင်တာကိုး

ဆရာဝန်၏ အခန်းထဲသို့ အမျိုးသမီးတစ်ယောက် ဝင်လာပြီး ပြောသည်။
"ဒေါက်တာ။ ကျွန်မ အိမ်ထောင်ကြတာ သုံးနှစ်ရှိပြီ။ အခုထိ သားသမီး မရသေးဘူး။""ကလေးရအောင် ဘာလုပ်ရမလဲဟင်"

"အဝတ်အစား ချွတ်လိုက်ပါ။ ပြီးတော့ အောခန်းက ကွပ်ပျစ်ပေါ်မှာ လှဲလိုက်ပါ"
"ဟင့်အင်း ဒေါက်တာ။ ကျွန်မယောကျ်ားနဲ့ပဲ ကျွန်မ ကလေးရချင်တယ်ရှင့်"

---

## ၉၁။ လွန်လွန်းပြီး

တည်းခိုခန်းသို့ လူတစ်ယောက် ရောက်လာသည်။ တစ်ညမျှ တည်းခိုရန်ဖြစ်သည်။ တည်းခိုခန်း မန်နေဂျာက ဧည့်သည်များ မှတ်ပုံတင် စာရင်းစာအုပ်ကို ဖွင့်လိုက်သည်။ ကြမ်းပိုးတစ်ကောင်ကို မြင်ရာ တည်းခိုမည့်သူက မေးသည်။
"ဒါ ဘာလဲ"
"ကြမ်းပိုး"
နောက်ကို တစ်လှမ်းဆုတ်လိုက်ပြီး လူငယ်က ပြောသည်။
"တည်းခိုခန်းမှာ ကြမ်းပိုးရှိတာကို ကျွန်တော် ဘာမှ မပြောလိုဘူး။ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို ဘယ်အခန်းပေးမလဲဆိုတာ ဒီကောင်တွေ ထွက်ကြည့်တာတော့ လွန်လွန်းပြီ ထင်တယ်"

## ၉၂။ ထောက်ခံချက်

"ကျွန်တော်ကတော့ ခင်ဗျားကို ဒေါက်တာကောင်းထိုက်ဆီ သွားကြည့်ဖို့ အကြံပေးချင်တယ်။ သူလက်ခံ ကုသပေးနေတဲ့ လူနာတွေ အများကြီးဆိုတော့ တကယ်လို့ ခင်ဗျားမှာ ဘာရောဂါမှ မတွေ့ဘူးဆိုရင် ခင်ဗျားမှာ ဘာရောဂါမှ မရှိကြောင်း တကယ်ပြောမယ့် ဆရာဝန်ဗျ"

## ၉၃။ မီးလောင်ရေလျှံ

နယူးယောက်မြို့၏ ဟော်တယ်တစ်ခုတွင် သတိပေးကာ ချိတ်ဆွဲထားသည်။
"စီးကရက်မီးကို ငြိမ်းသတ်ပါ။ ချီကာကို မီးလောက်တာကို သတိရပါ" ဟူ၍ဖြစ်သည်။
၎င်း၏ အောက်နားတွင် တစ်ယောက်ယောက်က အောက်ပါအတိုင်း ဖြည့်စွက်ထားသည်။
"ကြမ်းပေါ်ကို တံတွေးမထွေးပါနှင့်။ မစ္စပီပီ မြစ်ရေလျှံတာကို သတိရပါ"

## ၉၄။ အင်္ဂလိပ်စကားတက်ချင်တယ်

ကိုချူချာက သူ၏ဇနီးကို ပြောသည်။
"၃–လ သားအရွယ် အင်္ဂလိပ်ကလေးတစ်ယောက်ကို မွေးစားချင်လိုက်တာ"
"ကိုယ့်မှာ ကလေးမရှိတာ ကျနေတာပဲ။ ဘာလုပ်ဖို့လဲ"

"သြော်၊ သူစကားစပြောတဲ့အချိန်မှာ သူ့ ဆီက ငါ အင်္ဂလိပ်စကား သင်ချင်လို့"

## ၉၅။ လူသူမရောက်တဲ့ကျွန်း

သဘော်သည် ပင်လယ်ထဲရှိ ကျွန်းကလေးတစ်ကျွန်းကို ဖြတ်မောင်းလာသည်။ ကျွန်းပေါ်မှ ပါးသိုင်းမွေး ထူလပျစ်နှင့် ယောကျာ်းတစ်ယောက်သည် သဘော်ဘက် မျက်နှာမူပြီး ဟစ်အော်သည်။ လက်နှစ်ဘက်ကိုလည်း အမျိုးမျိုး ဝှေ့ရမ်းပြသည်။ ဤသည်ကို ကြည့်ပြီး ခရီးသည် တစ်ဦးက သဘော်ကပ္ပတိန်ကို မေးသည်။

"သူ ဘယ်သူလဲဟင်"

"မသိဘူး။ နှစ်စဉ် ကျွန်တော်တို့ သဘော် ဒီကျွန်းကို ဖြတ်တိုင်း အခုလိုပဲ စိတ်ဖောက်နေကျ"

## ၉၆။ လက်ဆောင်လိုချင်တယ်

နီကိုလိုင်က မိမိလက်ထပ်သည့် ငါးနှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မိမိ၏အိမ်တွင် ညစာစားပွဲ အခန်းအနားလုပ်မည်ဖြစ်ရာ မပျက်မကွက်လာရန် သူငယ်ချင်း အီဗန်ကို ဖိတ်သည်။ တဆက်တည်း မိမိ၏ အခန်းသို့ မည်သို့ လာရကြောင်း ရှင်းပြသည်။

"ဂေါ်ကီလမ်းပေါ်က တိုက်နံပါတ် ၈– ကို လာခဲ့။ ဝင်ပေါက် နံပါတ် ၃– ကနေ ဓာတ်လှေကားနဲ့ ၆–ထပ်ကို တက်။ အခန်း ၂၀–ရှေ့က ဘဲလ်ကို တစ်တောင်ဆစ်နဲ့ နှိပ်လိုက်။ တံခါးပွင့်လာရင် ခြေထောက်နဲ့ အသာလေး တွန်းဖွင့်လိုက်"

အီဗန်က အံ့သြစွာ ပြန်မေးသည်။

"ဘာဖြစ်လို့ ကျုပ်က တံတောင်ဆစ်နဲ့ ခြေထောက်ကို သုံးရမှာလဲဗျ"

"သြော်၊ ခင်ဗျား လက်ချည်းသက်သက် လာမယ့်လူ မဟုတ်ဘူး မဟုတ်လား"

## ၉၇။ အပြေးချန်ပီယံ

စခန်းမှူးက ရဲသားကို ပြောသည်။

"ထွက်ပြေးတဲ့သူခိုးကို နောက်တစ်ခါ မီတာ နှစ်ရာ အကွာအထိ ဖြတ်ကျော်တက်ရင် ငါ မင်းကို အလုပ် ဖြုတ်ပစ်မယ်"

## ၉၈။ ကြောင်သူတော်တွေ

ပြင်သစ်မြို့ကလေး တစ်မြို့တွင် ဖြစ်သည်။

မြို့ဘုရားရှိခိုးကျောင်းမှ ခရစ်ယာန်ဘုန်းကြီးကို ညှော့ခံပွဲတစ်ခုတွင် တွေ့ရာ မြို့မျက်နှာဖုံး သူဌေးကြီးက ပြောသည်။

"ကျွန်တော် ဘုရားရှိခိုးကျောင်းကို လာခဲတယ်ဆိုတာ ဖာသာ သတိထားမိမလားဘဲ"

"သတိထားမိပါတယ်။ ဒီအတွက်လည်း ဝမ်းနည်းပါတယ်"

"ကြောင်သူတော်တွေ အများကြီး လာနေကြတာကို သိလို့ ကျွန်တော် မလာတာခင်ဗျ"
ဤစကားကို ကြားသော် ဘုန်းကြီး ပြုံးပြီး ပြန်ပြောသည်။
"ဒီအတွက်တော့ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ ဘုရားရှိခိုးကျောင်းမှာ နောက်တစ်ယောက်အတွက် နေရာလွတ် အမြဲတမ်းရှိပါတယ်"

## ၉၉။ အဘိုးဖြစ်ချင်တယ်

အမေရိကန် သန်းကြွယ်သူဌေးတစ်ယောက်သည် ယောကျာ်းလေး ဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် မြေးတစ်ယောက်ကို အလွန် အမင်း ဖြစ်ချင်နေသည်။ သားသုံးယောက်စလုံး အိမ်ထောင်သည်များ ဖြစ်နေကြသော်လည်း တစ်ယောက်မှ မြေး လက်ဆောင် မပေးနိုင်ကြသေးချေ။
တစ်နေ့တွင် သားသုံးယောက်ကို ၎င်းတို့၏ ဇနီးများနှင့် မိမိ အိမ်သို့လာကြရန် ခေါ်လိုက်သည်။ အားလုံးစုမိကြသောအခါ သူဌေးကြီးက ပြောသည်။
"သားတို့၊ သမီးတို့ရေ။ မြေးကလေး တစ်ယောက်လောက် ရချင်တဲ့ ဆန္ဒ အဖေ့မှာ အင်မတန် ပြင်းပြနေတာ ကြာပြီ။ ဒါပေမယ့် မင်းတို့ ဘယ်သူ့မှ အဖေကို မြေးလက်ဆောင် မပေးကြဘူး။ အဲဒီတော့ အဖေ ပြောမယ်။ သေသေချာချာ နားထောင်ကြ။ အဖေ့ကို ပထမဆုံး မြေး လက်ဆောင်ပေးတဲ့သားကို အဖေ့ အမွေတွေ အားလုံးကို ပေးမယ်လို့ ဆုံးဖြတ်ထားတယ်။ ပျော်ရွှင်စရာ အဲဒီရက် အမြန်ရောက်ပါစေလို့ ဆုတောင်းပြီး ရှမ်ပိန် သောက်လိုက်ကြရအောင်"
သူဌေးကြီး ၎င်း၏ ခွက်ကို ပြန်ချလိုက်ရုံ ရှိသေးသည်။ အခန်းထဲမှ စုံတွဲ သုံးတွဲစလုံး အခန်းထဲမှ ပျောက်သွားတော့သည်။

## ၁၀၀။ ရတနာသိုက်

ကောင်းဘွိုင်တစ်ယောက် မြင်းစီးလာသည်။ ရုတ်တရက် ကိုယ်စောင့်နတ်က ပြောသည်။
"မြင်းပေါ်က ဆင်း။ ပေါက်ပြားယူပြီး ဒီနေရာမှာ ကျင်းတူးစမ်း။ ငါးမီတာအနကမှာ ရတနာတွေ ဝှက်ထားတယ်"
ကောင်းဘွိုင် မြင်းပေါ်က ဆင်းသည်။ ပေါက်ပြားကို ယူပြီး ကျင်းကို တူးသည်။ ငါးမီတာအနက်သို့ ရောက်သောအခါ စိန်ရွှေရတနာများ အပြည့်ထည့်ထားသော သေတ္တာကြီးတစ်လုံးကို တွေ့သည်။
ကိုယ်စောင့်နတ်က မကျေမနပ်ပြောသည်။
"ဒီနေရာမှာ ရတနာသိုက် တကယ်ရှိမှန်းသိရင် မင်းကို ငါ မပြောဘူး။ ဟင်း"

---

## ၁၀၁။ အောက်ခြေကစသူ

"ကိုဘမောင် အကြောင်း ဘာသတင်းမှ မကြားရတာ ကြာပြီ။ သူ ဘယ်နှယ့်နေလဲ။ အလုပ်အကိုင် အဆင်ပြေရဲ့လား"

"သူ အဆင်ပြေပါတယ်။ အလုပ်ကို ကြိုးစားလုပ်တော့ အခုဆို အောက်ဆုံးကနေ ထိပ်ဆုံးကို ရောက်သွားပြီး"
"ဝမ်းသာစရာပဲ။ ဒါနဲ့ သူ ဘယ်အဆင့်စပြီး အခု ဘယ်အဆင့်ကို ရောက်သွားပြီလဲ"
"အရင်တုန်းက ဖိနပ်တိုက်တယ်။ အခု ဆံပင်ညှပ်သမားဖြစ်သွားပြီလေ"

## ၁၀၂။ မကျေဘူးဟေ့

လေထီးတပ်သားများ လေယာဉ်ပေါ်မှ တစ်ယောက်ချင်း လေထီးနဲ့ ခုန်ဆင်းနေကြသည်။ နောက်ဆုံးတွင် တပ်ကြပ်ကြီးနှင့် ရဲဘော်တစ်ဦးသာ ကျန်တော့သည်။ တပ်ကြပ်ကြီး ခုန်ဆင်းရန် ပြင်သည်။ ရဲဘော်က ၎င်းကို အတင်းတားသည်။
"ဟင့်အင်း၊ ဟင့်အင်း။ ကျွန်တော် အရင်ဆင်းပါရစေ"
"ဟေ့ကောင် ဘာဖြစ်လို့လဲကွ"
"နောက်ဆုံးခုန်ဆင်းတဲ့ လူမှာ လေထီးမပွင့်တက်ဘူးလို့ အဘွားကပြောလို့"
"ဟာ။ ဒါအဓိပ္ပယ် လုံးဝမရှိတဲ့ စကားပဲ"
"မသိဘူး။ ကျွန်တော့်ကို အရင်ခုန်ဆင်းခွင့် ပြုပါ"
တပ်ကြပ်ကြီး တပ်သားကို အရင်ခုန်ဆင်းခွင့် ပြုလိုက်သည်။
ကောင်းကင်တွင် တပ်သားနှင့် လေထီးမပွင့်ပဲ အောက်သို့ ကျလာသော တပ်ကြပ်ကြီးတို့ ဆုံမိကြလေသည်။ တပ်ကြပ်ကြီးက အံကြိတ်ပြီးပြောသည်။
"ဟေ့ကောင်၊ မင်းအဘွားကို ပြောလိုက်။ နောင်ဘဝရောက်တဲ့အထိ သူ့ကို မကျေဘူးလို့"

## ၁၀၃။ အနားပေးအုံးမှပေါ့

(ရုရှားစစ်အရာရှိတစ်ဦးပြောပြသော ဟာသ)
ဗိုလ်ချုပ်ကြီးသည် စစ်ဆေးရေးတာဝန်ဖြင့် တပ်ရင်းရုံးသို့ ရောက်လာသည်။ တပ်ရင်းရုံးဝန်ထမ်းများ တန်းစီပြီး တစ်ဦးချင်း မိမိကိုယ် မိမိ မိတ်ဆက်သည်။
"ဗိုလ်မှူးပီထရော့ ပါ ခင်ဗျ"
"အသက် ဘယ်လောက်ရှိပြီလဲ"
"၃၄- နှစ်ပါ"
"အိမ်ထောင်ရှိလား"
"ရှိပါတယ်။ သားသမီး နှစ်ယောက်ပါ"
"အေး၊ အေး။ ဆက်ပြီး အမှုထမ်းပေါ့"
"ဒုတိယ ဗိုလ်မှူးကြီး ဆီးဒေါရော့ပါ ခင်ဗျ"
"အသက် ဘယ်လောက်ရှိလဲ"
"အသက် ၄၀- နှစ်ပါ။ အိမ်ထောင်ရှိပါတယ်။ ကလေးသုံးယောက်ပါ"
"ကောင်းတယ်။ ကောင်းတယ်။ ဒီအတိုင်းဆက်လုပ်"

"ဆာဂျင်ပရိုနင်ပါခင်ဗျ။ အသက် ၂၅– နှစ် ။ ကလေး ဆယ်ယောက်"
"ဟော့ ဆာဂျင်။ ငါလေ။ 'ဘယ်လာမော့' စီးကရက်ကို သိပ်ကြိုက်တယ်။ ဒါပေမယ့် ဆေးလိပ်ကို ငါပါးစပ်ထဲက ထုတ်တယ်ကွ။ အမြဲတန်းကိုက်မထားဘူး။ သိလား"

## ၁၀၄။ အနံ

ရုရှားတပ်မတော်တွင် စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်ခြင်းခံရသော လူငယ်သည် ဆေးစစ်ခံရန် အခန်းထဲသို့ ဝင်လာသည်။ ဆရာဝန်က ပြောသည်။
"အဝတ်အစား ချွတ်ပြီး ကုန်းလိုက်ပါ"
ဆရာဝန်သည် လူငယ်၏ တင်ပါးနှစ်ဘက်ကို ဆွဲဖြဲပြီး ကြည့်သည်။ ကြည့်နေရင်းက မေးသည်။
"ဆေးလိပ်သောက်သလား"
လူငယ်က အားနာသံဖြင့် မေးသည်။
"အနံ့ရလို့လားဟင်"

## ၁၀၅။ မမှားစေနဲ့

အဘွားကြီးတစ်ယောက် ဆရာဝန်ပေါက်စထံ ရောက်လာပြီး ပြောသည်။
"ဒေါက်တာရယ် ဒေါ်ဒေါ်ကို ကူပါအုံး။ တစ်ချိန်လုံး ခေါင်းကိုက်နေတယ်။ စအိုကလည်း နာနေတယ်ကွယ့်"
လူငယ်ဆရာဝန် အတန်ကြာ စဉ်းစားသည်။ မေးစေ့ကို ပွတ်သည်။ နောက်ဆုံးတွင် ဗီရိုထဲမှ ဆေးပြားကြီး တစ်ပြားကို ယူပြီး ဓားဖြင့် နှစ်ခြမ်းစိတ်လိုက်သည်။
"ရော့အဒေါ်။ ဒီတစ်ခြမ်းက ခေါင်းကိုက်ပျောက်ဆေး။ ရော့ ဒီတစ်ခြမ်းကတော့ စအိုနာပျောက်ဆေး။ သေသေချာချာ မှတ်ထားနော်။ လုံးဝ မမှားစေနဲ့"

## ၁၀၆။ အကူအညီတောင်းကြည့်ပါ

လူနာက ဆရာဝန်ကို ပြောသည်။
"ဒေါက်တာရယ်။ ကျွန်မရဲ့ လည်ချောင်းထဲမှာ ကြောင်တစ်ကောင်ဝင်ပြီး ကုတ်ခြစ်နေသလို ခံစားနေရတယ်ရှင်။ ကူပါဦး"
"ဆောရီးပဲ။ ကျွန်တော် ဒီရောဂါမျိုး မကုဘူး။ ကျွန်တော်ခွေးကို အကူအညီတောင်းကြည့်ပါ"

## ၁၀၇။ ဒေါက်တာပဲ ကုနိုင်မယ်

"ဒေါက်တာ။ ဒေါက်တာ။ ကျွန်တော်တို့ အိမ်ကို အခုချက်ချင်း မလာနိုင်ဘူးလားခင်ဗျာ"
"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ အိမ်ခန်းထဲကို ဝင်လို့ မရလို့ပါခင်ဗျာ"
"ဒါဆို ရဲစခန်းကို ဖုန်းဆက်လေ။ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"
"မဟုတ်ဘူး ခင်ဗျ။ ဒေါက်တာမှသာ ကျွန်တော်တို့ကို ကုနိုင်မှာပါ။ အိမ်ခန်းသော့ကို ကျွန်တော့်သားကလေး မြိုချလိုက်လို့ပါ"

## ၁၀၈။ ဟုတ်သားပဲ

နဗ်ကြောရောဂါ အထူးကုဆရာဝန်၏ ဆေးခန်းတွင် အမေဖြစ်သူနှင့် လေးနှစ်အရွယ် သားငယ်တို့ ထိုင်နေကြသည်။ ဆရာဝန်က ချာတိတ်ကို မေးသည်။
"အန်ကယ်ကို ပြောစမ်းပါ။ ကြောင်မှာ ခြေဘယ်နှစ်ချောင်း ပါသလဲ"
"လေးချောင်း"
"နားကကော့ကွယ်"
"နားနှစ်ဘက်ပါ"
"မျက်စိကော ဘယ်နှစ်လုံးလဲ"
"နှစ်လုံး"
"ကြောင်မှာ အမြီးကောပါသလားကွဲ့"
ချာတိတ် အမေဘက်လှည့်ပြီး ပြောသည်။
"မေမေ။ ဘာလဲ။ ဒီလူပေါကြီး ကြောင်ကို မမြင်ဖူးဘူးလားဟင်"

## ၁၀၉။ ကျွန်တော်လာမယ်

ကိုယ်ခန္ဓာ အချိုးအစား ကျနပြေပြစ်ပြီး အလွန်တရာလည်း ချောမောလှပသည့် အမျိုးသမီးလူနာကို စမ်းသပ်စစ်ဆေးပြီးနောက် ဆရာဝန်က သူမကို ပြောသည်။
"ခင်ဗျား တော်တော်လေး နေမကောင်း ဖြစ်နေတယ်။ အခု ဒီလိုလုပ်ပါ။ ရုံးကို ပြန်မသွားပါနဲ့။ အိမ်ကိုဘဲ တန်းပြန်တော့။ အိမ်ရောက်ရင် အဝတ်အစား အကုန်ချွတ်ပြီး အိပ်ရာထဲမှာ လှဲနေပါ။ အခု ကျွန်တော် ဖျော်ပေးလိုက်မယ့် ဆေးပုလင်းရဲ့ သုံးပုံတစ်ပုံကို သောက်လိုက်ပါ။ ခဏကြာရင် အိပ်ချင်သလိုလို ဖြစ်လာမယ်။ ဘယ်သူလာလာ တံခါးဖွင့်မပေးနဲ့။ တယ်လီဖုန်းဆက်ရင်လည်း ကောက်မကိုင်ပါနဲ့။ အဲ တံခါးကို ခတ်ဆတ်ဆတ်ကလေး သုံးချက်ခေါက်သံ ကြားရင်တော့ ဖွင့်ပေးနော်"

## ၁၁၀။ အဆိပ်

လူငယ်ဆရာဝန်က အံ့အားသင့်သော အသံဖြင့် လူနာ အဘိုးကြီးကို ပြောသည်။
"ဘာပြောတယ်။ အန်ကယ် ကော်ဖီသောက်တယ်။ ဟုတ်လား။ ဟာ ဒါတော့ မဖြစ်ဘူး။ ကော်ဖီဟာ အန်ကယ့်အတွက် အဆိပ် ခင်ဗျ"

"အင်မတန် နေးကွေးတဲ့ အဆိပ် ဖြစ်မယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ အနက်ကယ်လ် ကော်ဖီ သောက်တာ နှစ်ပေါင်း ခြောက်ဆယ်ရှိပြီ ကွဲ့"

### ၁၁၁။ ပါးစပ်ကို ပိတ်ထားစမ်း

'မော်စကိုဗစ်ချ်' ကားအင်ဂျင်ကို ယောကျ်ားဖြစ်သူ 'ကလိ' နေရင်းက ဘေးတွင် ရပ်နေသည့် မိန်းမကို ပြောသည်။
"ဟော့။ မင်းပါးစပ်ကို ခဏ ပိတ်ထားစမ်းပါကွာ"
"ဘာလဲ။ ရှင့်ကို ကျွန်မ အနှောက်အယှက်ပေးလို့လား"
"နှောက်ယှက်တယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကားစက်ကို ငါနှိုးနေတာ နိုးသလား။ မနှိုးဘူးလား ဆိုတာ ငါ မကြားရဘူးကွ"

### ၁၁၂။ ရေပဲသောက်

မိန်းမက ယောကျ်ားကို ပြောသည်။
"ရှော့ ငါးတွေအကြောင်း ဆောင်းပါးကို ဖတ်ကြည့်။ သူတို့တစ်တွေ စကားမပြောဘဲ နေတဲ့အကျင့်မျိုး မင်းဆီမှာ ရှိရင် သိပ်ကောင်းမှာပဲ"
"ပထမဦးဆုံး သူတို့တွေလို ရှင် ရေပဲ သောက်တဲ့ အကျင့်ရအောင် လုပ်ကြည့်အုံးပေါ့"

### ၁၁၃။ တစ်ယောက်ဆိုတော်ပြီ

"ငါနဲ့ ငါ့မိန်းမ သူများအိမ် အလည်သွားရင် အရက်ကို နည်းနည်းပဲ သောက်တယ်"
"ဘာလဲ။ မိန်းမက ခွင့်မပြုလို့လား"
"အဲဒါကြောင့် မဟုတ်ဘူး။ တစ်ခါတုန်းက ရေချိန်တော်တော် လွန်သွားတော့ ငါ့မျက်စိထဲမှာ ငါ့မိန်းမ နှစ်ယောက်ဖြစ်နေတာကို မြင်လိုက်ရတယ်။ ဒီလို ထိတ်လန့် တုန်လှုပ်မှုမျိုး အဲဒီတစ်ခါပဲ ခံစားရဖူးတယ်။ အခုထိ ကြောက်စိတ် မပြေသေးဘူး"

### ၁၁၄။ ဆုံးဖြတ်ချက်

လင်မယား နှစ်ယောက်စလုံး နေမကောင်းဖြစ်ပြီး အိပ်ရာထဲ လဲနေကြသည်။ ယောကျ်ားက မိန်းမကို ပြောသည်။
"တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် သေရင် မုံ့ဒုံ့မှာ ရှိတဲ့ ငါ့အမေဆီကို ငါ သွားဖြစ်အောင်သွားမယ်လို့ ဆုံးဖြတ်ထားတယ်ကွ"

**၁၁၅။ စံပြယောက်ျား**

မိတ်ဆွေနှစ်ယောက် စကားလက်ဆုံကျနေကြသည်။
တစ်ယောက်က မေးသည်။
"ခင်ဗျားမိန်းမကို ခင်ဗျား အိမ်မှုကိစ္စတွေ ဝိုင်းကူပြီး လုပ်ပေးသလား"
"ဟင့်အင်း။ ကျွန်တော်ပဲ ဒိုင်ခံလုပ်တယ်"

---

**၁၁၆။ ဖြစ်စေချင်တာပြော**

မိန်းမက ယောက်ျားကို အပြစ်တင်စကားပြောသည်။
"ညက တစ်ညလုံး အိပ်မရဘူး။ ရှင်က ဟောက်တယ်။ ခွေးကဟောင်တယ်"
"ဘာလဲ။ ခွေးကို ဟောက်စေချင်ပြီး ငါ့ကို ဟောင်စေချင်တာလားကွဟေ"

**၁၁၇။ မြှောက်တာကြိုက်တယ်**

ယောက်ျားက ပြောသည်။
"ထုံပေ့၊ ညံ့ပေဆိုတဲ့ ယောက်ျားတွေမှာ ချောပေ့လှပေ့ဆိုတဲ့ မိန်းမတွေရှိနေတာ အင်မတန် အံ့ဩစရာပ"
မိန်းမက ပြုံးပြီး ပြောလေသည်။
"ရှင်တော်တော် မြှောက်ပြောတက်တာပဲ။ အဟင်း ဟင်း"

**၁၁၈။ အံ့ဩရခြင်း**

"ကိုမြ။ ရှင်လို ပညာ အရည်အချင်း ပြည့်ဝတဲ့လူ၊ ရုပ်ချောတဲ့လူတစ်ယောက်ဟာ ဘာဖြစ်လို့ ကျွန်မကို လက်ထက်လိုက်တာလဲဟင်"
"ဘာလဲ။ မင်းလည်း အံ့ဩနေသလား"

**၁၁၉။ သိပြီးပါပြီး**

နယ်သို့ ခရီးထွက်မည့် ယောက်ျားက မိန်းမကို ပြောသည်။
"အကြောင်းကြောင်းကြောင့် နှစ်သစ်ကူးတဲ့ရက်အမီ ငါ ရောက်မလာနိုင်ဘူးဆိုရင် မင်းဆီ ငါ

ကြေးနန်းပို့လိုက်မယ်"
"ပို့နေစရာ မလိုပါဘူး။ အဲဒီ ကြေးနန်းစာကို မနေ့က ရှင့်အိတ်ထောင်ထဲက တွေ့လို့ ဖတ်ပြီးပါပြီ"

## ၁၂၀။ မျှော်လင့်တကြီး

အမျိုးသမီးတစ်ဦး နို့စို့ကလေးငယ်ကို ပိုက်လျက် မော်စကိုမြေအောက် ရထားတစ်စီးပေါ် တက်လာသည်။ ခုံတန်းရှည်၏ အားလပ်သော တစ်နေရာတွင် ဝင်ထိုင်လိုက်သည်။ သူမ၏ ဘေးနားတွင် ဂျော်ဂျီယာသားတစ်ဦး ထိုင်နေသည်။
အမျိုးသမီးက ၎င်း၏ သားငယ်ကို ပြောသည်။
"သားရယ် မေမေ့ နို့ကို စို့လိုက်ပါကွယ်။ နော်"
ကလေးငယ်သည် အမေ့နို့ကို မစို့လိုသဖြင့် ခေါင်းကို ယမ်းသည်။
"ချိုချိုလေး စို့လိုက်ပါ သားရယ် ရော့"
ဘယ်လို ချော့တိုက်တိုက် ကလေးသည် နို့ကို မစို့ချေ။
"စို့ပါ သားရယ်။ နို့မဟုတ်ရင် ဘေးနား ဦးဦးကို တိုက်လိုက်မယ်သိလား"
ဆာနေသည် မဟုတ်၍ ကလေးငယ်သည် မိခင်၏ နို့ရည်ကို မစို့ချေ။
အမေဖြစ်သူ ထပ်ချော့ပြန်သည်။
"စို့လိုက်ပါ သားရယ်။ သား မစို့ရင် ဘေးနားက ဦးဦး စို့လိုက်လိမ့်မယ်ကွဲ့"
မိခင်ဖြစ်သူ ဘယ်လိုပဲ ကြိုးစား ကြိုးစား မအောင်မြင်ချေ။
"သားက လိမ္မာပါတယ်ကွယ်။ ကိုင်း စို့လိုက်၊ နို့မဟုတ်ရင် ဟိုဦးဦးကို တိုက်လိုက်မယ်နော်"
ဂျော်ဂျီယာသားက သည်းမခံနိုင်တော့
"ဒီမှာ၊ ခင်ဗျား တစ်ခုခုကို အပြီးသတ်ဆုံးဖြတ်ပါ။ ကျွန်တော်ဆင်းရမယ့် ဘူတာ သုံးခုတောင် ကျော်သွားပြီဗျ"

## ၁၂၁။ ကိုချူချာကို ခွင့်လွှတ်ပါ

ကိုချူချာ မော်စကိုသို့ တက်လာသည်။
ကိုချူချာသည် ရေဒီယို မရှိ။ ရုပ်မြင်သံကြားမရှိ။ သတင်းစာလည်း မရှိသော ရွာက မော်စကိုမြို့သို့ ရောက်လာခြင်းဖြစ်သည်။
ကိုချူချာ ဘတ်စ်ကားတစ်စီးပေါ် တက်သည်။ ကားပေါ်တွင် အာဖရိကတိုက်သား နီးဂရိုးတစ်ဦးကို တွေ့ရာ နှုတ်မှ လွှတ်ကနဲ ထွက်သွားသည်။
"ဟယ်။ ကားပေါ် မှာ မျောက်ကြီး"
ကိုချူချာကို ရဲစခန်းဆီ ခေါ်သွားသည်။ စခန်းမှူးက ပြောသည်။
"ဘယ်လို ဖြစ်တာလဲ။ နီးဂရိုးဆိုတာ ခင်ဗျားတို့ ကျွန်တော်တိုလို လူပဲ။ အသားမည်းတာတစ်ခုပဲ"
"ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် မသိလို့ပါ။ ကျွန်တော်တို့ဆီမှာ ရေဒီယိုလည်း မရှိ။

ရုပ်မြင်သံကြားလည်း မရှိ။ သတင်းစာလည်း မရှိလို့ပါ"
"ကျွန်တော်ကတော့ ခင်ဗျားကို နားလည်ပါတယ်။ ဒါပေမယ့် ခင်ဗျား သူ့ကို စောကားသလို ဖြစ်သွားပြီး။ သူ့ကို တောင်းပန်လိုက်ပါ"
ကိုချူချာ နီးဂရိုးနားကပ်ပြီး ပြောသည်။
"ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် မသိလို့ပါ။ ရေဒီယိုမရှိ။ ရုပ်မြင်သံကြားမရှိ။ သတင်းစာ မရှိတဲ့ အရပ်က မို့ပါ။"
"အိုကေ။ ခင်ဗျားကို ကျွန်တော် ခွင့်လွှတ်တယ်"
"အလို။ သူ စကားလည်း ပြောတက်သကိုး။ ဟိုး ဟိုး ဟိုး"

## ၁၂၂။ ကျောင်းတက်စရာမလိုဘူး

စကားထစ်သူ တစ်ယောက်သည် လိပ်စာတစ်ခုကို လိုက်ရှာနေသည်။ အတော်ကြာ ရှာလို့ မရသည်နှင့် ဖြတ်သွားလူတစ်ယောက်ကို မေးသည်။
"ကျေး.. ကျေးဇူး .. ပြု .. ပြုပြီး .. ဒီ .. ဒီအနားမှာ စကားထစ် .. ထစ်တဲ့လူတွေအတွက် ကျောင်း .. ကျောင်းရှိ .. ရှိတယ်လို့ ပြော .. ပြောပါတယ်။ ညွှန် .. ညွှန်ပါလား ခင်ဗျာ"
"ကျောင်း ဘာလုပ်ဖို့လဲ။ အခုအတိုင်းလည်း ခင်ဗျား အတော်လေး စကားထစ်နေတာပဲဥစ္စာ"

## ၁၂၃။ အမေ့သား

အမျိုးသမီးတစ်ဦး သူမ၏ ကျောင်းနေဘက် သူငယ်ချင်းကို ပြောပြနေသည်။
"အိုင့်ယောကျ်ားလေ။ အင်မတန်ကို စိတ်ညစ်စရာ ကောင်းတဲ့လူ သိလား။ တစ်ချိန်လုံး သူ့အမေအကြောင်းကိုပဲ သတိတရပြောတယ်။ 'အမေဆိုရင် ဒီလိုလုပ်မှာ မဟုတ်ဘူး .. မေမေ မြင်စမ်းစေချင်တယ် .. မေမေဆို ကြိုက်မှာ မဟုတ်ဘူး' ဆိုတဲ့ စကားပဲ ကြားနေရတယ်။ အမေ့ကို ရှေ့တန်းတင်လွန်းတယ်။ အိုင့်ကို လုံးဝ ဂရုမစိုက်ဘူး။ အိုင် စိတ်ညစ်လှပြီ"
"မိန်းမတစ်ယောက် အနေနှင့် ယူ့ကို သူစိတ်ဝင်စားလာအောင် လုပ်ဖို့လိုတယ်။ အဲဒါဆိုရင် သူ့အမေကို သူ သတိရတော့မှာ မဟုတ်ဘူး။ ညနေ သူ ရုံးက ပြန်လာတဲ့ အချိန်မှာ သူ့ကို ဆွဲဆောင်နိုင်တဲ့ အဝတ်အစားဝတ်ပြီး ကြိုကြည့်စမ်း"
သူငယ်ချင်း အကြံပေးသည့်အတိုင်း တစ်ညနေတွင် အမည်းရောင် ဘရာစီယာ၊ အမည်းရောင် ခြေအိတ်နှင့် အမည်းရောင် ဇာလက်အိတ်တို့ကို ဝတ်ပြီး ယောကျ်ားကို ခရာတာတာ အမူအရာဖြင့် ကြိုသည်။ ယောကျ်ားက ၎င်းကို မြင်မြင်ချင်း စိုးရိမ်တကြီး မေးသည်။
"မင်းတစ်ကိုယ်လုံး အမည်းရောင်နဲ့ပါလား။ မေမေ ဘာဖြစ်လို့လဲကွ ဟေ"

## ၁၂၄။ ဆင်ကျီစားရာ ဆိတ်မခံသာ

တိရစ္ဆာန်များကို ယဉ်ပါးအောင် လေ့ကျင်ပေးရသည့် နည်းပြဆရာနှစ်ယောက် စကားလက်ဆုံကျနေကြသည်။
"ကျားသားလေးတစ်ကောင်ကို ခြသေ့်ကြီးရဲ့ လက်ထဲက ကျွန်တော်ကယ်ခဲ့ဖူးတယ်။ နောက် ဆယ်နှစ်အကြာမှာ အဲဒီ ကျားကို ကျွန်တော် ဆပ်ကပ်တစ်ခုမှာ သွားတွေ့တယ်။ ဒီကောင် ကျွန်တော့်ကို မှတ်မိသွားပြီး ကျွန်တော်နား အပြေးလာကပ်တယ်။ ကျွန်တော့်ကို လျှာနဲ့ လာလျှက်တယ်ဗျာ။ အံ့ရော။"
"ကျွန်တော်လည်း ဆင်သားလေးတစ်ကောင်ရဲ့ ခြေထောက်မှာ စူးနေတဲ့ သံချောင်းကို ဆွဲနှုတ်ပေးခဲ့ဖူးတယ်။ နောက် ဆယ်နှစ်အကြာ ဆပ်ကပ် တစ်ခုမှာ ဆင်ကြီးတစ်ကောင် ကျွန်တော့်နား ကပ်လာပြီး သူ့နှာမောင်းနဲ့ ဆွဲတင်လိုက်တယ်။ ပြီးတော့ ဗွေ့ယမ်းပြီး တအား လွှင့်ပစ်လိုက်တယ်။ ခြေက်လလုံးလုံး ကျောက်ပတ်တီး စီးပြီး နေခဲ့ရတယ်ဗျာ"
"ဘာဖြစ်လို့ ဒီလို ဖြစ်ရတာလဲ"
"အခြားဆင်တစ်ကောင် ဖြစ်နေတာကိုးဗျာ"

## ၁၂၅။ တူညီသောအတွေး

ရထားအိပ်ခန်းတွဲတွင် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးတည်း လိုက်ပါလာကြသည်။ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် စိုက်ကြည့်ကြသည်။ အမျိုးသမီးက မေးသည်။
"ရှင် အခု ဘာကို တွေးနေတာလဲ"
"ခင်ဗျားတွေးသလိုပဲ ကျွန်တော်လည်း တွေးနေတယ်။"
"ဟင်း။ ရှင် တော်တော် ညစ်ပတ်ပါလား"

---

## ၁၂၆။ စဉ်းစားစရာပဲ

နယ်မှ တစ်ရက်စောစော ပြန်လာသော ယောက်ျားကို မိန်းမက ညစာ ပြင်ကျွေးနေသည်။ ရုတ်တရက် ဝရန်တာမှ အမျိုးသားတစ်ယောက်ဘောင်းဘီတိုလေးနှင့် ပေါ်လာပြီး ပြောသည်။
"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျား။ ခင်ဗျားတို့ရဲ့ အိမ်ခန်းကနေ ကျွန်တော် ဖြတ်သွားလို့ရမလားဟင်။ ဒီလိုပါ။ ကျွန်တော် အသိ မိန်းကလေးတစ်ယောက်ဆီ လာတယ်။ မမျှော်လင့်ဘဲ သူ့ ယောကျ်ား ရောက်လာတယ်။ ဒါနဲ့ ခင်ဗျားတို့ရဲ့ အိမ်ဝရန်တာဆီကို ကျွန်တော် တွယ်ဆင်းလာမိပါတယ်"
ထိုသူ အခန်းအပြင်ဘက် ထွက်သွားသောအခါ ယောကျ်ားက မိန်းမကို ပြောသည်။

"ငါ့တို့ အပေါ်ဆုံးထပ်မှာနေတယ်။ ဒီလူ ဘယ်အခန်းကို ရောက်ခဲ့ပါလိမ့်"

### ၁၂၇။ အထင်မသေးပါနဲ့

နယ်မှ ပြန်လာသော ယောက်ျားသည် မိမိမရှိတုန်း မိန်းမဖြစ်သူ တခြားယောက်ျားနှင့် ဖောက်ပြန်ကြောင်း သတင်း အတိအကျရသဖြင့် မိန်းမကို စစ်ဆေးမေးမြန်းသည်။
"ကောင်မ။ နင် လော်လီဖောက်ပြားတဲ့ အကြောင်းကို ငါ သိထားပြီ။ နင် လိမ်မယ် မကြံနဲ့။ မှန်မှန် ပြောစမ်း။ နင် ဘယ်သူနဲ့ ဖောက်ပြန်တာလဲ။ ရုံးက ငါ့မိတ်ဆွေ 'ကိုလျာ' နဲ့လား"
"မဟုတ်ပါဘူး"
"ဟိုဘက်တိုက်က ငါ့သူငယ်ချင်း 'အင်ဒရေ' နဲ့လား"
"မဟုတ်ပါဘူး"
"ဒါဆိုရင် ငါ့ကျောင်းနေဘက် သူငယ်ချင်း 'နီကီတာ' နဲ့လား"
"နေပါဦး၊ ရှင် ဘာဖြစ်လို့ ရှင့် သူငယ်ချင်းတွေကို စွပ်စွဲနေရတာလဲ။ ဘာလဲ။ ကျွန်မမှာ ကိုယ်ပိုင်ယောကျ်ား မိတ်ဆွေတွေ မရှိဘူး လို့ ရှင် ထင်နေသလား။ ဟင်း"

### ၁၂၈။ အဖြေရခက်တယ်

ကိုချူချာ အပါအဝင် တပ်သားသစ်များကို ရေကူးသင်တန်းဆရာက မေးသည်။
"မင်းတို့အထဲမှာ ဘယ်သူ ရေကူးတက်သလဲကွ"
အားလုံးက ရေကူးတက်ကြောင်း ဖြေကြသည်။ ကိုချူချာသာ ဒေါင့်နားကပ်ပြီး တုံနှိဘာဝေ လုပ်နေသည်။ အဖြေရ ခက်နေပုံ ပေါ်သည်။
"ဟေ့ ရဲဘော်။ မောင်ရင် ဘာဖြစ်လို့ ဘာမှ မဖြေတာလဲ။ ရေကူးတက်သလားလို့ မေးနေတယ်။"
"ကျွန်တော် မသိဘူးခင်ဗျ"
"ဟ။ ဘယ်လိုဟာလဲကွ။ ကိုယ့်ဟာကိုယ် ရေကူးတက်လာ မကူးတက်ဘူးလားဆိုတာ မသိဘူး"
"ဒီလိုပါ။ ကျွန်တော် တစ်ခါမှ ရေမကူးဖူးလို့ပါ"

### ၁၂၉။ စိတ်အချရဆုံး

သင်တန်းဆရာက ရဲဘော်များကို မေးသည်။
"အခုခေတ်မှာ စိတ်အချရဆုံး သေနတ်ဟာ ဘာလဲကွ"

ဘယ်သူမှ မဖြေနိုင်ခင် ရဲဘော်ချူချာ ဖြေလိုက်သည်။
"ကျည်ဆန်ထုတ်ထားတဲ့ သေနတ်ပါ"

## ၁၃၀။ သတိပေးချက်

ကင်းစောင့်တာဝန်ကျသည့် အမျိုးသမီးတပ်ဖွဲ့မှ စစ်သမီးကို အရာခံဗိုလ်က မှာကြားသည်။
"သေသေချာချာ မှတ်ထား။ ကင်းစောင့် တာဝန်ကျတဲ့လူဟာ 'ရပ်။ ဘယ်သူလဲလို့'
အော်ရတယ်။ 'ရှေ့မတိုးနဲ့ ကျွန်မ အော်လိုက်မယ်နော်' လို့ မပြောရဘူး နားလည်းလား"

## ၁၃၁။ ဂဏန်းတော်တဲ့ ရဲဘော် ချူချာ

သင်တန်းဆရာက ရဲဘော်များကို လက်ပစ်ဗုံးပစ်နည်း သင်ပြနေသည်။
"စနက်တံကို ဆွဲဖြုတ်လိုက်။ ၂၁– အထိရေပြီ ပစ်လိုက် ဝေးလေ ကောင်းလေပဲ"
မိနစ်အနည်းငယ်အကြာတွင် လက်ပစ်ဗုံးကို လက်ထဲ ဆိုင်ကိုင်ထားသည့် ရဲဘော် ချူချာကို
သင်တန်းဆရာ သတိထားမိရာ စိုးရိမ်တကြီး လှမ်းအော်သည်။
"ဟေ့ ရဲဘော် ပစ်လိုက်တော့လေ။ ဘာဖြစ်လို့ ဆိုင်းနေတာလဲ"
"ကျွန်တော် ၁၀၀– ထိ ရေတက်တယ်ခင်ဗျ"

## ၁၃၂။ အပြေးချန်ပီယံ

တိုက်ပွဲမှ ပြန်လာသော ရဲဘော်ချူချာကို ဝိုင်းမေးကြသည်။
"ဟေ့၊ တစ်ဘက်ရန်သူကို မင်းမြင်ခဲ့ရလား"
"ဟင့်အင်း၊ ငါ့မှာ နောက်ပြန်ကြည့်တက်တဲ့ အကျင့် မရှိဘူး"

## ၁၃၃။ အကျင့်သိက္ခာ

စီးပွားရေးလုပ်ငန်းရှင်က သားဖြစ်သူကို ပညာပေးနေသည်။
"စစ်မှန်တဲ့ စီးပွားရေးသမား ဆိုတာဟာ အလုပ်မှာရော၊ အိမ်မှာ ပါ အကျင့်သိက္ခကို
စောင့်ထိန်းရတယ်။ ဆိုကြပါစို့။ အဖေ့ရဲ့ လုပ်ဖော်ကိုင်ဘက် တစ်ဦးဟာ အဖေ့ကို
အကြွေးတစ်သိန်းပေးစရာရှိတယ်။ ဒါပေမယ့် မှားပြီး သူ အဖေ့ကို နှစ်သိန်းပေးမိတယ်။ ဒီမှာ
ဆုံးဖြတ်စရာ ဖြစ်လာပြီ။ ပိုရတဲ့ငွေကို မင်းအမေ လက်ထဲ အပ်လိုက်ရမလား။ ဒါမှ မဟုတ်
အဖေပဲ ယူထားလိုက်ရမလားဆိုတာပဲ"

**၁၃၄။ ဘယ်လိုလုပ်သိပါလိမ့်**

ယနေ့ထုတ် သတင်းစာကို ဖတ်နေရာက စာရေးမက ပြောသည်။
"မြို့စွန်တောထဲမှာ အိုင်တို့ရဲ့ ညွှန်ချုပ်ကို ကျားတစ်ကောင် ခုန်အုပ်တယ်ဆိုပဲ"
ကျန် စာရေးမတစ်ယောက်က ပြန်ပြောသည်။
"အိုင်တို့ရဲ့ ညွှန်ချုပ်မှန်း ဒီကျား ဘယ်လိုလုပ် သိပါလိမ့်နော်"

**၁၃၅။ ရိုးသားသူ**

မိတ်ဆွေနှစ်ယောက် ဆုံကြသည်။ တစ်ယောက်က ပြောသည်။
"အခုခေတ်မှာ ရိုးသားတဲ့ လူတစ်ယောက်အဖို့ အနေမချောင်ပါလားဗျာ"
"ခင်ဗျာပြောတာ သဘောတူတယ်။ ဒါပေမယ့် ခင်ဗျားအနေနဲ့ ဘာများ စိတ်ပူစရာ ရှိလို့တုန်း"

**၁၃၆။ အဘိုးမတန်သောအတွေး**

ရုံးစာရေးဖြစ်သူ အလုပ်ထဲ ထိုင်ပြီး တွေးနေ ငေးနေသည်ကို မြင်ရာ ၎င်းအား ကျီစယ်လိုသည့်စိတ် ကုမ္ပဏီပိုင်ရှင်တွင် ပေါ်လာသည်။ သို့နှင့် ပြောသည်။
"မင်း အခုဘာတွေးနေသလဲဆိုတာ ငါ့ကို ပြောပြရင် ငွေတစ်ရာပေးမယ်"
စာရေးက အလန့်တကြား ပြန်ပြောသည်။
"ဟာ မလုပ်ပါနဲ့ ခင်ဗျာ။ ကျွန်တော့်အတွေးဟာ ဘာတန်ဖိုးမှ မရှိပါဘူး"
"ဘာပဲဖြစ်ဖြစ် ပြောစမ်းကွာ"
"ဟုတ်ကဲ့။ လူကြီးမင်းအကြောင်းကို တွေးနေတာပါခင်ဗျာ"

**၁၃၇။ ကလေးတွေအကြောင်း**

အစမ်းစာမေးပွဲ၌ သမိုင်းဘာသာရပ်တွင် ၂-မှတ်သာ ရသဖြင့် ၃-တန်းကျောင်းသား သားငယ်ကို အဖေက မေးသည်။
"သား။ ဘာဖြစ်လို့ သမိုင်းဘာသာရပ်မှာ ၂-မှတ်တည်း ရတာလဲကွ"
"သားမမွေးခင်က အကြောင်းတွေကို မေးတာကိုး အဖေရဲ့။ ၂-မှတ်ရတာတောင် ကံကောင်းတယ်မှတ်"

•••••

၃–နှစ်သမီးကို အမေက မေးသည်။
"ကေသီ၊ သမီးလေး၊ ဘာလုပ်နေသလဲကွဲ့"
"ဒေစီ့ဆီ စာရေးနေတယ် မေမေ"
"သမီးမှ စာမရေးတတ်သေးဘဲနဲ့"
"အဲဒါ ဘာဖြစ်လဲ ဒေစီ လည်း စာမှ မဖတ်တတ်သေးတာ"

•••••

ပီတာလေး နေမကောင်း ဖြစ်သည်။ ဆေးအိမ်က ၎င်း၏ကစားဖော် ချာတိတ်ရောက်လာသည်။ ပီတာ မပြင်းရအောင် အကြာကြီး ထိုင်စကားပြောသည်။ တက်နိုင်သမျှ ပြုစုသည်။ ဤသည်ကို ကြည့်ပြီး ပီတာအမေ၏ရင်ထဲ ပီတိဖြစ်သည်။ ချာတိတ်ကို ကျေးဇူးတင်သွားသည်။ သို့နှင့် ချာတိတ် ပြန်မည် လုပ်သောအခါ ချာတိတ်ကို ချောကလက် လက်ဆောင်ပေးသည်။ ချောကလက်ကို ယူပြီး ချာတိတ်က မမျှော်လင့်ဘဲ ပြောလိုက်သည်။
"အန်တီ၊ ပီတာသေရင် သူ့စက်ဘီးကို ကျွန်တော် ယူလို့ရမလားဟင်"

•••••

"ချာတိတ်။ မင်းအသက် ဘယ်လောက်ရှိပြီလဲ"
"ငါးနှစ်"
"မင်းဘေးနားက ချာတိတ်မလေးရော။ သူ့နဲ့ မင်း ဘာတော်လဲ"
"သူ့နာမည် ဒေစီ။ ကျွန်တော့် အစ်မ။ အခု သူ ကျွန်တော့်ထက် အသက် ၂–နှစ်ကြီးတယ်။ ဒါပေမယ့် နောက်သုံးနှစ်ကြာရင် သူ့ထက် ကျွန်တော် တစ်နှစ် ကြီးသွားလိမ့်မယ်"
ဆရာမက ပီတာလေးကို ပြောသည်။
"ဟဲ့၊ ပီတာ ကျောင်းကို လာတာ ဘာဖြစ်လို့ မျက်နှာမသစ်ဘဲ လာရတာလဲကွဲ့။
မင်းမျက်နှာကို ကြည့်ပြီး ဒီနေ့ နံနက်စား ဘာစားခဲ့သလဲဆိုတာ ဆရာမ ပြောနိုင်တယ်ကွဲ့"
"ပြောနိုင်ရင် ပြောလေ"
"ကြက်ဥကွာ"
"မမှန်ဘူး။ ကျွန်တော် ကြက်ဥစားတာ လွန်ခဲ့တဲ့ ၂–ရက်က"

•••••

"ကလေးတို့ရေ၊ တို့တစ်တွေ အပေါ်ကို မော့ကြည့်ရင် ဘာကို မြင်ရမလဲကွယ်"
"မိုးကောင်းကင်ပါ"
"မိုးရွာနေတဲ့ အချိန်မှာဆိုရင်ကောကွယ်"

"ထိး"

.....

အမေဖြစ်သူ စိတ်ဆိုးဆိုးနှင့် သား၏နားရွက်ကို ဆွဲလိမ်သည်။ တံမြက်စည်းကို ယူပြီး သားမိုက်ကို ဆုံးမရန် ပြင်သည်။
"လာခဲ့။ ဒန်အိုးကို ကြိုးနဲ့ ကြောင်ရဲ့ အမြီးသွားချည်သတဲ့။ နင့်ကို မှတ်လောက် သားလောက်အောင် ဆုံးမရမယ်။ လာခဲ့စမ်း။"
ချာတိတ် ငိုငိုမဲ့မဲ့ နှင့် ပြန်ပြောသည်။
"မေမေကလည်း တခြားအိမ်က ကြောင်ပဲ ဥစ္စာ"
"ဒါပေမယ့် အိုးက တို့အိမ်က အိုးဟဲ့"

### ၁၃၈။ နောက်မှ ခေါ်လာခဲ့ပါ

လမ်းသွားလမ်းလာများကို အမျိုးမျိုး နောက်ပြောင်ပြီး အနှောင့်အယှက်ပေးသော ချာတိတ်ကို ရဲသား ဆွဲခေါ်လာသည်။ ချာတိတ်၏အိမ်သို့ ရောက်သောအခါ ရဲသားက ဘဲလ်တီးလိုက်သည်။ ချာတိတ်၏ အဖေ တံခါးကို ဖွင့်ပေးသည်။
ရဲသားက အသံခပ်မာမာဖြင့်မေးသည်။
"ဒါနောင်ကြီးရဲ့ ကလေးလား"
"ဟုတ်တယ်။ ဒါပေမယ့် နောက်တစ်နာရီ ကြာမှ ခေါ်လာခဲ့ပါလားဗျာ။ အိမ်မှာ ဧည့်သည်တွေ ရောက်နေလို့ပါ။"

---

### ၁၃၉။ ရွေးဖို့လား

အိမ်ထောင်စုတွင် အမွှာပူးမွေးသည်။ မိဘနှစ်ပါးစလုံး ဝမ်းသာနေကြသည်။ ငါးနှစ်သား ပီတာလေးသည် ညီနှစ်ယောက်ကို အကြာကြီး ကြည့်သည်။ ထို့နောက် မိဘများကို မေးသည်။
"သူတို့ နှစ်ယောက်လုံး ဒီမှာ နေမှာလား။ ဒါမှ မဟုတ် ကြိုက်တာ တစ်ယောက်ကို ရွေးဖို့ ကျွန်တော်တို့ဆီ ပို့လိုက်တာလား"

### ၁၄၀။ အရိပ်

အလွန်ဝသော မိန်းမကြီးတစ်ယောက် လမ်းလျှောက်လာသည်။ ၎င်း၏နောက်မှ ချာတိတ်တစ်ယောက် ထပ်ကြပ်မကွာ လိုက်လာသည်။ တစ်နေရာတွင် မိန်းမကြီး နောက်ဘက်လှည့်ပြီး ချာတိတ်ကို မေးသည်။
"ဟေ့၊ ချာတိတ်။ မင်း ငါ့နောက်ကို ဘာဖြစ်လို့ လိုက်နေတာလဲ။ ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူးခင်ဗျ။ လမ်းပေါ်မှာ နေ အင်မတန်ပူတယ်။ ကျွန်တော်က အရိပ်မှာပဲ လမ်းလျှောက်ချင်တယ် ဒါကြောင့်ပါ"

## ၁၄၁။ အရေးပေါ်ဆင့်ခေါ်ခြင်း

ည ၂-နာရီ အချိန်တွင် ဆရာဝန်ကြီး၏အိမ်၌ တယ်လီဖုန်းသံ မြည်လာသည်။ လူတစ်ယောက် အသည်းအသန် ဖြစ်နေ၍ အမြန်ဆုံးလာစေလိုကြောင်း ဆက်သူက ပြောသည်။ မဖြစ်ဖြစ်လာပါရန် ဆက်သူက အနူးအညွတ်တောင်းပန်သည်။ ညအချိန်မတော် ဖြစ်နေရုံမက အပြင်ဘက်တွင် မိုးကလည်း အသည်းအသန် ရွာနေရာ ဆရာဝန်ကြီး မသွားလိုချေ။ ပြီးတော့ လူနာ၏အိမ်က မြို့စွန်တွင် ဖြစ်နေသည်။ သို့သော် မတက်နိုင်။ လူတစ်ယောက်၏ အသက်ကို ကယ်ရမည့် ကိစ္စဖြစ်နေသည်။
လူနာ၏ အိမ်သို့ ဆရာဝန်ကြီး ခဲခဲယဉ်းယဉ်းနှင့် ရောက်လာသည်။ အိပ်ရာထဲတွင် ညည်းတွားနေသော လူကြီးတစ်ယောက်ကို တွေ့သည်။
"ဒေါက်တာရယ်၊ ကျွန်တော်ကို ကယ်ပါဦး။ ကျွန်တော့်ကိုယ် ကျွန်တော် မကြာခင်သေရတော့မယ်လို့ ထင်နေတယ် ခင်ဗျ"
"ဘယ်နေရာမှ နာသလဲ"
"ဘယ်နေရာမှာမှ မနာပါဘူးခင်ဗျ"
"မတော်တဆ ထိခိုက်ဒဏ်ရာရတာ ဖြစ်ဖူးသလား"
"မဖြစ်ဖူးပါဘူး ခင်ဗျ"
လူနာကို ခဏမျှ စမ်းသပ်စစ်ဆေးပြီးသောအခါ ဝမ်းနည်းသော အသံဖြင့် ဆရာဝန်က လူနာကို ပြောသည်။
"ခင်ဗျား သေတမ်းစာ ရေးပြီးပလား"
"ဒေါက်တာ။ ဘာလဲ။ ကျွန်တော် တကယ်ဘဲ သေတော့မယ်လို့ ဒေါက်တာ ဆိုလိုချင်တာလား ဟင်။ ဟင့်အင်း။ ဟင့်အင်း။ကျွန်တော် မသေချင်သေဘူး ဒေါက်တာ။ ကျွန်တော့် အသက်ကို ကယ်ပါဗျ"
"ခင်ဗျားဆီမှာ သားသမီးတွေ ရှိလား။ သူတို့ကို အခုချက်ချင်း ခေါ်ခိုင်းလိုက်ပါ။ ပြီးတော့ ဆွေမျိုးတွေလကိုပါ ခေါ်ဖို့ မမေ့ပါနဲ့"
"ဘုရား။ ဘုရား။ ကျွန်တော် တကယ်သေမှာလား ဆရာရယ်"
"မသေပါဘူး။ ခင်ဗျားရဲ့ ကျန်းမာရေးဟာ ကျွဲရိုင်းကြီး တစ်ကောင်လို ကောင်းနေပါသေးတယ်။ အဲ ဒါပေမယ့် ဒီလို ရာသီဥတုနဲ့ ဒီလို အချိန်မျိုးမှာ ကျုပ်တစ်ယောက်တည်း အရူးလုပ်ခံရတာမျိုး အဖြစ်မခံနိုင်ဘူးဗျ။ နားလည်လား"

---

## ၁၄၂။ နောက်ကျသွားပြီ

လူကြီးတစ်ယောက် ဆေးစစ်သွားသည်။ ရက်အနည်းငယ်အကြာတွင် ၎င်းတွင် တီဘီပိုး၊ ဆစ်ဖလစ်ပိုးတို့ တွေ့ရှိရုံမက နှလုံးလည်း အလွန် အားနည်းနေကြောင်း သိလိုက်ရသည်။ ၎င်း အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။

သို့သော် နောက်တစ်ရက် အကြာတွင် ဆေးတိုက်မှ ကြေးနန်းစာတစ်စောင် ၎င်းထံ ရောက်လာသည်။ ကြေးနန်းစာမှာ ဤသို့ ဖြစ်သည်။

"လူကြီးမင်းခင်ဗျား။ အခြားလူတစ်ယောက်၏ ဆေးမှတ်တမ်းကို မှားပြီး ယမန့်နေက လူကြီးမင်းအား ပေးလိုက်မိပါသည်။ ဤအတွက် အထူးတောင်းပန်အပ်ပါသည်။ လူကြီးမင်း နေကောင်းပါသည် ခင်ဗျား"

ချက်ချင်းဆိုသလို လူကြီးသည် ကြေးနန်းစာတစ်စောင်ကို ပြန်ပို့လိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကို အကြောင်းကြားတာ နောက်ကျသွားပြီး။ လွန်ခဲ့တဲ့ မိနစ် ၄၀– က ကျုပ်ကိုကျုပ် သတ်သေလိုက်ပြီ" ဟူ၍ဖြစ်သည်။

## ၁၄၃။ စောစောက ပြောရော့ပေါ့

ရန်သူ၏ လက်ချက်ကြောင့် ခြေထောက်တွင် ဒဏ်ရာရသော စစ်ဗိုလ်ကို စစ်ဆေးရုံသို့ သယ်ဆောင်လာသည်။ ရောက်ရောက်ချင်း ၎င်းကို ခွဲစိတ်ခန်းထဲ သွင်းပြီး ခွဲစိတ်ရန် ပြင်ဆင်ကြသည်။ နှစ်နာရီခန့် ကြာသွားသည်။ စစ်ဗိုလ်က သည်းမခံနိုင်တော့ဟန်ဖြင့် မေးသည်။

"ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေရတာလဲ။ ဘာကို ရှာနေကြတာလဲ။ ဒဏ်ရာအပေါက်က သေးသေးလေး။ ဆယ်မိနစ်ချုပ်ရင် ပြီးတဲ့ ကိစ္စ "

"ကျွန်တော်တို့ ကျည်ဆန်ကို ရှာနေကြတာဗျ"

ဤစကားကို ကြားသော် လူနာစစ်ဗိုလ် ပေါက်ကွဲတော့သည်။

"စောစောက ပြောပါတော့လား။ ကျည်ဆန်က ကျွန်တော့် အိပ်ထောင်ထဲမှာ။ ရော့"

## ၁၄၄။ တော်တော်ဆိုးတဲ့ ကိုဘမောင်

ကိုဘမောင် ဆရာဝန်ထံ ရောက်လာသည်။ ဆရာဝန်က ကိုဘမောင်ကို ဘက်ပေါင်းစုံ စမ်းသပ်စစ်ဆေးပြီးနောက် ပြောသည်။

"ကိုင်း မိတ်ဆွေ။ အသားမစားနဲ့။ ဆေးလိပ်သောက်တာကို ရပ်လိုက်ပါ။ အရက်ဆို ဝေးဝေးက ရှောင်ပါ"

ကိုဘမောင် ဘာမှ ပြန်မပြော။ ဆရာဝန်ကို ခဏမျှ စိုက်ကြည့်လိုက်ပြီး နေရာမှထကာ ပြန်ရင်ပြန်သည်။ ဆရာဝန်က ပြာပြာသလဲလဲ ပြောသည်။

"ဟေ့လူ။ ဘယ်လိုလဲ။ ဆရာဝန်ခ ပေးဦးလေ"

"ဘာလို့ပေးရမှာလဲ။ ခင်ဗျားပေးတဲ့ အကြံအတိုင်း ကျွန်တော် လုပ်မှာမှ မဟုတ်တာ"

## ၁၄၅။ လမ်းလျှောက်တဲ့ ကိုချူချာ

အခုလော ကိုချူချာ ခဏခဏ မအီမသာ ဖြစ်သည်။ သို့နှင့် တနေ့တွင် ဆရာဝန်ထံ သွားပြသည်။ ဆရာဝန်က ကိုချူချာ ပြောသည်ကို အသေအချာ နားထောက်ပြီး စာနာသံဖြင့် ပြောသည်။

"ခင်ဗျား လေကောင်းလေသန့် ရှူဖို့၊ များများလှုပ်ရှားဖို့ လိုနေတယ်။ နေ့စဉ် ပန်းခြံကြီး ပတ်ပြီး လမ်းလျှောက်စမ်းပါ။ မကြာခင် နေထိုင်ကောင်းလာပါလိမ့်မယ်။ ပန်းခြံ တစ်ပတ်ဆိုလျှင် အကွာအဝေးက ၄– မိုင်တိတိ။ ခင်ဗျားအတွက် ဒီ ၄–မိုင် ခရီးဟာ မုချ အထောက်အကူ ဖြစ်ပါလိမ့်မယ်"

ကိုချူချာ ဆရာဝန်ကို ကျေးဇူးတင်စကား ပြောပြီး အိမ်သို့ ပြန်သည်။ လမ်းသွားရင်း စဉ်းစားသည်။ ၄–မိုင် ခရီးဆိုတာ အရှည်ကြီး။ ပြီးတော့ ကိုယ်ကိုယ်တိုင်က လမ်းလျှောက်တာ သိပ် ဝါသနာမပါ။ အခြားတစ်ဘက်တွင် ဆရာဝန် စကားကို နားထောင်ချင်သည်။ ဘယ်လိုလုပ်ရပါ့ ဟု စဉ်းစားသည်။ နောက်ဆုံးတါင် ထွက်ပေါက်ကို တွေ့သည်။

ကိုချူချာ ပန်းခြံကို ပတ်ပြီး လျှောက်သည်။ သို့သော် ပန်းခြံတစ်ဝက် နှစ်မိုင်ထိပဲ လျှောက်ပြီး အိမ်သို့ လှည့်ပြန်သည်။

"ဟေး ဟေး။ ဟန်ကျလိုက်တာ။ ပန်းခြံ တစ်ပတ်လုံးလုံး ငါ လျှောက်စရာ မလိုပါလား" ဟု ကိုယ့်ဟာကိုယ်ပြောပြီး ကျေနပ်ပြုံး ပြုံးသည်။

---

## ၁၄၆။ ခေါင်းကိုဆေး

တောမြို့ကလေးတစ်ခု၏ တစ်ခုတည်းသော ဆေးဆိုင်သို့ လူတစ်ယောက် ရောက်လာပြီး ဆေးဆိုင်ဝန်ထမ်းကို မေးသည်။

"ခေါင်းကိုက်ပျောက်ဆေး ရှိသလားဗျ"

"အခု လောလောဆယ် မရှိဘူး"

"ဒါပေမယ့် မနက်ဖြန်ကျရင် ဆက်ဆက်ရှိပါလိမ့်မယ်။ မနက်ဖြန်မှ လာခဲ့ပါလား ခက်တာပဲဗျာ။ ကျွန်တော့်ခေါင်းက အခု ကိုက်နေတာကလား"

"အဲဒါဆို ဒီလိုလုပ်လေ။ မနက်ဖြန်အထိ ခေါင်း ဆက်ကိုက်နေအောင် ကျွန်တော် ဆေးတစ်ခု ပေးလိုက်မယ်။ ဘယ့်နှယ့်လဲ"

## ၁၄၇။ တမန်တော်

မိမိကိုယ် မိမိ သိကြားမင်းပါဟု ဆိုသော လူနာကို စိတ်ရောဂါ အထူးကု ဆေးရုံသို့ ခေါ်လာသည်။ ဆရာဝန်က ၎င်းကို စမ်းသပ် စစ်ဆေးသည်။ လူနာသည် တစ်ချိန်လုံး မိမိ

သိကြားမင်း ဖြစ်ကြောင်း ဆရာဝန်ကို သက်သေထူသည်။ နောက်ဆုံးတွင် ဆရာဝန် စိတ်တိုလာပြီး ပြောသည်။
"လွန်ခဲ့တဲ့ အပတ်က သိကြားမင်းက လွှတ်လိုက်တဲ့ တမန်တော်ဆိုတဲ့ လူတစ်ယောက် ပေါ်လာတယ်။ သူ့ကို လည်း ကျွန်တော်တို့ ဆေးရုံ မှာ ခေါ်ထားရတယ်"
"မှန်တာပေါ့။ လွန်ခဲ့တဲ့ အပတ်က ကျွန်တော် ဘယ်သူ့ကိုမှ မလွှတ်ခဲ့ဘူး။"

## ၁၄၈။ အပြန်အလှန်မှားယွင်းမှု

လန်ဒန်မှ ထွက်လာသော ရထားပေါ်တွင် ကောင်းမွန်စာ ဝတ်စားထားသော လူကြီးတစ်ဦး လိုက်ပါလာသည်။ ရုတ်တရက် ဆေးပြင်းလိပ်ထည့်သော ၎င်း၏ ငွေဘူးပျောက်ဆုံးနေသည်ကို သတိထားလိုက်မိသည်။ သို့နှင့် ၎င်း၏ ဆောင်တွင် ထိုင်လိုက်လာသော ခရီးသည် လူငယ်ကို သူခိုးအဖြစ် စွပ်စွဲသည်။
ဖြစ်ချင်တော့ စွပ်စွဲမိပြီးကာမှ ချက်ချင်းဆိုသလို ငွေဘူးကို ကြမ်းပေါ်တွင် ပြန့်တွေသည်။ မိမိ တန်ဖိုးထားသော ပစ္စည်းကို ပြန်ရ၍ ဝမ်းသာသည့် တစ်ချိန်တည်းမှာပင် စွပ်စွဲမိသည့်အတွက် တစ်ဘက်လူကို များစွာ အားနာသွားသည်။ သို့နှင့် ခွင့်လွှတ်ပါရန် တောင်းပန်သည်။
လူငယ်က ပြန်ပြောသည်။
"ကိစ္စမရှိပါဘူး။ ဦးက ကျွန်တော့်ကို သူခိုးလို့ ထင်တယ်။ ကျွန်တော်ကလည်း ဦးကို လူကြီးလူကောင်းလို့ ထင်ခဲ့မိတယ်။ နှစ်ယောက် စလုံး မှားကြတာပဲ"

## ၁၄၉။ နားလည်မှု လွဲသွားလို့

ခွင့်ရက်ရှည်ရသည်နှင့် အင်္ဂလိပ်လူမျိုး မစ္စတာ ဂိုးလ်ဘတ် ဂျာမဏီ နိုင်ငံသို့ အနားသွားယူသည်။
တည်းခိုသည့် နေရာနှင့် မနီးမဝေး စားသောက်ဆိုင်တွင် မစ္စတာဂိုးလ်ဘတ် ညနေတိုင်း ညစာ စားသည်။ ဆိုင်မန်ဂျာ က ၎င်းအတွက် စားပွဲအမှတ် ၂– ကို နေရာချ သတ်မှတ်ပေးသည်။ ဤ စားပွဲတွင် ပြင်သစ်တစ်ယောက်လည်း လာထိုင်ပြီး ညစာ စားသည်။ ညနေတိုင်း မစ္စတာဂိုးလ်ဘတ် နှင့် ပြင်သစ် တို့ ဆုံမိကြသည်။ ဆုံသည့်အခါတိုင်း ပြင်သစ်သည် ယဉ်ကျေးစွာ ပြုံးပြကာ bonappetit ဟု ပြောသည်။ ဂိုးလ်ဘတ် ပြင်သစ်စကားကို နားမလည်ချေ။ တစ်ဘက် ပုဂ္ဂိုလ်က မိမိ၏အမည်ကို ပြောပြီး မိတ်ဆက်ခြင်း ဖြစ်လိမ့်မည်ဟု တွက်သည်။ ထို့ကြောင့် 'ဂိုးဘတ်လ်' ဟု ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။
တစ်ပတ်လောက် ကြာသွားသည်။ ဆိုင်မန်နေဂျာကို မစ္စတာဂိုးလ်ဘတ် မေးသည်။
"ပြင်သစ်လူမျိုးတွေ အင်မတန် ယဉ်ကျေးတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဘာဖြစ်လို့ အကြိမ်တိုင်းမှာ ကိုယ့်နာမည်ကို ပြောပြီး မိတ်ဆက်ရတာလဲဗျာ ပထမတစ်ခါ မှာကတည်းက သူ့နာမည်ကို bonappetit ဆိုတာ ကျွန်တော်ကောင်းကောင်း မှတ်မိနေပြီပဲ"
"မစ္စတာဂိုးလ်ဘတ် နားလည်တာ လွဲနေတယ် ခင်ဗျ။ ပြင်သစ်လို bon appetit ဆိုတာ မြိန်ရှက်စွာ သုံးဆောင် နိုင်ပါစေ လို့ အဓိပ္ပါယ်ရတယ်ခင်ဗျ"

နောက်တစ်နေ့တွင် ပုံမှန်အတိုင်း မစ္စတာဂိုးလ်ဘတ် ညစာစားရန် စားသောက်ဆိုင်သို့ သွားသည်။ ပြစ်သစ် ရောက်နှင့်နေပြီ ဖြစ်သည်။ မစ္စတာဂိုးလ်ဘတ် သည် ပြုံးပြီး bon appetit ဟု ပြောလိုက်သည်။ ပြစ်သစ်ကလည်း ယဉ်ကျေးစွာ ပြန်လည် ပြုံးပြပြီး ပြောသည်။
"ဂိုးလ်ဘတ်"

## ၁၅၀။ အလျင်မလိုပါ

ကိုဘမောင်သည် အရက်ကို တစ်ခွက်ပြီး တစ်ခွက် မော့ချနေရာ ၎င်းနှင့်အတူ ပါလာသော မိတ်ဆွေက ပြောသည်။
"ဟေ့လူ။ အရက်ကို ဒီလောက်များများ သောက်ရင် သင်္ချိုင်းဆီကို တဖြည်းဖြည်းချင်း လျှောက်သွားနေတာနဲ့ တူတယ်ဆိုတာ ခင်ဗျား မသိဘူးလား"
"ဘယ်သူက အလျင်လိုတယ် ပြောလို့လဲ"

## ၁၅၁။ ကောက်ချက်

"ခင်ဗျား နေမကောင်းဘူး ထင်တယ်"
"မဟုတ်တာဗျာ။ ခင်ဗျား ဘာဖြစ်လို့ ဒီလို ထင်ရတာလဲ"
"မနေ့က ခင်ဗျား ဆေးဆိုင်ထဲ ဝင်သွားတာ မြင်လိုက်လို့ပါ"
"သြော်၊ ဒါကြောင့်လား။ ကောင်းပြီ။ ကျုပ် သင်္ချိုင်းထဲ ဝင်သွားတယ်ဆိုရင် ခင်ဗျား ဘယ်လို ထင်မလဲဗျ ဟင်း၊ ပြောစမ်းပါ"

## ၁၅၂။ လူလိမ်

ကိုမြ၏ အသက်ကို ၄၀– ပြည့် မွေးနေပွဲ ဖြစ်သည်။
ကိုမြ၏အိမ်တွင် ဖိတ်ကြားထားသော သူငယ်ချင်း မိတ်ဆွေများကို ရောက်ရှိနေကြပြီ ဖြစ်သည်။ အိမ်ရှင် လင်မယားရော၊ ဧည့်သည်များပါ မောင်ကောင်းထိုက်၏ စာဖတ်ပရိသတ်များ ဖြစ်ကြသည်။
ညနေ ၇– နာရီတွင် ပွဲကို စရန် ဖြစ်သော်လည်း ၇–နာရီခွဲအထိ မစနိုင်သေးချေ။ ကိုဘမောင်တစ်ယောက် မရောက်လာသေးသောကြောင့်ဖြစ်သည်။ ၈–နာရီ မထိုးမီ ၁၅ – မိနစ်အလိုတွင်မှ ကိုဘမောင် ရောက်လာသည်။ ရောက်ရောက်ချင်း စိတ်လှုပ်ရှားသံ ဖြင့် ရောက်နှင့်သူများကို ပြောသည်။
"ခရီးရောက်မဆိုက် ပြောရဦးမယ်ဗျို့။ သမိုင်းလမ်းဆုံ ကနေ နံပါတ် ၃– ဘတ်စ်ကားကို ကျွန်တော် စီးလာတယ်။ လှည်းတန်းဒေါင့်ရောက်တော့ စာရေးဆရာ မောင်ကောင်းထိုက် တက်လာပြီး ကျွန်တော့် ဘေးက ခုံလွတ်မှာ ဝင်ထိုင်တယ်။ ကျွန်တော်က ဆရာရဲ့ စာဖတ်ပရိသတ်တစ်ဦးပါလို့ ပြောပြီး မိတ်ဆက်တယ်။ သူကလည်း တွေ့ရတာ

ဝမ်းသာပါကြောင်း ပြောတယ်။ မြေနီကုန်းမှာ နှစ်ယောက်သားဆင်းပြီး လက်ဖက်ရည် မှာ ဝင်ထိုင်ကြတယ်။ ဒါကြောင့် နည်းနည်း နောက်ကျသွားတာပါ။ ကျွန်တော်ပြောတာ ယုံကြည်နော်"
ညှော်သည်တွေထဲမှာ တစ်ယောက်က ပြောသည်။
"မယုံဘူး။ သမိုင်းကနေ မြို့ထဲကို နံပါတ် ၃–ကား မပြေးဘူး"

---

### ၁၅၃။ ကံကောင်းသူ

မိတ်ဆွေနှစ်ယောက် ဆုံကြသည်။ တစ်ယောက်က ပြောသည်။
"ကိုဘမောင်ဆိုတဲ့လူ အင်မတန် ကံကောင်းတဲ့ လူပဲဗျာ။ မတော်တဆ ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံလုပ်ပြီး ရုံးရှိသေးသည်။ နောက်တစ်နေ့မှာ ကားတိုက်ခံရတယ်"

### ၁၅၄။ နိုးသလိုဖြစ်နေသလား

ပြဇာတ်ရုံအတွင်းသို့ လူတစ်ယောက် ဆူညံဆူညံ နှင့် ဝင်လာသည်။ ရုံမန်ဂျာက အသံမပြုရန် အရိပ်ပြသည်။ ထိုလူက ပြန်ပြောသည်။
"ဘာလဲ၊ ပွဲကြည့်ပရိသတ်တွေ အိပ်နေကြပြီလား"

### ၁၅၅။ မမှန်သောအမြင်

တစ်ယောက်နှင့် တစ်ယောက် ကြည့်မရအောင် မုန်းကြသူ နှစ်ယောက် ဆုံကြရာ တစ်ယောက်က ဦးအောင်ပြောသည်။
"ကျွန်တော် သိရသလောက် လူတွေက ခင်ဗျားကို အင်မတန် ညံ့ဖျင်းတဲ့လူလို့ ပြောကြတယ်"
"လူတွေဟာ မှားတက်ကြပါတယ်။ ခင်ဗျားကိုလည်း အင်မတန် တော်တဲ့လူလို့ ပြောနေကြတာပဲ"

### ၁၅၆။ ဒုက္ခိတ

"ဘေးခန်းကလူ ဘယ်သူနဲ့ စကားပြောနေတာလဲ"
"သူ့ဟာသူ ပြောနေတာ"
"အဲဒါဆို ဘာဖြစ်လို့ ဒီလောက် အကျယ်ကြီး ပြောနေတာလဲ"
"သူက နားထိုင်းလေ"

## ၁၅၇။ မင်္ဂလာလက်ဆောင်

အဖေက သားကို ပြောသည်။
"ချာလီတစ်ယောက် မတွေ့တာ ကြာပါပကော။ မင်းနဲ့ သူနဲ့ အင်မတန် ရင်းနှီးတဲ့ သူငယ်ချင်းတွေ မဟုတ်လား။ ဘာဖြစ်လို့ သူတို့အိမ်ကို အလည်မလာတော့တာလဲ။ တက္ကသိုလ်တက်တုန်းက မင်းတို့ အမြဲတတွဲတွဲ နေခဲ့ကြတယ် မဟုတ်လား"
"ဟိုတုန်းက ကျွန်တော်တို့ ကျောင်းသားတွေ မဟုတ်လား အဖေရဲ့။ အခုတော့ သူမိန်းမ ရသွားပြီလေ"
"မိန်းမရတာနဲ့ ဘာဆိုင်လို့လဲ။ မိန်းမရှိတဲ့လူနဲ့ ရင်းရင်းနှီးနှီး မဆက်ဆံရဘူးလို့ ဘယ်သူ ပြောလို့လဲ"
"ဒီလိုပါအဖေ။ သူ့မင်္ဂလာပွဲမှာ ကျွန်တော် လက်ဆောင် တစ်ခု ပေးခဲ့မိတယ်။အဲဒီအချိန်ကတည်းက သူ ကျွန်တော်နဲ့ လုံးဝ စကားမပြောတော့ဘူး"
"ဘာလက်ဆောင် မင်း ပေးလိုက်လို့လဲ"
"ကောင်းကင်ဘုံ ပျောက်ဆုံးခြင်းဆိုတဲ့ စာအုပ်"

## ၁၅၈။ ယေဘူယျပြုခြင်း

ယောကျ်ားတစ်ယောက် အမှားလုပ်မိလျှင် 'မိုက်မဲတဲ့' ယောကျ်ား ' ဟု ပြောကြသည်။
မိန်းမတစ်ယောက် အမှားလုပ်မိလျှင် 'မိန်းမတွေဟာ အင်မတန် မိုက်မဲကြပါကလား' ဟု ပြောလေ့ရှိသည်။

---

## ၁၅၉။ ယောကျ်ားတို့တာဝန်

(မိန်းမရစ ယောကကျ်ားများအတွက် အကြံကောင်းများ)
"အိမ်မှထွက်တိုင်း၊ အိမ်ကို ပြန်ရောက်လာတိုင်း မိန်းမကို မွှေးမွှေးပေးပါ"
"မိန်းမဖြစ်သူ သတင်းစာဖတ်နေလျှင် သို့တည်းမဟုတ် တီဗွီကြည့်နေလျှင် ပုံထားတဲ့ အဝတ်တွေကို လျှော်လိုက်ပါ"
"မိန်းမရဲ့ ခွင့်မပြုချက် မရဘဲ ဘယ်ကိုမှ မသွားပါနှင့်"
"အရက်မသောက်ပါနဲ့။ ဆေးလိပ်မသောက်ပါနဲ့။ ရတဲ့လခ တစ်ပြားမကျန် မိန်းမကို အပ်ပါ။"
"မိန်းမ အကြိုက်ဖြစ်အောင် တက်နိုင်သလောက် လုပ်ပါ။ သူ့စကားကို တစ်သဝေမတိမ်း နားထောင်ပါ"
"မိန်းမရိုးခိုး၊ သွားမကျိုး ဆိုတဲ့ စကားကို အမြဲ သတိရပါ"
အခုပေးတဲ့ အကြံအတိုင်း လိုက်လုပ်လို့မှ မိန်းမ မကျေနပ်သေးဘူးဆိုရင်တော့
"ဒင်းကို ရေနစ်သတ်ပလိုက်"

## ၁၆၀။ ဂရုစိုက်ခြင်း

ရုပ်ရှင်ရုံထဲတွင် အမျိုးသားနှင့် အမျိုးသမီး ထိုင်နေကြသည်။ အမျိုးသားက နားနားကပ်၍ တိုးတိုးလေး မေးသည်။
"ခင်၊ ကောင်းကောင်း မြင်ရရဲ့လားဟင်"
"ကောင်းကောင်းကော ကြားရရဲ့လားကွယ်"
"ကောင်းကောင်းကြားရပါတယ် မောင်"
"ထိုင်ရတာကော သက်တောင့်သက်သာ ရှိရဲ့လား ခင်"
"သက်တောင့်သက်သာ ရှိပါတယ် မောင်"
"အဲဒါဆို နေရာချင်း လဲထိုင်လိုက်ကြရအောင်နော်"

## ၁၆၁။ တိုက်ဆိုင်မှု

အမျိုးသမီးက အိမ်ဖော်မလေးမှ တစ်ဆင့် ချစ်သူထံ စာပို့သည်။
"မောင်။ ဖေဖေ အခုအိပ်ရာထဲ လဲနေတယ်။ ခြေထောက်ခေါက်ပြီး ဘယ်ကိုမှ ထမသွားနိုင်ဘူး။""သူ ကျွန်မ တို့ကို ဘာမှ အနှောင့်အယှက် ပေးနိုင်မှာ မဟုတ်ဘူး။ ဒီနေ့ ညနေ ဆက်ဆက်လာခဲ့နော်။ ကျွန်မ စောင့်နေမယ် သိလား" ဟူ၍ ဖြစ်သည်။
အမျိုးသားက စာကိုချက်ချင်းဖောက်ဖတ်သည်။ စာတိုလေးတစ်စောင် အမြန်ဆုံးရေးပြီး စောစောက စာဖော်မလေးမှ တဆင့်ပင် ပြန်ပို့ပေးလိုက်သည်။
ပြန်စာတွင် ဤသို့ ရေးထားသည်။
"အချစ်။ မောင်မလာနိုင်ဘူးကွယ်။ မောင်လည်း အိပ်ရာထဲ လဲနေတယ်။ ဘာကြောင့်လည်းဆိုတော့ အချစ် ဖေဖေရဲ့ ခြေထောက်နဲ့ ထိတဲ့နေရာမှာ အင်မတန် နာနေလို့ကွယ်"

## ၁၆၂။ ကျွန်တော့်နာမည် ဘမောင်

"ဒီမှာ မိတ်ဆွေ။ ခင်ဗျားမိန်းမ ဘာဖြစ်လို့ မကြာခဏ ဆိုသလို မျက်နှာမှာ ညိုမည်းတဲ့ ဒဏ်ရာနဲ့ ရုံးကို တက်လာရတာလဲ"
"ကျွန်တော် သူ့ကို တစ်ခါတစ်လေ ရိုက်နှက် ဆုံးမတယ်။ ဒါကြောင့်ပါ"
"အားနွဲ့တဲ့ မိန်းမသား ရိုက်နှက် ဆုံးမရတယ်လို့ဗျာ။ လူကြားမကောင်းပါဘူး"
"သူမွေးထားတဲ့ ကြက်တူးရွေးက 'ချာလီ။ ငါ့ကို နင်းစမ်း' လို့ အမြဲတမ်း အော်နေတာကိုးဗျာ"
"ဒါကလည်း မိန်းမကို ရိုက်ဖို့ လုံလောက်တဲ့ အကြောင်းပြချက် မဟုတ်ပေဘူးဗျာ"

## ၁၆၃။ အရက်ဖြတ်လိုက်ပြီ

နံနက်ခင်းတွင် ဖြစ်သည်။
ကိုဘမောင် အိမ်နီးချင်းက မေးသည်။
"ဟေ့လူ။ ဘယ်နှယ့်လဲ။ ခင်ဗျားကို ကြည့်ရတာ သောက်ထားပြန်ပြီ ထင်တယ်"
"ဟင့်အင်း။ မသောက်ပါဘူး။ ကျွန်တော် အရက်ဖြတ်လိုက်ပြီဗျ"
"တယ်ဟုတ်ပါလား။ ဖြတ်တာ ကြာပြီလား"
"သဘက်ခါဆိုရင် သုံးရက်ပြည့်မယ်"

## ၁၆၄။ သိပ်သေချာတာပေါ့

ရဲစခန်းတွေ ဖြစ်သည်။
မသင်္ကာသူတစ်ယောက်ကို ရဲမှူးက မေးနေသည်။
"ဒီလက်ရေးဟာ ခင်ဗျားရဲ့ လက်ရေး မဟုတ်ဘူးဆိုတာ ခင်ဗျား အခိုင်အမာ ပြောရဲတယ်နော် ပြောရဲပါတယ်"
ရဲမှူးသည် မကျေမနပ်၍ ဤမေးခွန်းကိုပင် ထပ်ခါတလဲလဲ မေးသည်။ မသင်္ကာ ဖြစ်ခံရသူကလည်း အထက်ကအတိုင်း အကြိမ်ကြိမ်ဖြေသည်။ နောက်ဆုံးတွင် ရဲမှူးက မေးခွန်းပြောင်းမေးသည်။
"ကောင်းပြီ။ ထိုးထားတဲ့ လက်မှတ်ကလည်း ခင်ဗျား လက်မှတ် မဟုတ်ပါဘူးလို့ ငြင်းမလား"
"ကျွန်တော့် လက်မှတ် မဟုတ်ပါဘူး။ သေချာပါတယ်"
"နေပါဦး။ ဒီ စက္ကူကို ခင်ဗျား တစ်ချက်မှ မကြည့်ဘဲနဲ့ ဘာဖြစ်လို့ ခင်ဗျား အခိုင်အမာ ငြင်းနေရတာလဲ"
"ငြင်းရဲတာပေါ့။ ကျွန်တော်မှ စာမရေးတက်ဘဲ"

## ၁၆၅။ အကြံကောင်း

"ကျွန်မလေ တူကိုယူပြီး သံရိုက်တိုင်း သံကို မထိပဲ လက်ကိုပဲ ထိတယ်။ ဘယ်လိုလုပ်ရမလဲ မသိဘူး"

"အလွယ်လေးပဲ။ တူကို လက်နှစ်ဘက်နဲ့ ကိုင်ပါ"

**၁၆၆။ စေတနာ**

ဘူတာရုံရှိ စားသောက်ဆိုင်တွင် ဖြစ်သည်။
စားသုံးသူတစ်ယောက်က ဆိုင်ရှင်ကို ပြောသည်။
"ဟင်းခွက်တွေထဲမှာ ထည့်ထားတဲ့ ဟင်းတွေ နည်းလှချည်းလား"
"လူကြီးမင်း ရထား နောက်ကျမှာ စိုးလို့ပါ"

**၁၆၇။ နှိုင်းယှဉ်ချက်**

ရသောအမှတ် နည်းသည်ဟု ဆိုကာ ဆေးကျောင်းသားက ပါမောက္ခကို စောဒကတက်သည်။
"ဆရာ၊ ကျွန်တော် ဆရာ့ လက်ချာတွေကို မပျက်မကွက် တက်ခဲ့တယ်။
ဆရာခိုင်းတဲ့လက်ချာတွေ မပျက်မကွက် တက်ခဲ့တယ်။ ဆရာ ခိုင်းတဲ့ လက်တွေ့
ခွဲစိတ်မှုတွေကို အကြိမ်ပေါင်းများစွာ လုပ်ခဲ့တယ်။ စာအုပ်တွေလည်း အများကြီး ဖတ်ခဲ့တယ်။
အဲဒီအထဲက ဆရာ ကျွန်တော့်ကို အခုလို အမှတ်နည်းနည်းပဲ ပေးတာ ကြိုးစားခဲ့သမျှ
အလဟဿပဲလို့ ခံစားရတယ်ခင်ဗျ"
"မင်းသိအောင် ဆရာ ပြောပြမယ်။ စစ်အတွင်းက ဆရာ တပ်မတော်သားအဖြစ်နဲ့
စစ်တိုက်ခဲ့တယ်။ ဆရာတို့ တပ်ထဲမှာ မြည်းတစ်ကောင် ရှိခဲ့တယ်။ အဲဒီမြည်းဟာ ဆရာတို့
တပ်သွားလေရာမှာ ပါခဲ့တယ်။ သူ့အပေါ် ကျည်တွေ၊ ဗုံးဆံတွေ၊ ရိက္ခာတွေ တင်ပြီး
တိုက်ပွဲကြီးတွေ တိုက်ခဲ့တယ်။ ဒါပေမယ့် စစ်ကြီးပြီးတဲ့အထိ အဲဒီ မြည်းဟာ မြည်းပဲ ဖြစ်ပြီး
ကျန်ရစ်ခဲ့တယ် "

**၁၆၈။ ရှင်းအောင်ရေးပါ**

ပါမောက္ခက တပည့်ကို ပြောသည်။
"အခု တပည့်တင်သွင်းတဲ့ TERM PAPER ကို တပည့်အနေနဲ့ အတက်နိုင်ဆုံး
ရှင်းအောင် ရေးသင့်တယ်။ ထုံပေ အပေ ဆိုတဲ့ လူတစ်ယောက် ဖတ်ရင်တောင် တပည့်
ဘာကို ဆိုလိုချင်သလဲဆိုတာ နားလည်နိုင်အောင် ရေးသင့်တယ်"
တပည့်က ရိုသေကျိုးနွံသော အမူအရာပြန်မေးသည်။
"ဟုတ်ကဲ့ဆရာ။ ဘယ်အပိုဒ်တွေမှာ ဆရာ ကောင်းကောင်းနားမလည်ဘူးဆိုတာ

သိပါရစေလား၊ ခင်ဗျာ"

**၁၆၉။ မှားတဲ့အခါလည်း မှားပေမပေါ့**

ပါမောက္ခတစ်ဦးသည် မိမိ အမြဲတမ်း မှန်သည်။ ဘယ်တော့မှ မမှားဟု ကျောင်းသားများကို ပြောလေ့ရှိ၏။ ပြောဖန်များ၍ ကျောင်းသားတွေလည်း ရိုးနေကြပြီ ဖြစ်သည်။ သို့သော် ကွယ်ရာမှာတော့ ဆရာကြီးကို ရယ်သွေးသွမ်းကြသည်။
တစ်နေ့တွင် မမျှော်လင့်ဘဲ ပါမောက္ခက ၎င်း မှားမိကြောင်းပြောရာ အံ့အားသင့်သွားကြသော ကျောင်းသားများက ပြန်မေးသည်။
"ဆရာကြီး မှားမိတယ် ဟုတ်လား"
"ဟုတ်တယ်။ ဒါပေမယ့်လည်း တစ်ခါထည်းပါ။ ကိုယ့်ဟာကိုယ် မမှန်ဘူးလို့ ထင်မိတုန်း ထင်မိတုန်းက"

**၁၇၀။ မယူနဲ့**

ကျောင်းနေဘက် သူငယ်ချင်း အမျိုးသမီး နှစ်ယောက် ဆုံကြသည်။ တစ်ယောက်က ပြောသည်။
"အိုင် ယောကျ်ားယူဖို့ ဆုံးဖြတ်လိုက်ပြီ"
"ကွန်ကရက်ကျူးလေးရှင်း။ ဘယ်သူနဲ့လဲ"
"အရင် ရုံးမှာ အတူလုပ်ခဲ့တဲ့ အမျိုးသားပဲ။ အင်မတန် သဘောကောင်းတယ်။ မနေ့ကတောင် အိုင့်ကို အိမ်ထောင် ထိန်းသိမ်းမှု တော်တယ်။ အချက်အပြုတ် ကောင်းတယ်လို့ ချီးကျူးသေးတယ်"
"အိုင့်အနေနဲ့ကတော့ ဒီလူကို မယူသင့်ဘူလို့ ယူဆတယ် "
"ဘာဖြစ်လို့လဲ"
"ဘာဖြစ်လို့လဲ။ မညားခင်ကတည်းက လိမ်ပြောနေပြီပဲ"

**၁၇၁။ အမြှာက်ကြိုက်သူ**

နာမည်ကြီး ပန်းချီဆရာသည် အသက် ၅၀– အရွယ်ရှိ သူဌေးကတော်တစ်ယောက် ရောက်လာပြီး သူမ၏ ပုံတူကို ရေးဆွဲပေးရန် ပြောသည်။
ပန်းချီကား ပြီးစီးသွားသောအခါ ပန်းချီကားကို ကြည့်ပြီး မိန်းမကြီးက ကျေနပ်သော အမူအရာဖြင့် ပြောသည်။
"အဟင်း ဟင်း။ ရှင် တော်တော် မြှောက်တက်တဲ့လူပဲနော်။ ဒီပုံထဲမှာ ကျွန်မ အနည်းဆုံး ၁၅–နှစ်လောက် ငယ်နေပါလားရှင့်"

ပန်းချီဆရာက ပြာပြာသလဲလဲ ပြန်ပြောသည်။
"ကျွန်တော် အခုချက်ချင်း ပြန်ပြင်ပေးပါ့မယ်"
မိန်းမကြီး စိုးရိမ်သံဖြင့်တားသည်။
"မလုပ်ပါနဲ့။ မလုပ်နဲ့။ ဒီလောက် အနုပညာ မြောက်တဲ့လက်ရာကို ကျွန်မ နည်းနည်းလေးမှ အပျက် မခံနိုင်ဘူးရှင့်"

---

## ၁၇၂။ အဆိုတော်

ဂီတပဒေသာပွဲ ဖြစ်သည်။
တက်သစ်စ အဆိုတော် အမျိုးသမီး ထွက်လာပြီး သီချင်းတစ်ပုဒ်နှင့် ဖျော်ဖြေသည်။ သီချင်းပြီးသောအခါ ပရိသတ်ကို ဦးညွှတ်လိုက်ပြီး စင်မြင့်ပေါ်မှ ထွက်ရန် ပြင်သည်။ ဤအချိန်တွင် ခန်းမထဲမှ 'ဝမ်းစမိုး၊ ဝမ်းစမိုး' ဆိုသော အသံကို ကြားရသည်။ အဆိုတော် အမျိုးသမီးသည် ဝမ်းသာစွာဖြင့် နောက်သီချင်းတစ်ပုဒ်ကို ဆိုသည်။ ပြီးသောအခါ ဦးညွှတ်ပြီး စင်မြင့်မှ ထွက်ခွာရန် လုပ်သည်။
ခန်းမထဲမှ စောစောက အသံ ထပ်မံ ထွက်ပေါ်လာသည်။ 'ဝမ်းစမိုး၊ ဝမ်းစမိုး' ။ အဆိုတော် ထပ်ဆိုသည်။ ပြီးသော အခါနောက်တစ်ပုဒ်ဆိုရန် တောင်းဆိုခြင်းခံရသည်။ ဤအတိုင်း အကြိမ်များစွာ ဖြစ်လာသောအခါ နောက်ဆုံးတွင် အဆိုတော်က ပြောသည်။
"ကျွန်မကို အခုလို လက်ခံတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်ရှင် ကျွန်မ မောလှပြီ။ ကျွန်မကို ခွင့်ပြုပါတော့"
ဤစကားကို ကြားသည်နှင့် ပရိသတ်အားလုံး သံပြိုင် အော်လိုက်ကြသည်။
"ဆက်ဆို။ ဆက်ဆို။ အဆိုမတက်မချင်း ဆက်ဆို"

## ၁၇၃။ အပယ်ခံ

"မနေ့က ကျွန်တော့်ကြောင့် မိန်းမနှစ်ယောက် ရိုက်လား ပုတ်လား အထိ ဖြစ်ကြတယ်"
"ဟာ မဖြစ်နိုင်တာပဲ"
"မယုံမရှိနဲ့။ ကိုယ်တွေ့ဗျ။ တစ်ယောက်က အော်ပြောတယ်။ နင့်အကောင် နင်ပြန်ယူတဲ့။ နောက်တစ်ယောက်ကလည်း ကတ်ကတ်လန် ပြန်ပြောတယ်။ ဒီအကောင်ကို ငါ ဘာလုပ်ရမှာလဲတဲ့"

## ၁၇၄။ တစ်လုံးပဲ မှားတာပဲ

"ဟဲလို၊ ၂၉၀ ၃၈၆ ကလား"
"မဟုတ်ပါဘူး။ ၂၉၀ ၃၈၇ ကပါ"
"အောင်မယ်လေး။ နံပါတ်တစ်လုံးတည်း ကပ်ပြီး မှာတာများ ရေးကြီးခွင်ကျယ် လုပ်လို့။ အိမ်ချင်း ကပ်နေတာပဲ ဥစ္စာ ကိုဘမောင်ကို ခေါ်ပေးစမ်းပါ"

### ၁၇၅။ အိပ်မပျော်သောည

မနက်သုံးနာရီ အချိန်တွင် တယ်လီဖုန်း မြည်လာသည်။ တစ်ဖက်မှ အမည်မသိလူက ပြောသည်။
"ဩော်၊ ခင်ဗျားလည်း မအိပ်သေးဘဲကိုး"

### ၁၇၆။ တော်တော်နောက်တဲ့ ဂျင်မီနီ

အားအင် ကုန်ခမ်းနေသော လူတစ်ယောက် သဲ ကန္တာရထဲတွင် ခက်ခက်ခဲခဲ တွားသွားနေသည်။ ထမင်းမစားရတာ တစ်ပတ်ရှိပြီ။ ရေမသောက်ရတာလည်း တစ်ပတ်ကြာနေပြီ ဖြစ်၍ လူမှာ ယဲ့ယဲ့လေးကျန်တော့သည်။
ရုတ်တရက် ရှေ့တွင် မီးအိမ်ဟောင်းလေးတစ်ခုကို မြင်သည်။ လှမ်းယူလိုက်ပြီး လက်ဖြင့် ပွတ်သည်။ ဖြုန်းဆို မီးအိမ်ထဲမှ ဂျင်မီနီ ထွက်လာသည်။ လူကြီးကို ဦးညွှတ်လိုက်ပြီး ဂျင်မီနီ ထွက်လာသည်။
"သခင်။ သခင် ရဲ့ ကျေးဇူးကြီးလှပါတယ်။ လိုတာ အမိန့်ပေးပါ။ ဆောင်ရွက်ပေးဖို့ အသင့်ရှိပါတယ်။"
"ငါ အိမ်ပြန်ချင်တယ်"
ဂျင်မီနီ လူကြီး၏လက်ကို ဆွဲလိုက်ပြီး ပြောသည်။
"ထ သွားကြရအောင်"
"မင်း ငါပြောတာကို သဘောမပေါက်ဘူး ထင်တယ်။ ငါအိမ်ကို မြန်မြန် ပြန်ရောက်ချင်တယ် ကွ"
"ရပါတယ် ခင်ဗျာ။ ကိုင်း ပြေးပြီး သွားကြရအောင်"

---

### ၁၇၇။ မှုခင်းသတင်း

"ယမန့်နေက ----- လမ်း၊ အိမ်အမှတ် ---- နှင့် မနီးမဝေးတွင် ဓားဒဏ်ရာ အမြောက်အမြားဖြင့် သေဆုံးနေသော လူသေအလောင်းတစ်လောင်းကို တွေ့ရှိခဲ့ရပါသည်။ တစ်နာရီအတွင်း အခင်းဖြစ်ရာနေရာသို့ ရောက်ရှိလာသည့် ရဲဝန်ထမ်းများအား သေသူက လူသတ်သမား၏ ပုံသဏ္ဍာန်ကို ပြောပြနိုင်ခဲ့ပါသည်။ မသင်္ကာသူများကို ဖမ်းထားပြီးဖြစ်ပါသည်။"

**၁၇၈။ ဖြစ်ရပုံများ**

"ဟေ့လူ။ ခင်ဗျားကို ကြည့်ရတာ အင်မတန် ပင်ပန်း နွမ်းနွယ်နေတဲ့ ပုံပါလား။
ဘာဖြစ်လို့လဲ"
"ဒီလိုဗျာ။ ကျွန်တော် ဒီနေ့ မြင်းပြိုင်ကွင်းကို သွားတယ်။ ဖိနပ်ကြိုး ပြေသွားတာနဲ့ ကုန်းပြီး ပြန်ချည်တယ်။ အဲဒီ အချိန်မှာ ဘယ်သူလဲ မသိဘူး။ ကျွန်တော့်ကျောပေါ်ကို မြင်းကုန်းနှီး ပစ်တင်သွားတယ်"
"ဟော။ ဟုတ်လား။ ပြီးတော့ ဘာဖြစ်လဲ"
"ကျွန်တော် တတိယမြောက် ပန်းဝင်တယ်။ ဖူး...။ အခုတောင် အမောမပြေသေးဘူး"

**၁၇၉။ ရေချိန်ကိုက်ပြီ**

အရက်ဘားတွင် ဖြစ်သည်။
ရေချိန်မှန်နေပြီဖြစ်သော ရှုရှားရဲဘော်သည် ဗိုလ်ချုပ်ကြီးနှင့် မမျှော်လင့်ဘဲ ဆုံမိသည်။
ရဲဘော်က ပြောသည်။
"ဗိုလ်ချုပ်တို့အကြားမှာ ကျွန်တော်ကို ဖြတ်သွားခွင့်ပြုပါ"
"အေး အေး။ သွား။ ဒါပေမယ့် တစ်ယောက်ဆီ ဖြတ်ကွာ"

**၁၈၀။ အဖိုးတန်ပစ္စည်း**

ပျောက်ရှပစ္စည်းများ ထိန်းသိမ်းရေး ဌာနသို့ လူတစ်ယောက်ရောက်လာပြီးပြောသည်။
"မနေ့က ဝေါ့ဒ်ကာ ငါးပုလင်းထည့်ထားတဲ့ လက်ဆွဲအိတ်ကို ရထားပေါ်မှာ
မေ့ကျန်ခဲ့မိတယ်။""ဘယ်သူမှ လာမအပ်ဘူးလားခင်ဗျာ"
"ဟင့်အင်း။ ဒါပေမယ့် အဲဒီအိတ်ကို တွေ့တဲ့ ခရီးသည်ကိုတော့ ထမ်းစင်နဲ့ သယ်လာတယ်"

## ၁၈၁။ 'တူတံစဉ်' ကို မုန်းတယ်

အမေရိကန်နှင့် ဆိုဗီယက် နှစ်နိုင်ငံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပရန် တစ်ရက်အလိုတွင် ဖြစ်သည်။ အဲရိုဖလုတ် အထူးလေယာဉ်သည် ဆိုဗီယက် အားကစားသမားများကို တင်ဆောင်လျက် မော်စကိုမှ နယူးယောက်သို့ ဦးတည် မောင်းနှင်လာသည်။ လေယဉ်မောင်အဖြစ် လိုက်ပါလာသော ကေဂျီဘီ ဝန်ထမ်းသည် ခရီးသည်တို့ကို စစ်ဆေးရေတွက်သည်။ မမျှော်လင့်ဘဲ ခရီးသည်တို့၏ ဝန်စည်စလယ်များ ထားရှိရာ အခန်းတွင် ရာဘင်နိုဗစ်ချ်အမည်ရှိ ဂျူးတစ်ယောက် ပုန်းလျှိုးပြီး လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။ သို့နှင့် ချက်ချင်းပင် အုပ်ချုပ်သူအဖြစ် လိုက်ပါလာသော မိမိ၏ အထက်အရာရှိကို သတင်းပို့သည်။ အုပ်ချုပ်သူအရာရှိ ကသောကမြော ပြေးလာပြီး ရာဘင်နိုဗစ်ချ်ကို ဒေါနှင့် မောနှင့် ပြောသည်။

"ခင်ဗျားတို့ ဂျူးတွေ ကျုပ်တို့ကို တော်တော် ဒုက္ခပေးကြပါလားဗျ ဟင်။ ခင်ဗျားကို ကျုပ် ဘာလုပ်ရမလဲ။ လေယာဉ်ပေါ်က ကန်ချလိုက်ရမလား တောက်။ အခုမှတော့ ဘာမှ မတက်နိုင်ဘူး။ ကျုပ်ပြောတာကို နားထောက်။ ငြိမ်ငြိမ်လေးထိုင်နေ။ ဘာအသံမှ မထွက်စေနဲ့။ အရန် ကစားသမားပုံစံနဲ့ ကုတ်ကုတ်လေးနေ"

ဖြစ်ချင်တော့ နယူးယောက်သို့ ရောက်လာပြီး လေယာဉ်ပေါ်မှ အဆင်းတွင် တူပစ်ပြိုင်ပွဲဝင်မည့် ကစားသမား ခြေချော်လဲပြီး လက်ကျိုးသွားသည်။ အုပ်ချုပ်သူအရာရှိ ရာဘင်နိုဗစ်ချ်ကို ပြောသည်။

"နယူးယောက်ကို အလကားလိုက်လာတယ် မဖြစ်ရအောင် တူပစ်ပြိုင်ပွဲကို ဝင်ပြိုင်စမ်းပါ"

အားကစားကွင်းထဲရှိ တူပစ်ပြိုင်ပွဲအတွက် သတ်မှတ်ထားသည့် နေရာသို့ ရာဘင်နိုဗစ်ချ် လျှောက်သွားသည်။ မိမိပြိုင်ရမည့် အလှည့် ရောက်သောအခါ တူကို တအားလွှဲ ပစ်လိုက်သည်။ တူသည် အားကစားကွင်း အပြင်သို့ ထွက်သွားသည်။ တော်တော်နှင့် ရှာ၍ မရချေ။ တာဝန်ရှိသူများအားလုံး ဝိုင်းရှာကြသည်။ မရှာလို့လည်း မဖြစ်။ စံချိန်ယူရမည် မဟုတ်ပါလား။ နောက်ဆုံး သုံးရက်ကြာမှ ပစ်လိုက်သော တူကို တွေ့သည်။ အုပ်ချုပ်သူ အရာရှိ အပါအဝင် ဆိုဗီယက်အားကစား အဖွဲ့ တစ်ခုလုံး တအံ့တသြ ဖြစ်သွားကြသည်။ အုပ်ချုပ်သူအရာရှိက ဝမ်းသာ ဂုဏ်ယူသော အသံဖြင့် ပြောသည်။

"ရာဘင်နိုဗစ်ချ်၊ ဘယ်လို နည်းစနစ်ကြောင့် ဒီလောက် ဝေးဝေး ရောက်အောင် ခင်ဗျား ပစ်လိုက်နိုင်တာလဲဗျ ဟင်"

"ဒါက အသေးအမွှားပါ။ တံစဉ်ကို ပေးကြည့်ပါလား ခင်ဗျားတို့ ရှာလို့တောင် တွေ့မှာ မဟုတ်ဘူး"

(တူတံစဉ်သည် ယခင်ဆိုဗီယက် အလံတွင် ပါသော အမှတ်အသား ဖြစ်သည်။)

## ၁၈၂။ မှန်တာပြောရင် သိပ်ကြိုက်တာပဲ

အခြေနေမဲ့တစ်ယောက် အိမ်တံခါးကို လာခေါက်သည်။ အိမ်ရှင်မ တံခါးကို ဖွင့်ပေးသည်။ အခြေနေမဲ့သူက မိမိ ထမင်းမစားရတာ ၁၀– ရက်ရှိပြီဖြစ်၍ အကြွင်းအကျန်များ ရှိပါလျှင် စွန့်ပါရန် တောင်းပန်သည်။ အိမ်ရှင်မက ၎င်းကို ကြည့်ပြီး ပြောသည်။

"ဒီလောက် သန်မာထွားကြိုင်းတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ အခုလို တောင်းစားတာ ရှင်မရှက်ဘူးလား။ ရှင်လို့ ဗလမျိုးနဲ့ ကျောက်မီးသွေးတွင်းလုပ်သား ဝင်လုပ်ဖို့တောင် ကောင်းတယ်။"

"မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်ကလည်း ပြောရရင် အမကြီးလို ရုပ်မျိုး၊ ကိုယ်လုံးကိုယ်ပေါက်မျိုးနဲ့ အိမ်မှုကိစ္စတွေ လုပ်နေတာထက် ရုပ်ရှင်မင်းသမီး ဝင်လုပ်ဖို့ ကောင်းပါတယ် ခင်ဗျာ"

အိမ်ရှင်မ၏ မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်သော အပြုံးပေါ်လာသည်။

"ခဏလေးနော်။ အိမ်မှာ ဘာစားစရာ ရှိသလဲဆိုတာ ကျွန်မ ကြည့်လိုက်ဦးမယ်"

## ၁၈၃။ ဆိုင်ကယ်မစီးနဲ့

ကုတင်ပေါ်က လူနာကို မေး၀ေ့ပြပြီး သူနာပြုဆရာမတစ်ယောက်က အခြားသူနာပြုဆရာမကို မေးသည်။

"တစ်နေ့ မော်တော်ဆိုင်ကယ် အတိုက်ခံရတဲ့ လက်ဇော့သမားလား"

"မဟုတ်ဘူး။ မော်တော်ဆိုင်ကယ် စီးတဲ့လူ"

## ၁၈၄။ စာနာမှု

ပြည့်ကျပ်နေသော ဘတ်စ်ကားပေါ်တွင် ဖြစ်သည်။

"အဘွား။ ကျွန်တော့် နေရာမှာ ထိုင်ချင်သလား"

"ထိုင်ချင်တာပေါ့ကွယ်။ အဘွားခြေထောက်တွေ ညောင်းလှပြီကွဲ့"

"အဲဒါဆို ကျွန်တော့်အနားက မခွာနဲ့။ နောက် ငါးမှတ်တိုင်ဆိုရင် ကျွန်တော် ဆင်းတော့မယ်"

## ၁၈၅။ နောင်တ

ကိုဘမောင်တို့ လင်မယား အိပ်မောကျနေကြသည်။ ရုတ်တရက် မိန်းမဖြစ်သူ တဟီးဟီး နဲ့ ငိုသံကို ကြားရ၍ လန့်နိုးသွားသည်။ ငိုရုံမက တစ်ကိုယ်လုံးလည်း လှုပ်ခါနေသည်ကို တွေ့ရာ ကိုဘမောင် မိန်းမကို နှိုးလိုက်သည်။

"ဟေ့၊ မင်း ဘယ်လိုဖြစ်တာလဲ။ အိပ်နေရင်း ငိုနေပါလား။ နေမကောင်းဘူးလားကွဟ"

"ကျွန်မ အိပ်မက်ဆိုးမက်တယ်ရှင့်"
"ဘယ်လို အိပ်မက်မျိုးလဲ"
"ကျွန်မ တောင်ပေါ်က လိမ့်ကျပြီး သေသွားတယ်။ လူတွေ စုလာကြပြီး ကျွန်မကို သင်္ချိုင်းဆီ သယ်သွားတယ်။ အဲဒီမှာ သူတို့ တွင်းတူးပြီး ကျွန်မရဲ့ အလောင်းကို တဖြည်းဖြည်း ချကြတယ်။ အဲဒီအချိန်မှာ ရှင် ကျွန်မကို နှိုးလိုက်တာပဲ"
ကိုဘမောင် ကိုယ့်နဖူးကိုယ် လက်ဖြင့် ရိုက်သည်။ နှုတ်မှလည်း ကြိတ်မနိုင်ခဲမရသံဖြင့် ပြောသည်။
"တော်တော် အသုံးမကျတဲ့ကောင်။ မင်းကို ငါ ဘာလို့များ နှိုးလိုက်မိပါလိမ့်ကွာ"

## ၁၈၆။ မသေမချင်း

တရားသူကြီးက သက်သေ အမျိုးသမီးကို မေးသည်။
"ခင်ဗျားမှာ ယောကျ်ား ရှိသလား"
"ကျွန်မယောကျ်ား ကွယ်လွန်သွားတာ ၁၅ – နှစ် ရှိပါပြီ"
"၁၅–နှစ် ရှိပြီ ဟုတ်လား။ ဒါပေမယ့် ခင်ဗျား ကလေးငါးယောက်အမေဆို"
"ဟုတ်တယ်လေ။ သေသွားတဲ့လူက ကျွန်မ ယောကျ်ားပဲ ဥစ္စာ"

---

## ၁၈၇။ တစ်ခုပဲ တွေး

"ဒေါက်တာ။ ညတိုင်ကျရင် ကျွန်တော် လုံးဝ အိပ်မပျော်ဘူး။ ကိစ္စတွေ အများကြီးကို တစ်ပြိုင်တည်း တွေးနေမိတယ်"
"ညအိပ်ရာမဝင်ခင် ကြက်ဆူဆီ သောက်ပါ"
"ဘာလဲ။ အဲဒါဆို အိပ်ပျော်မှာလားဟင်"
"ဟင့်အင်း။ ဒါပေမယ့် ခင်ဗျား ကိစ္စတစ်ခုကိုပဲ တွေးတော့မယ်"

## ၁၈၈။ အာမခံပါတယ်

လူတစ်ယောက် ဝမ်းကိုက်ရောဂါ ဖြစ်သည်။ ဆရာဝန်တွေနဲ့ ကုသည်။ မပျောက်။ တိုင်းရင်းဆေးဆရာတွေဆီ သွားသည်။ ဘယ်လိုမှ မထူးခြား။ လူမှာ တစ်ချိန်လုံး ဝမ်းသွားနေ၍ ဖြူဖတ်ဖြူရော် တောင် ဖြစ်နေပြီ။ အားလည်းမရှိတော့။
မိတ်ဆွေတစ်ယောက်က အကြံပေးသည်။
"မြို့ကနေ ဆယ်မိုင်ဝေးတဲ့ 'ရွာသာယာ' မှာ ဦးဖြိုး ဆိုတဲ့ အဘိုးကြီးတစ်ယောက် ရှိတယ်။ ပျောက်စေ ဆရာလို့ နာမည်ကြီးတာပဲ။ ဘာရောဂါကို မဆို လက်ခံကုသတယ်။ သွားပြကြည့်ပါလား"
ဝေဒနာ ခံစားနေရသူ ဦးဖြိုးဆီ ရောက်လာသည်။ မိမိခံစားနေရသည့် ဝေဒနာကို ရှင်းပြသည်။

ဦးဖြိုးက ပြောသည်။

"အဝတ်အစားကို ချွတ်ပြီး ခါးကို ကုန်းလိုက်ပါ"

အဘိုးကြီး မီးသီးအနီးတွင် ထွန်းထားသော မီးအိမ်ကို ယူလိုက်သည်။ ထို့နောက် လူနာ၏ စအိုရှေ့တွင် မီးအိမ်ကို ဇော့ယမ်းသည်။

ကုန်းနေရင်းက လူနာက မယုံတစ်ဝက်။ ယုံတစ်ဝက် ဖြင့် မေးသည်။

"အဘ။ မီးအိမ်ကို ပြတာနဲ့ ဝမ်းသွားတာ ရပ်ပါ့မလားဗျ"

"ဘာဖြစ်လို့ မရပ်ရမှာလဲ။ မီးရထားတောင် ရပ်သေးတာပဲ ဥစ္စာ"

## ၁၈၉။ အထင်မလွဲပါနဲ့

မခင်ထား ပရိဘောဂဆိုင်သို့ သွားပြီး အဝတ်ဗီရိုတစ်လုံးဝယ်သည်။ ဗီရိုမှာ အသင့်ဆင်ပြီးသား မဟုတ်။ အိမ်ရောက်မှ ညွှန်ကြားချက်အတိုင်း တပ်ဆင်ရမည်ဖြစ်သည်။ ခက်ခဲသည် မဟုတ်၍ ဆိုင်က အလုပ်သမားကို မငှားတော့။ ကိုယ်တိုင်ပဲ ဆင်မည်ဟု မခင်ထား ဆုံးဖြတ်လိုက်သည်။

အိမ်ရောက်သောအခါ ညွှန်ကြားချက်အတိုင်း အဝတ်ဗီရိုကို တပ်ဆင်သည်။ ယောကျ်ား အလုပ်က ပြန်လာသည့်အခါ အံ့ဩဝမ်းသာမှာပဲဟု တွေးပြီး ဗီရိုကို မျက်စိ အရသာခံပြီး ကြည့်နေသည်။ ဤအချိန်တွင် ဘတ်စ်ကားတစ်စီး အရှိန်နှင့် ဖြတ်မောင်းသွားသည်။ ဆင်ပြီးခါစ ဗီရို ပြိုကျသွားသည်။ ဤအတိုင်း အကြိမ်ကြိမ်ဖြစ်သည်။

ဘေးခန်းသို့ သွားပြီး မခင်ထား တံခါးခေါက်သည်။ အိမ်နီးချင်း ကိုမြ တံခါးကို လာဖွင့်သည်။ ကိုမြသည် အိမ်နေ ဘောင်းဘီတိုလေး နှင့်ဖြစ်နေသည်။

ဤဘောင်းဘီတိုလေးနှင့်ပင် တစ်ဖက်ခန်းသို့ ကူးလာပြီး ဗီရိုကို ကူဆင်ပေးသည်။

ဘတ်စ်ကား ဖြတ်သွားသည်။

ဗီရိုပြိုကျသွားသည်။

ထပ်ဆင်ကြသည်။

ကားတစ်စီး ဖြတ်သွားပြန်သည်။

ဗီရို ပြိုကျသွားပြန်သည်။

"နောက်တစ်ကြိမ် ထပ်ဆင်လိုက်ကြမယ်။ ဒီတစ်ခါ ကျွန်တော် ဗီရိုထဲဝင်ပြီး စောင့်ကြည့်မယ်"

ဤအချိန်တွင် လူခေါ်ခေါင်းလောင်းသံ မည်လာသည်။ မခင်ထား၏ ယောကျ်ား ပြန်လာခြင်း ဖြစ်သည်။ ဗီရိုဘက် လျှောက်သွားပြီး တံခါးကို ဆွဲဖွင့်သည်။ အထဲတွင် ဘောင်းဘီတိုလေးနှင့် ကိုမြ။

"ဟေ့လူ။ ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

"ကိုဘမောင်။ ခင်ဗျား အထင်မလွဲပါနဲ့။ ကျွန်တော် ဘတ်စ်ကားကို စောင့်နေတာပါ။ တကယ်ပါ။ ကျွန်တော် လိမ်မပြောပါဘူး"

## ၁၉၀။ ခွင့်လွှတ်ပါ

လူနာကို စမ်းသပ် စစ်ဆေးပြီးနောက် ဆရာဝန်က ပြောသည်။
"ခင်ဗျား ဆီးစစ်ဖို့ လိုလိမ့်မယ်။ အခု ကျွန်တော် ကိစ္စနဲ့ ခဏ အပြင်ထွက်သွားမယ်။ ရော့။ ဟောဒီ ပုလင်းထဲ ဆီးသွားလိုက်ပါ။ ဗီရိုနဲ့ ကွယ်ပြီး လုပ်ပေါ့"
မိနစ်အနည်းငယ် ဆရာဝန် ပြန်ရောက်လာသည်။ နံရံစိုနေသည်ကို တွေရာ 'ခင်ဗျား ဘယ်လိုလုပ်တာလဲ' ဆိုသည့် မေးခွန်းကို မေးသည့် အမူအရာဖြင့် လူနာကို ကြည့်လိုက်သည်။ လူနာက ရှက်ကိုးရှက်ကန်းဖြင့် ပြောသည်။
"ကျွန်တော် စနိုက်ပါ ( လက်ဖြောင့်တပ်သား ) မှ မဟုတ်ဘဲ ဆရာရယ်"

## ၁၉၁။ ကြောက်စရာ အကောင်းဆုံး

သတ္တိကောင်းလှသည်ဟု နာမည်ကြီးသည့် မုဆိုးကြီး တောလိုက်ရာမှ ပြန်လာရာ ကာလသားများ စုဝေးလာကြပြီး ၎င်း၏ဘဝထဲမှ ကြောက်စရာ အကောင်းဆုံး အဖြစ်အပျက် ရှိခဲ့လျှင် ပြောပြပါရန် မေတ္တာရပ်ခံကြသည်။ မုဆိုးကြီးက ပြောသည်။
"တစ်ခါက တောထဲမှာ သားကောင်ကို စောင့်နေတုန်း ဗြုန်းဆို ငါ့ရဲ့နောက်က ဧရာမ ဝက်ဝံကြီး တစ်ကောင်ပေါ်လာတယ်။ လက်ကြီးနှစ်ဘက်နဲ့ ငါ့ကို လှမ်းဖက်ပြီး ဖြစ်ညှစ်သတ်ဖို့ ကြိုးစားတယ်။ အရိုးနဲ့ အသား တခြားစီဖြစ်ပြီးလို့ အောက်မေ့လိုက်မိတယ်။ ရှန်းရင်းကန်ရင်းနဲ့ ငါရဲ့ လက်ထဲက နှစ်လုံးပြူးသေနတ် လွတ်ကျသွားတယ်။ ဒီကောင်ဘာလုပ်တယ် ထင်သလဲ သိလား။ ငါ့ကို လွှတ်လိုက်ပြီး သေနတ်ကို ကောက်ယူတယ်။ အဲဒီနောက် သေနတ်ပြောင်းကို ငါ့ကြောမှာ ထောက်ထားလိုက်တယ်"
အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်စွာ နားထောင်နေကြသော ပရိသတ်က ပြိုင်တူ မေးလိုက်ကြသည်။
"အဲဒီတော့ ဦးလေး ဘာပြန်လုပ်သလဲဗျဟင်"
မုဆိုးကြီး သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။
"တို့ဘာမှ မတက်နိုင်တော့ဘူး။ သူ့သမီးကို လက်ထပ်လိုက်ရတယ်။ စောစောက ဝက်ဝံက ဝက်ဝံယောင် ဆောင်ထားတဲ့ အခု ငါ့မိန်းမရဲ့ အဖေဖြစ်နေတာကိုး"

## ၁၉၂။ ချိုပေါက်ပြီ

စိတ်ရောဂါကု ဆရာဝန်ကို ကိုချူချာက ပြောသည်။
"ကျွန်တော့် မိန်းမနဲ့ ပတ်သတ်ပြီး အကူအညီ လာတောင်းတာပါဆရာ၊ အခုတလော ကျွန်တော့်မိန်းမရဲ့ ခေါင်းထဲမှာ အတွေးတစ်ခု စွဲနေတယ်။ အဲဒါက ဘာလဲဆိုတော့ သူ့အဝတ်အစားကို တစ်ယောက်ယောက်က ခိုးလိမ့်မယ်ချည်း ထင်နေတယ်"
"ခင်ဗျား သေချာရဲ့လား"
"သေချာပါတယ် ဆရာ။ သူ့ပစ္စည်းတွေ မပျောက်အောင် စောင့်ကြည့်ဖို့ လူတစ်ယောက်ကိုတောင် ငှားထားတယ်။ မနေ့ညက အဲဒီလူကို အဝတ်အစား ဗီရိုထဲမှာ

ကျွန်တော် တွေ့လိုက်ရတယ်"

**၁၉၃။ အကြောင်းအရင်း**

စိတ်ရောဂါ အထူးကု ဆေးရုံမှ ဆရာဝန်တစ်ဦးကို လူနာက ပြောသည်။
"ဆရာဝန်တွေ အားလုံးအနက် ဆရာ့ကို ကျွန်တော့်တို့ အခင်ဆုံး၊ အချစ်ဆုံး ခင်ဗျ"
"ဘာဖြစ်လို့လဲ"
"ကျွန်တော့်တိုအထဲက တစ်ယောက်နဲ့တူလို့"

**၁၉၄။ ဖြစ်တက်ပါတယ်**

"ရှားမှ ရှားတဲ ဆေးရုံပဲဗျို့။ ကျုပ် ဒီကို ရောက်လာတော့ ဆရာဝန်တစ်ယောက် ပြောတယ်။ ကျွန်တော့်ဆီမှာ အူအတက်ပေါက်တဲ့ ရောဂါတဲ့။ နောက်တစ်ယောက်က ဆီးအိမ်မှာ ကျောက်တည်နေတယ်တဲ့။ အဲ တတိယ ဆရာဝန်ကျတော့ ကျုပ် နှလုံးရောဂါ စွဲကပ်နေတယ်တဲ့ဗျာ"
"အဲဒီတော့ ဘာနဲ့ အဆုံးသတ်သွားသလဲ"
"ကျုပ်ရဲ့ လျှာခင်ကို သူတို့ ဖြတ်တောက် ကုသလိုက်ကြတယ်လေ"

**၁၉၅။ တစ်ခုပဲမှားတယ်**

သူငယ်ချင်း ( အမျိုးသမီး ) နှစ်ယောက် ဆုံကြသည်။
"အိုင်ကို ဗေဒင်ဆရာက ပြောတယ်။ သိလား။ အင်မတန် ရုပ်ဖြောင့်တဲ့ ယောကျ်ား တစ်ယောက်နဲ့တွေ့မယ်။ သူနဲ့ အိမ်ထောင်ကျမယ်။ အမြွှားပူး မွေးမယ်တဲ့"
"ဟောတဲ့အတိုင်း ဖြစ်သလား"
"အိမ်ထောင်ကျတာကလွဲလို့ ကျန်တာတွေ အားလုံး မှန်တယ်"

**၁၉၆။ မီးခိုးတန်း**

"ကျွန်မရဲ့ ယောကျ်ားဟာ တစ်ချိန်လုံး သူ့ရဲ့ နှာခေါင်းကနေ ဆေးလိပ်မီးခိုးတွေ ထုတ်နေတယ်လို့ စိတ်ရောဂါ ဆရာဝန်ကို ကျွန်မ ပြောပြတယ်။ ဆရာဝန်က ဒါ အန္တရယ် မရှိပါဘူးတဲ့"
"ဟုတ်တယ်လေ။ ယောကျ်ားတွေ တော်တော်များများ ဒီလိုပဲ လုပ်ကြတာပဲ"
"ဒါပေမယ့် ကျွန်မယောကျ်ား ဆေးလိပ်မသောက်ဘူးရှင့်"

## ၁၉၇။ အရူးမဟုတ်ပါ

ဦးနှောက် နည်းနည်းချောင်နေသူကို စိတ်ရောဂါကု ဆေးရုံမှ ဆင်းခွင့်ပေးလိုက်ရာ ၎င်း၏မိတ်ဆွေများက အံ့အားတသင့် ဝိုင်းမေးကြသည်။
"ဟော့ ထုံကြီး၊ မင်းကို ဘယ်လိုလုပ်ပြီး ဆေးရုံက ဆင်းခွင့် ပေးလိုက်တာလဲကွ"
"ဆေးရုံမှာ စမ်းသပ်မှုတစ်ခုလုပ်တယ်။ သော့ပေါက်ကနေ ဖြတ်သွားနိုင်တဲ့သူကို ဆေးရုံက ဆင်းခွင့်ပေးမယ်တဲ့။ တစ်ယောက်က ပခုံးကြောင့် ဖြတ်မထွက်နိုင်ဘူး။ နောက်တစ်ယောက်ကျတော့ ခြေထောက်က သော့ပေါက်မှာ ငြိနေတယ်။ ငါကတော့ မဖြတ်ထွက်ဘူးလို့ ငြင်းလိုက်တယ်"
"ဘာဖြစ်လို့လဲ"
"ငါ အရူးမှ မဟုတ်ပဲ။ တခြားတစ်ဘက်မှာ သော့ကို သော့ပေါက်မှာ တန်းလန်း ချိတ်ထားတာ ငါမြင်နေရတာပဲ ဥစ္စာ"

## ၁၉၈။ လှည်းကျိုးကိုထမ်းမိသည်

သမီးပျိုကို အမေလုပ်သူက မိမိငယ်စဉ်က အကြောင်းကို ပြောပြနေသည်။
"မေမေက 'ဟင့်အင်း၊ ဟင့်အင်း' လို့ အတင်းငြင်းတယ်။ အဲဒီ အခါမှာ သမီးရဲ့ ဖေဖေက လေ။ မေမေ့ ရှေ့မှာ ဒူးထောက်ထိုင်လိုက်ပြီး အမျိုးမျိုး တောင်းပန်တော့တာပဲ"
တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်ပြီး သတင်းစာဖတ်နေသော ယောကျ်ားက ဒေါသသံဖြင့် မိန်းမကို လှမ်းပြောသည်။
"ဘာပြောတယ်။ ငါက မင်းရှေ့မှာ ဒူးထောက်ထိုင်လိုက်တယ် ဟုတ်လား"
မိန်းမက အေးအေးလေး ပြန်ဖြေသည်။
"စိတ်မရှိပါနဲ့ ကိုဘမောင်။ ကျွန်မတို့ရဲ့ သမီးလေးကို သူ့အဖေအကြောင်း ကျွန်မ ပြောပြနေတာပါ"

## ၁၉၉။ ဖြစ်နိုင်ဖွယ်ရှိသည်

အတန်းပိုင်ဆရာမက တပည့်များကို ပြောသည်။
ကိုင်း တပည့်တို့ရေ။ 'ဖွယ်ရှိသည်' နဲ့ 'အဘယ့်ကြောင့်ဆိုသော်' ဆိုတဲ့ စာလုံးတွေသုံးပြီး ဝါကျဖွဲ့ပြကြစမ်းကွယ်
အတန်းတွင် အသွက်ဆုံးဖြစ်သည့် 'မသီတာ' က အရင်ဆုံး ဖြေသည်။
"မိုးရွာဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်တွင် မိုးတိမ်များ အုံ့မှိုင်းနေသောကြောင့်ဖြစ်ပါသည်"
"မှန်တယ်။ နောက်ဘယ်သူ ပြောနိုင်သေးသလဲကွယ်"
ပီတာလေး ထပြောသည်။

"ကျွန်တော့ ဘွားဘွား သတင်းစာကို ကောက်ယူလိုက်သည်"
"အဲဒီတော့ ဘာဖြစ်သလဲ ။ ဝါကျ ဆက်ဖွဲ့လေ"
"ဘွားဘွား အိမ်သာ သွားဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ
စာမဖတ်တတ်သောကြောင့်ဖြစ်သည်။"

## ၂၀၀။ ကျေးဇူးတင်ရန်မလိုပါ

စတိုးဆိုင်ကြီးထဲတွင် အဖေနှင့် အမီးငယ်လေး စျေးဝယ်နေကြသည်။ ရုတ်တရက်
သမီးလေးက ပြောသည်။
"ဖေဖေ၊ သမီး အပြင်ကို ထွက်ချင်တယ်"
"ခဏလေး နေပါဦး သမီးရယ်"
"ဟင့်အင်း ဖေဖေ။ သမီး အခုထွက်မှ ဖြစ်မယ်"
အရောင်းသမ က ဝင်ပြောသည်။
"ကျွန်မ ကလေးကို လိုက်ပို့လိုက်ပါမယ်"
မိနစ် အနည်းငယ် ကြာသောအခါ သူတို့နှစ်ယောက် ပြန်ရောက်လာကြသည်။
အဖေက သမီးကို ပြောသည်။
"သမီးလေး၊ အန်တီ့ကို ပြောလိုက်ရဲ့လားကွယ့်"
"ဘာပြောစရာလိုလည်း ဖေဖေ။ သူလည်း ရှူရှူပေါက်ချင်နေတာပဲဥစ္စာ"

## ၂၀၁။ ပြန်ပါတော့

ကိုဘမောင်၏ အိမ်သို့ ဧည့်သည်များ မမျှော်လင့်ဘဲ ရောက်လာကြသည်။ ကိုဘမောင်၏
ဇနီးက ရှိသမျှနှင့် ဧည့်ခံသည်။ စကားစမြည်ပြောရင်း ညနေပိုင်းသို့ ရောက်လာသည်။
ဧည့်သည်များ မပြန်ကြသေးပေ။ သို့နှင့် ညစာပါ ချက်ပြုတ်ကျွေးမွေးရသည်။ စားပြီးလျှင်
ပြန်လိမ့်မည်ဟု ကိုဘမောင်တို့ လင်မယား မျှော်လင့်ကြသည်။ သိုသော် အလိုက်ကမ်းဆိုး
မသိကြ။ သို့နှင့် ကိုဘမောင် မိန်းမကို ဧည့်သည်တွေ ကြားလောက်အောင်ပြောသည်။
"မိန်းမရေ၊ ငါ့ကို ဆေးပေးစမ်း"
မိန်းမက မသိချင်ယောက်ဆောင်ပြီး ပြန်မေးသည်
"ဘယ်ဆေးလဲရှင့်"
"ငါ ညအိပ်ရာမဝင်မီ ဆယ်မိနစ်အလို သောက်တဲ့ဆေး"

## ၂၀၂။ ပဟေဠိ

စိတ်ရောဂါဆရာဝန်ကြီးများ၏ ဆွေးနွေးပွဲတွင် ဆရာဝန်တစ်ယောက်က ပြောသည်။
"သိပ္ပံပညာအတွက် ပဟေဠိဖြစ်နေရတဲ့အချက်ဟာ စိတ်ရောဂါ ခံစားနေရသူ ဦးရေ
တိုးပွားလာနေတဲ့အချက်ဘူး။

ဆင်ခြင်တုံတရားကို ထိန်းသိမ်းထားနိုင်တဲ့သူတွေ ရှိနေသေးတယ်ဆိုတဲ့ အချက်ပဲ"

## ၂၀၃။ နောက်ကျပြန်ချင်ဦး

ယောက်ျားဖြစ်သူ နောက်ကျမှ အိမ်သို့ ပြန်ရောက်လာသည်။ မိန်းမ အိပ်နေပြီဖြစ်သည်။ ဆာဆာနှင့် ရေခဲသေတ္တာကို ဖွင့်သည်။ အထဲတွင် မိန်းမ၏ လက်ရေးနှင့် စာတိုလေးကို တွေ့သည်။

"ရှင့်အတွက်ညစာ ခွေးရဲ့ ဗိုက်ထဲမှာ"

## ၂၀၄။ ထပ်ပြောရဦးမယ်

သတင်းစာဖတ်နေရင်းက ယောကျ်ားက မိန်းမကို လှမ်းပြောသည်။

"မိန်းမတွေ စကား များကို များလွန်းတယ်လို့ ငါအမြဲတန်း ပြောတယ်။ အခုလည်း ကြည့် ။ တစ်နေ့မှာ တစ်ယောက်ဟာ စကားအခွန်းပေါင်း ၂၂၀၀– ပြောတယ်။ အဲ ယောကျ်ားကျတော့ အခွန်းပေါင်း ၁၁၀၀– ပဲ ပြောတယ်လို့ သတင်းစာမှာ ရေးထားတယ်"

"မိန်းမဟာ စကားကို အမြဲတမ်းနှစ်ခါထပ်ပြောရလို့ အခုလို များရတာပါတော်"

"ဘာပြောတယ် .."

## ၂၀၅။ ကြံရာပါ

လူငယ်သည် ဒုတိယအထပ်သို့ လှေကားထောင်ပြီး တက်လာသည်။ အမှောင်ထဲတွင် ၎င်းက လှမ်းမေးသည်။

"အချစ်ရေ၊ မင်းဘယ်မှာလဲဟေ့"

"ကျွန်မ ဒီမှာ။ တိုးတိုးပြောပါရှင့်။ ဖေဖေ နိုးသွားဦးမယ်"

"မစိုးရိမ်ပါနဲ့။ မင်းအဖေ လှေကားကို အောက်ကနေ ကိုင်ပေးထားတယ်။ သူ ပြောတယ်။ မင်းအမေကိုပါ တစ်ပါတည်း ခေါ် သွားရင် ငွေငါးသောင်း ပေးလိုက်ဦးမယ်တဲ့"

---

## ၂၀၆။ အကြွေး

တောထဲတွင် ဖြစ်သည်။ မုဆိုးနှစ်ယောက် ခေတ္တ အနားယူရင်း မိမိတို့ ရခဲ့သော သားရဲ တိရစ္ဆာန်များအကြောင်းကို အပြန်အလှန် ကြွားဝါပြီး ပြောဆို နေကြသည်။ တစ်ယောက်က စတင် စိန်ခေါ် သည်။

"နာရီဝက်အတွင်း ကျွန်တော် ခြသေ့်ကြီး တစ်ကောင်ကို သတ်ပြမယ်။ ငွေတစ်သိန်းကြေး အလောင်းအစားလုပ်မယ်။ ဘယ်နဲ့လဲ"

"စိန်လိုက်လေ"

စိန်ခေါ် သူ နေရာမှထပြီး တောနက်ထဲ ဝင်သွားသည်။ မကြာမီ ဧရာမခြင်္သေ့ကြီး တစ်ကောင် ထွက်လာပြီး ထိုင်နေသည့် မုဆိုးကို ပြောသည်။
"ခုနက တောထဲဝင်သွားတဲ့လူဟာ ခင်ဗျားမိတ်ဆွေလား"
"ဟုတ် … ဟုတ်ပါတယ်" တုန်တုန်ယင်ယင်ဖြင့် မုဆိုးပြန်ဖြေသည်။
"အေး။ သူ ကျုပ်ကို ပြောခိုင်းလိုက်တယ်။ ခင်ဗျားကို သူ ငွေတစ်သိန်း ပေးစရာ ရှိပါတယ်တဲ့"

## ၂၀၇။ အံ့သြစရာ မဟုတ်ပါ

အရက်ဘားထဲသို့ ခွေးတစ်ကောင် ဝင်လာသည်။ ခုံတစ်လုံးကို ဆွဲယူပြီး ထိုင်သည်။ ထို့နောက် နှစ်ကြိမ်တိတိ အကျယ်ကြီးဟောင်သည်။ ဘားမင်းသည် သံလွင်သီး သုံးလုံးထည့်ထားသော မာတီနီ ခွက်ကို လာချပေးသည်။ ဖန်ခွက်ကို တစ်ကြိုက်တည်း မော့ချလိုက်ပြီး ခွေးသည် ဘားထဲမှ ထွက်သွားသည်။ ဤမြင်ကွင်းကို ဂရုတစိုက် ကြည့်နေသော ဖောက်သည့်တစ်ယောက်က ဘားမင်းဆီ ပြေးလာပြီး ပြောသည်။
"ဟေ့လူ။ ဒါ …. ဒါ မထူးဆန်းဘူးလားဗျဟင်"
ဘားမင်းသည် ဖန်ခွက်များကို အဝတ်ဖြင့် သုတ်နေရင်းက အေးအေးဆေးဆေး ပြန်ပြောသည်။
"ဘာမှ မထူးဆန်းပါဘူး။ မာတီနီထဲကို ကျွန်တော်တို့ သံလွင်သီး သုံးလုံး ထည့်နေကျပါ"

## ၂၀၈။ စောစောထ

သားဖြစ်သူကို စည်းကမ်းရှိစေချင်သည့်ဆန္ဒဖြင့် အဖေဖြစ်သူက ပီတာလေးကို ပြောသည်။
"သား အိပ်ရာက စောစောထတဲ့လူဟာ ဘယ်ကိစ္စ မှာမဆို အောင်မြင်မှုရတယ်။ ဥပမာ လူတစ်ယောက်ဟာ အိပ်ရာက စောစောထပြီး လမ်းလျှောက်တော့ လမ်းမှာ ပိုက်ဆံ အပြည့်ပါတဲ့ ပိုက်ဆံအိတ်ကို ကောက်ရတယ်။ အဲဒါ စောစောထတဲ့ အကျိုးကျေးဇူးကွယ့်။ မှတ်ထား ကြားလား"
"ဟုတ်ကဲ့ ဖေဖေ။ ဒါပေမယ့် ပိုက်ဆံအိတ် ပျောက်သွားတဲ့ လူက သည့်ထက် စောစော ပိုထတယ် မဟုတ်လား ဟင်"

## ၂၀၉။ မတီးဘူး

မိခင်က သားဖြစ်သူ ပီတာလေးကို ပြောသည်။
"သားလေးက လိမ္မာပါတယ်ကွယ်။ မေမေ့ကို စန္ဒရားတီးပြနော်။ သားတီးပြရင် မေမေ သားကို ရေခဲမုန့် တစ်ခွက် ဝယ်ကျွေးမယ် သိလား"
"ဟင့်အင်း မေမေ။ ဖေဖေက သား စန္ဒရား မတီးဘူးဆိုရင် ရေခဲမုန့်နှစ်ခွက် ဝယ်ကျွေးမယ်လို့

ကတိပေးထားတယ်"

## ၂၁၀။ ကုသိုလ်ရတဲ့အလုပ်

ပီတာလေး ကျောင်းမှ ပြန်လာသည်။ ခါတိုင်းထက် ပျော်ရွှင်သည့်ပုံ ပေါက်နေသဖြင့် အမေက မေးသည်။
"သား၊ ဒီနေ့ မင်းရဲ့ အမူအရာ ထူးခြားနေပါလား"
"ကျွန်တော် ဒီနေ့ ကျောင်းမှာ ကုသိုလ်ရတဲ့ အလုပ် တစ်ခု လုပ်လိုက်တယ်
ဟုတ်လား၊ ဘာလုပ်လိုက်သလဲ"
"အတန်းထဲက ကောင်လေးတစ်ယောက် ဆရာ ထိုင်မယ့် ခုံမှာ သံတစ်ချောင်း
ရိုက်ထားတယ်"
"အဲဒီတော့ ဘာဖြစ်သလဲ"
"ဆရာထိုင်မယ်လုပ်တော့ ကျွန်တော် အဲဒီခုံကို ဆွဲဖယ်လိုက်တယ်"

---

## ၂၁၁။ ပထမခြေလှမ်း

အမှန်ကို မပြောသည့်အတွက် သားဖြစ်သူကို အဖေက ကြိမ်းသည်။
"မင်းအရွယ်တုန်းက ဖေဖေ ဘယ်သူ့ကိုမှ လိမ်မပြောဘူး။ သိလား"
"အဲဒါဆို ဘယ်အရွယ်ရောက်မှ ဖေဖေ စလိမ်သလဲ ဟင်"

## ၂၁၂။ မကျေနပ်ဘူး

ကျောင်းမှ ငိုယိုပြီး ပြန်လာသော သမီးကို အမေက မေးသည်။
"ဟဲ့ သမီးလေး၊ ဘာဖြစ်လို့ ငိုပြီး ပြန်လာတာလဲကွယ်"
"တော်ပြီး၊ ကျောင်းမသွားတော့ဘူး"
"မေမေ မေးတာ ဖြေပါဦး၊ ဘာဖြစ်တာလဲ"
"သမီးရဲ့ ဆံပင် အညိုရောင် ဖြစ်နေတာကို ကြည့်ပြီး တစ်တန်းထဲသားတွေ
ဝိုင်းရယ်ကြတယ်"
"ဒါများ အရေးလုပ်လို့ကွယ်။ သမီး သိထားရမှာက တို့ဆီမှာ ရှိတာမှန်သမျှ ဘုရားသခင်ရဲ့ အလိုတော်အရ ဖြစ်ရတာကွယ့်။ သမီးရဲ့ အညိုရောင်ဆံပင်ကို ဘုရားသခင်က
ပေးထားတာကွယ့်"
"အဲဒီလိုဆိုရင် ဘုရားရှိခိုးကျောင်းကို မသွားတော့ဘူး"

## ၂၁၃။ အတုခိုးသူ

ပီတာလေးသည် ၎င်း၏ အစ်ကိုအကြီးဆုံး လုပ်သည့်အတိုင်း အတုခိုး လိုက်လုပ်လေ့ရှိသည်။ တစ်နေ့ အခန်းထဲ ထိုင်ရင်း တစ်ဖက်ခန်းမှ အစ်ကိုကြီး၏ အသံကို ကြားရသည်။ အစ်ကိုကြီးက ၎င်း၏သူငယ်ချင်းကို ပြောပြနေခြင်းဖြစ်သည်။

"ငါ ကောင်မလေးကို မော်တော်ဆိုင်ကယ်ပေါ် တင်လိုက်ပြီး တောဘက်ကိုမောင်းသွားတယ်။ တောထဲ ရောက်တော့ သူကို နမ်းမယ် လုပ်တယ်။ 'ဟင့်အင်း၊ ဟင့်အင်း' လို့ ပြောပြီး ကောင်မလေး နောက်ကို ဆုတ်သွားတယ်။ ငါမော်တော်ဆိုင်ကယ်ပေါ် တက်လိုက်ပြီး စက်ကို နှိုးတယ်။ 'ကောင်းပြီလေ၊ ဒါလေးတောင်မှ ခွင့်မပြုဘူးဆိုရင်တော့ ကိုယ့်ဟာကိုယ် လမ်းလျှောက်ပြီး ပြန်ပေတော့ ' လို့ ပြောပြီး ငါ မောင်းထွက်သွားတယ်"

နောက်တစ်နေ့တွင် ပီတာလေး စက်ဘီးစီးနေရင် အိမ်နီးချင်း နာတာရှာလေးကို တွေ့သည်။ စက်ဘီးနောက်ခုံပေါ် နာတာရှာလေး ကို တင်ပြီး ပီတာလေး တောထဲဘက် နင်းသည်။ ရောက်သောအခါ ပီတာလေး ကောင်မလေးကို မေးသည်။

"နာတာရှာ။ ငါ နင့်ကို နမ်းချင်တယ်။ ရမလား"

"နမ်းလေ"

"အင်း၊ ဒီလိုဆိုရင် ရော့ စက်ဘီးကို ယူသွား။ ငါ လမ်းလျှောက်ပြန်မယ်"

## ၂၁၃။ စိတ်ဝင်စားမှု

အသက် ၅၀– ကျော်ပြီဖြစ်သော်လည်း အပျိုရှုံးလောက်အောင် အလှပြင်ပြီး ပွဲလမ်းသဘင်များသို့ တက်သွားနေသည့် အန်တီမြက ၎င်း၏ သူငယ်ချင်းမကို မေးသည်။

"ဒီနေ့ ညေ့ခံပွဲမှာ အိုင့်ကို တစ်ချိန်လုံး ကြည့်နေတဲ့ လူကို ယူ သိသလားဟင်"

"သိတယ်။ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်လုပ်တဲ့လူ"

## ၂၁၄။ သောက်ချင်သော်လည်း

အမျိုးသမီးနှစ်ယောက် စကားပြောနေကြသည်။

"ကျွန်မယောကျ်ား တစ်နေ့လုံး ဆေးတံကို ပါးစပ်က မချွတ်ဘူး။ တစ်အိမ်လုံးလည်း ဆေးခိုးဆေးနံ့တွေနဲ့ မွန်ထူနေတာပဲ။ စိတ်တောင် ညစ်လာပြီ"

"ကျွန်မယောကျ်ားလည်း ဆေးတံကြိုက်တယ်ရှင့်။ ဟင်းကောင်းစားရတဲ့ နေ့ဆိုရင် ဆေးတံကို အရသာခံဖွာလေ့ရှိတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်းမှာတော့ သူတစ်ခါမှသောက်တာ မတွေ့ရဘူး"

## ၂၁၅။ စိတ်မဆိုးပါနဲ့

ညွှဲ့သည်အမျိုးသမီးက အိမ်ရှင် ယောကျ်ားကို ပြောသည်။
"တော်ပြီ။ ရှင်တို့အိမ်ကို ကျွန်မ ဒီတစ်သက် မလာတော့ဘူး။ ဘယ်နဲ့တော်။ ညွှဲ့သည်ကို အိမ်ရှင်က စော်ကားသတဲ့။ ဟင်း။ ကြားတောင် မကြားဖူးပါဘူး"
အိမ်ရှင်ယောကျ်ားက ယဉ်ယဉ်ကျေးကျေး ပြန်မေးသည်။
"ဒေါသရှေ့မထားပါနဲ့။ ကျွန်တော့်ကို ပြောပြစမ်းပါ။ ဘာဖြစ်လို့လဲ"
"ရှင့်မိန်းမ ကျွန်မကို စော်ကားလိုက်တယ်လေ"
"နေပါဦး။ ကျွန်တော့မိန်းမ ဘာပြောလိုက်လို့လဲ"
"ကျွန်မကို 'အပျက်မ' လို့ သူ ခေါ်လိုက်တယ်လေ။ ကောင်းကြသေးရဲ့လား"
"သြော် ဒါလား။ ဒါနဲ့များတော့ စိတ်မဆိုးစမ်းပါနဲ့ဗျာ။ ကျွန်တော့ကိုပဲ ကြည့်။ ကျွန်တော် ရေတပ်က အနားယူတာ ၁၅-နှစ်ရှိပြီ။ အခုချိန်ထိ ကျွန်တော့မိန်းမက ကျွန်တော့ကို ကပ္ပတိန်လို့ ခေါ်တုန်း"

## ၂၁၆။ နဂိုအတိုင်း

မိန်းမနှစ်ယောက် ဆုံကြသည်။
"ဟဲလို မေရီ။ ဘယ်က ပြန်လာတာလဲ"
"အလှပြင်ဆိုင်က"
"ဘာလဲ၊ ဆိုင်ပိတ်ထားသလားဟင်"

---

## ၂၁၇။ ပြန်လာပါရစေ

ချစ်ရတဲ့မောင် ...

"ချစ်တဲ့မောင့်ကို မေ စွန့်ခွာသွားမိတဲ့အတွက် ခံစားနေရတဲ့ စိတ်ဝေဒနာကို မေ့အနေနဲ့ စာနဲ့ မဖော်ပြတတ်အောင်ပါပဲ မောင်။ ကိုယ်တစ်သက်လုံး ဆက်ချစ်နေမယ့် ယောကျ်ားကို ပစ်လိုက်မိလို့ အမိုက်မလေး အခုထိ နောင်တ ရနေဆဲပါမောင်။ မောင် မရှိဘဲ မေ မနေနိုင်ဘူး မောင်။ မေ့ကို ခွင့်လွှတ်ပါ။ မေ့နဲ့မောင် လက်ထပ်ဖို့ တစ်ရက်အလိုမှာ တခြားယောကျ်ားတစ်ယောက်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားမိတဲ့ မိန်းမရိုင်းကို ခွင့်လွှတ်ပါ မောင်။ မေ အမှားကြီး မှားမိပါတယ်မောင်။ မောင်မရှိတဲ့ မေ့ရဲ့ဘဝဟာ အရှင်လတ်လတ် ငရဲပြည် ရောက်နေတာနဲ့ အတူတူပါပဲ မောင်။ မောင့်ကို မေ ချစ်တယ်။ ချစ်တယ်။ ချစ်တယ်။ "

မောင်ရဲ့ မေ

**P.S** မင်္ဂလာစုံတွဲထီပေါက်တယ်ဆိုတဲ့ သတင်းကြားရတဲ့အတွက် မောင်နဲ့ထပ်တူ မေလည်း ဝမ်းသာရပါတယ် မောင်။

## ၂၁၈။ အထူးကုဆေးရုံ

စိတ်အထူးကု ဆေးရုံအကြောင်း ဆောင်းပါးရေးမည့်သတင်းထောက်ကို ဆေးရုံအုပ်ကြီးက အဆောက်အဦ၏ တစ်ထပ်ချင်းကို လိုက်ပြသည်။ နောက်ဆုံးအထပ်သို့ ရောက်လာသည်။ ဆေးရုံအုပ်ကြီးက လူနာထားသည့် အခန်းတစ်ခန်းကို ဖွင့်လိုက်သည်။ အခန်းထဲတွင် လူနာတစ်ယောက်မှ မရှိချေ။ ကုတင်နှစ်လုံးသာ ရှိနေသည်။ သတင်းထောက်က အံ့အားသင့်စွာ မေးသည်။

"အခန်းထဲမှာ လူနာတစ်ယောက်မှ မရှိပါလား"

"ဒီအခန်းက မော်တော်ကားရူးရူးနေတဲ့ လူနာတွေကို ထားတဲ့ အထူးခန်းပါ"

"လူနာတွေ ဘယ်မှာလဲ ခင်ဗျ"

"ဘယ်မှာ ရမလဲ။ ကုတင်အောက်မှာပေါ့။ သူတို့ကားကို သူတို့ ပြင်နေကြတယ်လေ"

## ၂၁၉။ လူနာသစ်

ပထမဦးဆုံးအကြိမ် ရောက်လာသော လူနာကို စိတ်ရောဂါကု ဆရာဝန်က ပြောသည်။

"ဘာမှ မစိုးရိမ်ပါနဲ့။ တလောက ဘာမှ မဟုတ်တဲ့ ကိစ္စလေးတစ်ခုကြောင့် စိတ်သောက ရောက်နေရတဲ့ လူနာ တစ်ယောက်ကို ကျွန်တော် ပျောက်အောင် ကုပေးလိုက်ပြီးပြီ။ သူ့အဖြစ်က ရယ်စရာလည်း အကောင်းသား။ သွားကုဆရာဝန်ကို ပိုက်ဆံမပေးလိုက်မိတဲ့ အတွက် ည အိပ်မပျော်ဘူးတဲ့ဗျာ။ ကျွန်တော့် ဆီ လေးငါးခါပဲ လာလိုက်ရတယ်။ ဒီနေ့ဆို လုံးဝ ပျောက်သွားပြီ"

"ကျွန်တော် သိပါတယ်ဆရာ။ သူ့ရဲ့သွားဆရာဝန်က ကျွန်တော်ပါ"

## ၂၂၀။ ကုန်မှာပေါ့

"ဒေါက်တာ။ မနေ့က ကျွန်မရဲ့ ကလေးအတွက် ဆရာပေးလိုက်တဲ့ ဆေးမျိုး နောက်တစ်ပုလင်း ပေးပါဦးလားရှင်"

"တစ်ရက်တည်းနဲ့ ဆေးတစ်ပုလင်း ကုန်သွားပြီးလား။ မဖြစ်နိုင်တာဘဲ"

"ဒီလိုပါဆရာ။ ကလေးရဲ့ ပါးစပ်ထဲ ဆေးတစ်ဇွန်း ရောက်ရှိဖို့အရေး ကျွန်မတို့ အိမ်သာအားလုံး အင်မတန် အရသာရှိတဲ့ ပုံစံမျိုးနဲ့ ဆေးရည်ကို သောက်ပြကြရလို့ပါ"

## ၂၂၁။ ငွေ ငွေ ငွေ

ခွဲစိတ်ရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။
ခွဲစိတ်ကိရိယာများ အပြည့်အစုံ ချထားသည်။
လူနာကို မေ့ဆေးထိုးပေးပြီးပြီ။
ခွဲစိတ်ဆရာဝန်ကြီးကို အားလုံး စောင့်နေကြသည်။
ခဏအကြာတွင် ဆရာဝန်ကြီး ခွဲစိတ်ခန်းထဲ ဝင်လာပြီး ပြောသည်။
"ကိုင်း၊ စလို့ ရပြီး။ ခွဲစိတ်ခရပြီ"

---

## ၂၂၂။ ကြင်နာမှု

လူကြီးတစ်ယောက်သည် ၎င်း၏ဇနီးကို လက်ကဆွဲလျက် သွားကုဆရာဝန်၏ ဆေးခန်းထဲသို့ ဝင်လာသည်။ လူကြီးက မေးသည်။
"ဒေါက်တာ၊ သွားတစ်ချောင်း နှုတ်ခ ဘယ်လောက်ကျပါသလဲခင်ဗျာ"
"ထုံးဆေးထိုးပြီး နှုတ်ရင် ၁၅၀၀၊ ထုံးဆေးမပါဘဲဆိုရင် ၁၀၀၀ ပါ"
"ထုံးဆေးမပါဘဲ နှုတ်ပေးပါ"
ခင်ဗျားတော်တော် သတ္တိကောင်းပါလား ဆရာဝန်ကြီးက ချီးကျူးစကား ပြောသည်။
လူကြီး ဇနီးသည်ဘက် လှည့်လိုက်သည်။
"မိန်းမရေ၊ မင်းကို ငါ အပြင်ဘက်မှာ စောင့်နေမယ်နော်"

## ၂၂၃။ စိတ်ညှို့ကုသခြင်း

စိတ်ရောဂါကု ဆရာဝန်သည် လူနာကို စိတ်ညှို့နည်းကို သုံးပြု၍ ကုသနေသည်။
"ကျွန်တော် ပြောတဲ့အတိုင်း ဖြည်းဖြည်းချင်း လိုက်ပြောပါ။ ငါ နေကောင်းလာ ... ပြီ။ ငါ နေကောင်း ... လာပြီ"
သတ်မှတ်ချိန် ကုန်ဆုံးသောအခါ လူနာသည် တကယ်ဘဲ သက်သာလာသည်။
"ကိုင်း နှစ်ထောက်ကျပါတယ်"
"ဒေါက်တာ။ ကျွန်တော် ပြောတဲ့အတိုင်း ဖြည်းဖြည်းချင်း လိုက်ပြောပါ။ ငါ့ကို ပိုက်ဆံ ... ပေး .. ပြီး .. ပြီး .. ငါ့ကို ..... ပိုက်ဆံ ... ပေး .. ပြီး .... ပြီး"

## ၂၂၄။ စကားများတဲ့အကျိုး

"ခင်ဗျား မိန်းမ တယ် စကားများပါလားဗျာ"
"များတာတော့ မပြောနဲ့။ မနှစ်တွေက ကျွန်တော်တို့ ပင်လယ်ကမ်းစပ်မှာ သွားပြီး အနားယူတုန်းက သူ့ခမြာ လျှာတောင် နေလောင်သွားတယ်"

## ၂၂၅။ အနှောင့်ရယ်များတဲ့စာအုပ်

ယောကျ်ားဖြစ်သူ အလုပ်မှ ပြန်လာသည်။ တစ်အိမ်လုံး ဖြောင်းဆန်နေသည်။ မိန်းမဖြစ်သူ
တစ်စုံတစ်ခုကို သည်းသည်းမဲမဲ ရှာနေသည်ကို တွေ့ရသည်။ သို့နှင့် မေးသည်။
"မိန်းမရေ၊ မင်းဘာ ရှာနေတာလဲကွ။ ငါ ကူရှာပေးရအောင်"
"တလောက ကျွန်မ ဝယ်လာတဲ့ စာအုပ်ပျောက်နေလို့"
"ဘာစာအုပ်လဲ"
"အသက်ရှည်နည်းစာအုပ်"
"ရှာမနေနဲ့၊ ငါ မီးရှို့လိုက်ပြီ"
"ဘာပြောတယ်။ မီးရှို့လိုက်တယ် ဟုတ်လား"
"ဟုတ်တယ်"
"ဘာဖြစ်လို့လဲတော့"
"မင်းအမေ စိတ်ဝင်တစား ဖတ်နေတာကို တွေ့လို့"

## ၂၂၆။ ဘယ်တက်မလဲ

အီတလီသားက ၎င်း၏ မိတ်ဆွေကို ပြောသည်။
"မနှစ်နွေက ကျွန်တော် မိန်းမနဲ့အတူ ပင်လယ်ကမ်းခြေမှာ အနားသွားယူတယ်။
မိန်းမကိုလည်း ရေကူးသင်ပေးတယ်ဗျ"
"ဟုတ်လား။ ရေကူးတက်သွားသလား"
"ဟင့်အင်း"
"ဘာဖြစ်လို့လဲ။ သူ ရေကို ကြောက်လို့လား"
"မဟုတ်ပါဘူး။ ပါးစပ်ကို ပိတ်မထားတက်လို့"

## ၂၂၇။ အယူမသည်းပါ

အီတလီသားတစ်ယောက် လေယာဉ်ပျံရုံသို့ ရောက်လာပြီး ၁၃–ရက်နေ့ (သောကြာနေ့)
အတွက် လက်မှတ်တစ်စောင်ဝယ်သည်။ ဘေးနားက လူတစ်ယောက်က မေးသည်။
"၁၃–ရက်နေ့အတွက် ခင်ဗျား လက်မှတ် ဝယ်တယ်နော်။ ခင်ဗျား မကြောက်ဘူးလား။
ပြီးတော့ လေယာဉ်ကုမ္ပဏီကလည်း သိပ်နာမည် မရှိသေးဘူး"
"ကျွန်တော် ဒါတွေ အယုံအကြည် မရှိဘူးဗျ။ ပြီးတော့ ခရီးသွားမှာက ကျွန်တော်
မဟုတ်ဘူး။ ကျွန်တော့် မိန်းမ"

## ၂၂၈။ ထူးခြားတဲ့ လက္ခဏာ

မစ္စတာ ရိုစီ (အီတလီသား) ကို ရဲမှူးက နှစ်သိမ့်နေသည်။
"မစ္စတာ ရိုစီ၊ ဘာမှ မစိုးရိမ်ပါနဲ့တော့။ ပျောက်နေတဲ့ လူကြီးမင်းရဲ့ ဇနီးကို ကျွန်တော်တို့ ပြန်တွေ့ပါပြီ။ သူဘာမှ မဖြစ်ပါဘူး"
"သူ ဘာပြောသေးသလဲ ခင်ဗျ"
"ဘာမှ မပြောပါဘူး"
"အဲဒါဆို ကျွန်တော့ မိန်းမ မဟုတ်ဘူး"

---

## ၂၂၉။ မပျော်ဘူးဟေ့

မစ္စတာ ရိုစီက ၎င်း၏ဇနီးကို ပြောသည်။
"အိမ်က ခွေးကို တိရစ္ဆာန်ဆရာဝန်ဆီ ခေါ် သွားရအောင်။ ဒီကောင့် အမြီးကို ဖြတ်ခိုင်းလိုက်ရအောင်"
"ရှင် ဘာအဓိပ္ပါယ်မရှိတဲ့ စကားတွေ လာပြောနေရတာလဲ။ ပြီးတော့ ကျွန်မမှာ လုပ်စရာတွေ အများကြီး မနက်ဖြန် မေမေ ရောက်လာမယ်ဆိုတာ ရှင် မေ့နေပြီးလား"
"အဲဒါကြောင့်မို့လို့ တိရစ္ဆာန်ဆရာဝန်ဆီ သွားရအောင်လို့ ငါ ပြောတာပေါ့။ သူ ရောက်လာတာကို တို့အိမ်ထဲက တစ်ယောက်ယောက် ဝမ်းသာနေပါလားလို့ မင်းအမေထင်သွားမှာ စိုးတယ်ကွ"

## ၂၃၀။ အလိုက်သိသူ

ရန်ကုန်ရှိ သူငယ်ချင်းဖြစ်သူထံတွင် ကိုဘမောင် နှစ်လကြာ လာရောက်တည်းခိုသည်။ နောက်ဆုံး ကိုဘမောင် ပြန်မည့်ရက်သို့ ရောက်လာသည်။ အိမ်ရှင် သူငယ်ချင်းက ကိုဘမောင်ကို ဘူတာရုံထိ လိုက်ပို့သည်။ ရထားထွက်ရန် နှစ်နာရီခန့် လိုနေသေးသဖြင့် နှစ်ယောက်သား စားသောက်ဆိုင်ဝင်စားကြသည်။ စားသောက်ပြီးစီးသောအခါ သူငယ်ချင်းက ငွေချေရန်အတွက် ပိုက်ဆံအိတ်ကို နှိုက်သည်။ ကိုဘမောင်သူ့ကို တားသည်။
"မလုပ်ပါနဲ့ဗျာ။ ခင်ဗျားအိမ်မှာ ကျွန်တော် နှစ်လတိတိ နေထိုင်စားသောက်ခဲ့တယ်။ ခင်ဗျားတို့ မိသားစုတစ်ခုလုံး မငြိုမငြင်နဲ့ ကျွန်တော့ကို ပြုစုခဲ့ကြတယ်။ ဒီတစ်ခါတော့ ကျွန်တော်တစ်ဝက်ပေးပါရစေ"

## ၂၃၁။ ဖြတ်ထိုးဉာဏ်

"လူခေါ်ခေါင်းလောင်းသံ မြည်လာတိုင်း မိုးကာ အင်္ကျီဝတ်ပြီး ခင်ဗျား တံခါးသွားဖွင့်တယ်။ ဘာဖြစ်လို့လဲ"
"ရှင်းရှင်းလေးပဲ။ ကျွန်တော် မမြင်ချင်တဲ့ လူလာတာဆိုရင် 'ဆောရီးပဲ။ ကျွန်တော် အခုပဲ အပြင်ထွက်တော့မလို့ ' လို့ ပြောမယ်။ အဲ ကျွန်တော် တွေ့ချင်
မြင်ချင်တဲ့လူလာတယ်ဆိုရင်တော့ ကျွန်တော် အခုလေးတင်ပဲ အပြင်က ပြန်လာတာလို့ ပြောနိုင်တယ်လေဗျာ"
"ကျွန်တော်သာ ခင်ဗျား နေရာမှာ ဆိုရင် ဒုတိယအခြေအနေမှာ ကျွန်တော်
တစ်မျိုးပြောမယ်ဗျ
ဘယ်လို ပြောမလဲ"
"ဒီလို ဧည့်သည်မျိုး လာလည်လို့ကတော့ သွားစရာရှိတာတောင် မသွားတော့ဘူးဗျာလို့"

## ၂၃၂။ သုံးရက်သက်တမ်း

ရုံပိုင်ချုပ်၏ အခန်းထဲသို့ လူကြီးတစ်ယောက် ဝင်လာပြီး ရှူးရှူးရှားရှား ပြောသည်။
"ဘယ်လိုဟာလဲ။ ကျွန်တော် စီးရမည့်ရထား အခုထိတောင် မထွက်သေးပါဘူး။ ထွက်ရမည့် အချိန်ထက် တစ်နာရီတောင် နောက်ကျနေပြီ"
"ဒီလောက်အထိ စိတ်လှုပ်ရှားစရာ မလိုပါဘူးခင်ဗျာ။ ဦးအောင်ဝယ်ထားတဲ့ လက်မှတ်ဟာ သုံးရက်တိတိ သက်တမ်းရှိပါတယ် ခင်ဗျာ"

## ၂၃၃။ အရှုံးမခံဘူး

ကိုချူချာ မော်စကိုမှ ပြန်လာသည်။ တစ်ရွာတည်းနေ မိတ်ဆွေများက မော်စကို အတွေ့အကြုံကို ပြောပြရန် တောင်းပန်ကြသည်။ ကိုချူချာ စပြောသည်။
"ကျွန်တော် သွားတည်းတဲ့ ဟော်တယ်မှာ အခန်းခ ဒေါ်လာ ၂၀၀– တောင် ပေးရတယ်"
"အင်း၊ နည်းတဲ့ ငွေ မဟုတ်ပါလား။ ဒါပေမယ့် စိတ်ဝင်စားစရာ နေရာတွေတော့ ရောက်ခဲ့မှာပေါ့"
"ဘယ်မှ မရောက်ခဲ့ဘူး။ ဒီလောက် စျေးကြီးပေးတဲ့အခန်းကို အပြည့်အဝ အသုံးချမယ်လို့ ဆုံးဖြတ်ပြီး တစ်ပတ်လုံးလုံး ဘယ်ကိုမှ မထွက်ဘူး။ ဘယ် အရှုံးခံနိုင်မလဲ။ မဟုတ်ဘူးလား"

## ၂၃၄။ နောင်တ

ကိုချူချာ ထီဒေါ်လာတစ်သိန်းပေါက်သည်။။ မိတ်ဆွေများက ဝမ်းသားစကားပြောကြသည်။
"ခင်ဗျားဟာ တကယ့် ဖိုးကံကောင်းပဲဗျ။ ခင်ဗျားတို့ မိသားစုအတွက် ကျွန်တော်တို့ အားလုံး ဝမ်းသာကြတယ်ဗျို့။ ဒါနဲ့ ခင်ဗျား မျက်နှာ မကောင်းပါလား။ ဘာဖြစ်လို့လဲ"
ကိုချူချာ မျက်ရည်ကို အနိုင်နိုင်ထိန်းရင်း ပြန်ပြောသည်။
"ထီလက်မှတ် နှစ်စောင် မဝယ်လိုက်ရ ကောင်းလားဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင်လို့ မဆုံးဘူးဗျာ"

---

## ၂၃၅။ ကြော်ငြာ

အင်္ဂလန်ထုတ် ဂျာနယ်တစ်စောင်တွင် ကြော်ငြာတစ်ခုပါလာသည်။
"ကျွန်တော်တို့လင်မယား အသက်သုံးဆယ်ကျော်စီပဲ ရှိကြသေးသည်။ သားသမီးလေးယောက် ရပြီး။ အားလုံးယောကျ်ားလေးချည်း ဖြစ်သည်။ ကျွန်တော်တို့ သမီးလေး တစ်ယောက် လိုချင်သည်။ အကြံဉာဏ်အားဖြင့် ကူညီကြပါရန်"
ကြော်ငြာပါလာပြီး မကြာမီ ကမ္ဘာ့အရပ်ရပ်မှ အကြံပေးစာ ရောက်လာသည်။
အမေရိကန်နိုင်ငံသား – 'ဆက်လုပ် စမ်းသပ်ပါ'
သြစတေးလျနိုင်ငံသား – 'ဘုရားသခင်ရှေ့မှာ ဆုတောင်းပါ'
တောင်အာဖရိကနိုင်ငံသား – ' အစားအသောက် ဆင်ခြင်ပါ'
အိန္ဒိယနိုင်ငံသား – 'ယောဂီ ကျင့်သူများ အသင်းသို့ ဝင်ပါ'
အီတလီနိုင်ငံသား – 'အမြန်ဆုံးလာခဲ့မယ်'

## ၂၃၆။ ထွက်ပေါက်

အလွန်ဆင်းရဲသော အာဖရိက နိုင်ငံတစ်ခုမှ နှစ်လသားကလေးငယ်ကို ဥရောပ လင်မယား ကောက်ယူ မွေးစားလိုက်သည်။ မွေးစားကလေးကို ကြည့်ရင်း မိန်းမက ယောကျ်ားကို ပြောသည်။
"ကလေးလေး ကြီးလာပြီး စကားပြောရင် ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"
"တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် အာဖရိက စကားတက်အောင် သင်ရတော့မှာပေါ့"

## ၂၃၇။ ဆင်းရဲချမ်းသာ

အသက်အရွယ် ကြီးရင့်ပြီးဖြစ်သော စက်မှုလုပ်ငန်းရှင်တစ်ဦးသည် ငယ်ရွယ်သော အမျိုးသမီးကို လက်ထပ်ယူလိုက်သည်။ တစ်နေ့တွင် အဘိုးကြီးက မေးသည်။

"ငါ့ကို မှန်မှန်ပြောစမ်း။ ပိုက်ဆံ ချမ်းသာလို့ ငါ့ကို မင်းလက်ထပ်လိုက်တာလားဟင်"
"မဟုတ်ရပါဘူးရှင့်။ ကျွန်မ အင်မတန် ဆင်းရဲလို့ပါ"

## ၂၃၈။ စာကြည့်တိုက်မှာ

"ကျွန်တော် 'သူခိုးရန်မှ ကာကွယ်နည်း' စာအုပ်ကို ဖတ်ချင်ပါတယ်။ အဲဒီစာအုပ် ဒီစာကြည့်တိုက်မှာ ရှိသလားဟင်"
"ရှိခဲ့တယ်။ ဒါပေမယ့် တစ်လောက အခိုးခံလိုက်ရတယ်။"

## ၂၃၉။ အကျင့်ရှိပြီးသား

သူဌေးကတော်က အိမ်ဖော်မ အသစ်ကို ပြောသည်။
"ညည်းကို ငါ ကြိုပြောထားချင်တယ်။ ဒီအိမ်က အကြီးကြီး။ ပြီးတော့ နေတဲ့လူကလည်း အများကြီး။ အဲဒီတော့ ညည်းအတွက် အားချိန် နားချိန်ဆိုတာ ရှိမှာ မဟုတ်ဘူး။"
"စိတ်မပူပါနဲ့ ဒေါ်ဒေါ်။ ကျွန်မ တောမှာ နေတုန်းက ဝက်အကောင် နှစ်ဆယ်ကို နေစဉ် အစာချက်ကျွေးရတယ်။ ဝက်ခြံကိုလည်း နေ့စဉ် သန့်ရှင်းရေး လုပ်ခဲ့ရပါတယ်ရှင့်"

## ၂၄၀။ လူသားပဲစားမယ်

လေယာဉ်မယ် ခရီးသည်တစ်ဦးချင်းကို ကျွေးမွေးမည့် ဟင်းလျာ စာရင်းစာရွက်ကို လိုက်ပေးသည်။ ထိုလေယာဉ်ပေါ်တွင် အာဖရိကတိုက် မျိုးရိုးအုပ်စုတစ်စုမှ ကပ္ပလီတစ်ယောက်လည်းလိုက်ပါလာသည်။ ၎င်း၏အလှည့်သို့ ရောက်သောအခါ ကပ္ပလီက ဟင်းလျာစာရွက်ကို လေယာဉ်မယ်အား ပြန်ပေးပြီး ပြောသည်။
"ကျွန်တော့အတွက် မလိုပါဘူး။ ဒီလေယာဉ်နဲ့ လိုက်ပါလာတဲ့ ခရီးသည်စာရင်းသာ ကျေးဇူးပြုပြီး ယူလာခဲ့ပေးပါ"

## ၂၄၁။ နေရာဟောင်း

ဟီးနိုးကားကြီးပေါ် လိုက်ပါလာသော ကမ္ဘာလှည့် ခရီးသည်များသည် ဒရိုင်ဘာ၏ လက်စွမ်းပြမှုကြောင့် အကုန်လုံး ဘုရားတနေကြရသည်။ လမ်းကွေ့တွင် ဘရိတ်မအုပ်၊ အရှိန်မလျှော့ဘဲ တအားကွေ့ပစ်သည်။ မီးနီ ပြနေသော်လည်း အတင်း ဖြတ်မောင်းသည်။ တစ်ဖက်မှလာသော ဓာတ်ဆီတင်ကားနဲ့ သီသီလေးလွတ်သွားသည်။ ရှေ့က ကားကို လူသွားလမ်းပေါ် တက်မောင်းပြီး ဖြတ်ကျော်သည်။ ခရီးသည်အားလုံး ရင်တမမနှင့် လိုက်ပါလာကြရသည်။ ဤသည့်ကြားမှ ဒရိုင်ဘာသည် မြို့၏ စိတ်ဝင်စားဖွယ်ရာ နေရာများကို မိုက်ခရိုဖုန်းမှ တဆင့် ကြေညာပေးသည်။ တစ်နေရာတွင် ၎င်းက ဤသို့ ကြေညာသည်။

"ခရီးသည်များ ခင်ဗျာ။ ညာဘက်မှာ တွေ့ရတဲ့ လေးထပ်တိုက် အဆောက်အဦးဟာ စိတ်ရောဂါ အထူးကု ဆေးရုံကြီး ဖြစ်ပါတယ်။ အဲဒီဆေးရုံမှာ ကျွန်တော် ဆယ်နှစ်တိတိ နေခဲ့ပါတယ်ခင်ဗျာ" မှတ်ကရော။

---

## ၂၄၂။ လုပ်သားကောင်း

ကိုဘမောင် ညဥ့်နက်မှ အလုပ်မှ အိမ်သို့ ပြန်လာသည်။ ထုံးစံအတိုင်း မိန်းမက ပူညံပူညံလုပ်သည်။ သူ့ အတွက် ကျုပ်က ချက်ရပြုတ်ရတယ်။ လျှော်ရဖွတ်ရတယ်။ ဆေးရကြောရတယ်။ သန့်ရှင်းရေးလုပ်ရတယ်။ သူကတော့ ညဥ့်နက်မှ အိမ်ပြန်လာတော်မူသတဲ့။ "ပြောစမ်း။ ရှင် ဘယ်မှာ အလေလိုက်နေသလဲ"

"ဘယ်မှ အလေမလိုက်ပါဘူး။ ရုံးဆင်းချိန်မှာ ငါ့ကို နှိုးဖို့ ရုံးသားတွေ မေ့သွားလို့ပေါ့"

## ၂၄၃။ ဟင်းမှမကောင်းဘဲ

အန်တီမြ ပျင်းပျင်းရှိသည်နှင့် မိတ်ဆွေလင်မယား အိမ်သို့ အလည်သွားသည်။ ဟိုလူ့အကြောင်း ဒီလူ့အကြောင်း အတင်းအဖျင်းတွေ ပြောဖြစ်ကြသည်။ လေကန်နေကြသည်မှာ အချိန်အတော်ကြာသွားသည်။ အန်တီမြ ပြန်မည်လုပ်သည်။ အိမ်ရှင်လင်မယားက တားသည်။

"ပြန်တော့မလို့လား၊ နေပါဦးလား"

"အလုပ်ကိစ္စတွေ ရှိသေးလို့ပါ"

"နေလို့ရရင် နေစမ်းပါ။ အပြင်မှာလည်း မိုးက သည်းပါဘိနဲ့။ ညစာစားပြီးရင် ပြန်ပေါ့"

"ညစာ ဘာချက်ထားသလဲ"

"ချဉ်ပေါင်ဟင်း"

"နေပါစေတော့ရှင်။ မစားတော့ပါဘူး။ မိုးက တဖြောက်ဖြောက်ပဲ ရွာနေတာပါ။ ကိုင်း

သွားတော့မယ်နော်"

## ၂၄၄။ ပင်းဂွင်းငှက်

ကက်သလစ်ဘာသာဝင်တွေ နေထိုင်ရာ အီတလီနိုင်ငံတွင် ဖြစ်သည်။
အဝေးပြေးကုန်တင်ကားကြီးတစ်စီး ဆယ်ရက်ကြာ ခရီးစဉ်မှ ပြန်လာသည်။ ကားပေါ်တွင်
ယာဉ်မောင်းနှစ်ဦး ပါလာသည်။ တစ်ယောက်က ကားကို မောင်းသည်။
နောက်တစ်ယောက်က နားရမည့် အလှည့်ဖြစ်၍ ဘေးနားတွင် ငိုက်ပြီးလိုက်လာသည်။
ဆောင်းရာသီဖြစ်၍ နှင်းတွေကျနေသည်။
လမ်းကို သတိထားမောင်းရသည်။ မြင်ကွင်းလည်းမပြတ်သားလှ။
မောင်းနေရင်းက ရုတ်တရက် ဘေးမှ အိပ်နေသော အဖော်ကို ဒရိုင်ဘာမှ မေးသည်။
"ဟေ့ကောင် ပင်းဂွင်းငှက်ရဲ့ အရပ်အမြင့် ဘယ်လောက်ရှိသလဲဆိုတာ မင်း သိသလားကွ
ဟေ"
အိပ်ချင်မူးတူးဖြစ်နေသော အဖော်က စိတ်တိုတိုနှင့် ပြန်ပြောသည်။
"ဘယ်က ပင်းဂွင်းလဲ။ ဘာလုပ်ဖို့လဲ။ မသိဘူး။ ငါ အေးအေး အိပ်စမ်းပါရစေ"
အချိန်အနည်းငယ် ကြာသောအခါ မောင်းနေသူက အဖော်ကို နှိုးပြီး ပြောပြန်သည်။
"ဟေ့ကောင်။ ကားထဲမှာပါတဲ့ အညွှန်းစာအုပ်ကို ပင်းဂွင်းငှက်ရဲ့ အရပ်အမြင့်
ဘယ်လောက်ရှိသလဲ ဆိုတာ ရှာစမ်းပါ။ မင်းကို ငါ တောင်းပန်ပါတယ်"
"အဓိပ္ပါယ်မရှိတာတွေ ငါ့ကို မပြောစမ်းနဲ့။ မင်း ရူးနေသလား။ ကောင်းကောင်းကို
မအိပ်ရဘူး။ တောက်"
မိုင် အနည်းငယ် ဆက်မောင်းသောအခါ ဒရိုင်ဘာသည် ဘရိတ်အုတ်ပြီး ကားစက်ကို
ရပ်လိုက်သည်။ အိပ်နေသူ အပြီးအပိုင် နိုးလာသည်။
"ဟေ့ကောင်။ ကားကို ဘာဖြစ်လို့ ရပ်လိုက်ရတာလဲ"
"ပင်းဂွင်းငှက်ရဲ့ အရပ်အမြင့် ဘယ်လောက်ရှိသလဲဆိုတာ မင်း ငါ့ကို မဖြေမချင်း ဘယ်ကိုမှ
မသွားဘူးကွာ ကဲ"
အဖော်ဖြစ်သူ မတက်နိုင်တော့။ သူငယ်ချင်းနှင့် ဆက်ပြီး စကားများနေလျှင်
အိပ်ရတော့မည်မဟုတ်ဟု သဘောပေါက်သွားသည်။ သို့နှင့်
အိတ်ဆောင်အညွှန်းစာအုပ်တစ်အုပ်ကို ဆွဲယူပြီး ရှာသည်။
"တွေ့ပြီ။ တစ်ပေခွဲရှိတယ်"
ကားဆရာသည် 'တစ်ပေခွဲ၊ တစ်ပေခွဲ၊ တစ်ပေခွဲ' ဟု နှုတ်မှ ရေရွတ်ပြီး အဖော်ဖြစ်သူကို
ပြောသည်။
"ဟေ့ကောင်။ လွန်ခဲ့တဲ့ နှစ်နာရီလောက်က ငါ မယ်သီလရင် နှစ်ယောက်ကို
တက်ကြိတ်မိတယ်ထင်တယ်ကွာ"
"ဟိုက်"

## ၂၄၅။ စိုးရိမ်မိတယ်

တိရစ္ဆာန်ရုံတွင် ဖြစ်သည်။
လင်မယားနှစ်ယောက် စပါးကြီးမြွေထားရာ သံလှောင်အိမ်ရှေ့တွင် ရပ်နေကြသည်။
တိရစ္ဆာန်ရုံဝန်ထမ်းက ပြောသည်။
"ဒီစပါးကြီးမြွေဟာ မြည်းတစ်ကောင်လုံးကို အရှင်လတ်လတ် မြိုချနိုင်တယ်ဗျ"
ဤစကားကို ကြားသည်နှင့် မိန်းမက ယောကျ်ား၏လက်ကို ဆောင့်ဆွဲပြီး ပြောသည်။
"ကိုဘမောင်၊ နောက်ကို မြန်မြန်ဆုတ်"

---

## ၂၄၆။ တစ်ပတ်မရိုက်နဲ့

တစ်နေ့ ကိုချူချာ မော်စကိုမြို့လယ်ခေါင်ရှိ ရင်ပြင်နီတွင် လမ်းလျှောက်နေသည်။ ‘စပတ်စကီးမျှော်စင်’ ရှိ နာရီကြီးကို ရပ်ပြီး ကြည့်သည်။ လူတစ်ယောက်ရောက်လာပြီး မေးသည်။
"ဘာလဲ၊ နာရီကို သဘောကျတယ်ထင်တယ်"
"ဟုတ်တယ်"
"လိုချင်သလား"
"လိုချင်တယ်"
"ဒေါ်လာတစ်ထောင်ပေး၊ ဒီမှာ ခဏစောင့်နေ။ လှေကားကို ငါ ပြေးယူလိုက်မယ်"
ဒေါ်လာတစ်ထောက်ယူပြီး ထွက်သွားသည်။ သုံးနာရီ ကြာသွားသည်။ လှေကားသွားယူသူ မပေါ်လာချေ။ အလိမ်မိပြီဟု ကိုချူချာ သဘောပေါက်သွားသည်။ ရွာသို့ ပြန်ရောက်သောအခါ ဤအကြောင်းကို မိတ်ဆွေများကို ပြောပြသည်။
ကိုချူချာ၏ ညီ မော်စကိုသို့ ရောက်လာသည်။ ရင်ပြင်နီသွားပြီး မျှော်စင်ပေါ်က နာရီကို အစ်ကိုဖြစ်သူအတိုင်း ရပ်ကြည့်သည်။ လူတစ်ယောက် ရောက်လာပြီး မေးသည်။
"ကြိုက်သလား"
"ကြိုက်တယ်"
"လိုချင်သလား"
"လိုချင်တယ်"
"အဲဒါဆို ဒေါ်လာ တစ်ထောင်ပေး။ ရမယ်။ ကိုင်း ဒီမှာ ခဏစောင့်နေ။ ငါ လှေကား၊ ပြေးယူလိုက်မယ်"
"ကိုချူချာ မထုံဘူးနော်။ တစ်ပတ်ရိုက်လို့ မရဘူး။ ရော့ ပိုက်ဆံယူပြီး ဒီမှာ စောင့်နေ။ ငါကိုယ်တိုင် လှေကား သွားယူမယ်"

## ၂၄၇။ ဒါဘာဟုတ်သေးလဲ

လူတစ်ယောက် စားသောက်ဆိုင်တွင် နေ့လယ်စာ စားနေသည်။ ပထမဦးဆုံး ပုစွန်ချိုဟင်းကို စားသည်။ စားနေရင်းက ပန်းကန်ထဲက ပုစွန်တစ်ကောင် ထွက်လာပြီး စားပွဲပေါ် လမ်းလျှောက်သွားသည်။ ပန်းကန်ကို ဖယ်လိုက်ပြီး မှာထားသည့် ဖားကြော်ကို ဆက်စားသည်။ ဤတစ်ခါလည်း ဖားတစ်ကောင် ပန်းကန်ထဲမှ ခုန်ထွက်လာကာ စားပွဲပေါ် လျှောက်သည်။ ယောကျ်ားကြီး စားချင်စိတ် ကုန်သွားသည်။ စိတ်လည်း အကြီးအကျယ် တိုသွားသည်။ သို့နှင့် မန်နေဂျာကို ခေါ်ပြီး ပြောသည်။

"ဘယ်လိုဟာလဲဗျ။ ပုစွန်က တွားသွားတယ်။ ဖားခုန်ထွက်တယ်။ ကျုပ် ပိုက်ဆံ ပေးစားတာဗျ။ ဘာတွေ ကျွေးတာလဲ"

"လူကြီးမင်း ကံကောင်းတယ်မှတ်ပါ။ မနေ့ကသာ ကျွန်တော်တို့ဆီမှာ ငါးမန်းဟင်းချို နဲ့ စပါးကြီးမြွေကြော်ပဲ ရမှာဗျ။ ကျွန်တော်တို့ကို ကျေးဇူးတင်စကားတောင် ပြောသင့်တယ်။ ဟင်း"

## ၂၄၈။ သတိရမိတယ်

ကိုဘမောင် ကိုယ်စားလှယ် အဖွဲ့တစ်ခုနှင့် ပြင်သစ်သို့ ရောက်သွားသည်။ အားချိန်အနည်းငယ်ရသည်နှင့် ပဲရစ်မြို့ကို လျှောက်လည်သည်။ တစ်နေရာတွင် တစ်စုံတစ်ခုကို သတိရသည်နှင့် 'ထွီ' ဟု တံတွေး ထွေးလိုက်သည်။ ပြင်သစ်ရဲ ချက်ချင်း ရောက်လာပြီး ပြောသည်။

"ဒီနေရာမှာ တံတွေး မထွေးရပါဘူး။ ဒဏ်ငွေ ၂၀၀– ဆောင်ပါ"

သူတို့နိုင်ငံက စည်းကမ်းကို ဖောက်ဖျက်မိလျက်သား ဖြစ်နေပြီး ပိုက်ဆံကလည်း သိပ်မများဟု ယူဆသဖြင့် ကိုဘမောင် အကြောက်အကန် မပြောတော့ပဲ ဒဏ်ငွေ ဆောင်လိုက်သည်။ အိမ်သို့ ပြန်ရောက်သောအခါ ပြင်သစ် အတွေ့အကြုံအကြောင်းကို မိန်းမက မေးသည်။

"ပဲရစ်က လှတယ် မဟုတ်လား။ အီဖယ်မျှော်စင်ကိုကော ရောက်ခဲ့ရဲ့လား"

"အင်း"

"ကဖေးတွေ၊ စားသောက်ဆိုင်တွေ၊ အင်မတန် အဆင့်အတန်း မြင့်တယ်လို့ ကြားတယ်"

"အင်း"

"ပြင်သစ်မတွေ သိပ်ချောတယ်ဆို"

"အင်း"

"ကိုဘမောင်။ ရှင် ကျွန်မကို တစ်ချက်လေးမှ သတိမရဘူးလားဟင်"

"သတိရတာပေါ့။ အဲဒါကြောင့် ပိုက်ဆံတောင် နှစ်ရာထွက်သွားတယ်"

## ၂၄၉။ မွေးနေ့လက်ဆောင်

အိမ်မွေးတိရစ္ဆာန်များ အရောင်းဆိုင်ထဲသို့ လူတစ်ယောက် လာပြီး ဈေးရောင်းသူကို မေးသည်။
"ကြက်တူရွေးတစ်ကောင်လောက် ဝယ်ချင်တယ် ရမလား"
"ရပါတယ်"
"သူ့အတွက် လှောင်အိမ်ကော ရှိသလား"
"ရှိပါတယ်"
"အိမ်တာရာရောက် ပို့ပေးနိုင်ပါသလား"
"ပို့ပေးပါတယ်"
ကြိုက်သော ကြက်တူးရွေးတစ်ကောင်ကို ရွေးပြီး ပိုက်ဆံချေလိုက်သည်။ အမေ့အိမ် လိပ်စာကို ပေးပြီး ပို့ခိုင်းလိုက်သည်။ မွေးနေ့တွင် ကြက်တူးရွေးတစ်ကောင် လက်ဆောင်ရသဖြင့် အမေ ပျော်လိမ့်မည်ဟု သားဖြစ်သူ တွက်သည်။
ညနေသို့ ရောက်သောအခါ လင်မယားနှစ်ယောက် အမေ့အိမ်သို့ သွားသည်။ သားက ပြောသည်။
"အမေ၊ အမေ့ မွေးနေ့လက်ဆောင်အဖြစ် ကျွန်တော် ပို့လိုက်တဲ့ ကြက်တူးရွေးကို ကြိုက်ရဲ့လားဟင်"
အမေဖြစ်သူ ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ သားထံမှ မကျေနပ်သံ ပေါ်ထွက်လာသည်။
"မေမေ့ဆီက ကျေးဇူးတင်စကားတောင် မကြားရပါလား မေမေရာ"
"ဟဲ့ နင့်ကို ငါဘာပြောရမလဲ။ ဒင်းကို ငါချက်တာ ငါးနာရီတိတိ ရှိပြီ။ ခုထိ သံချောင်းလို မာတုန်း"
ကောင်းရော။

---

## ၂၅၀။ နေကောင်းတယ်

နံနက်ခင်းတွင်ဖြစ်သည်။
ကိုဘမောင်ကို အိမ်နီးချင်က နှုတ်ဆက်သည်။
"ဂွတ်တမောနင်း ကိုဘမောင်။ နေကောင်းတယ်နော်"
"ကောင်းပါဗျာ့။ ဒီနေ့ ခါတိုင်းနဲ့ မတူဘူး။ အထူးကို နေလို့ ထိုင်လို့ ကောင်းတယ်"
"မဟုတ်မှလွဲရော။ မနေ့က ခင်ဗျား မသောက်ဖြစ်ဘူးထင်တယ်"

## ၂၅၁။ အေးချမ်းတဲ့နေရာ

စိတ်ရောဂါ အထူးကု ဆေးရုံတွင် ဖြစ်သည်။
ရုပ်မြင်သံကြားမှလာသော အထူးအစီအစဉ်ကို လူနာများ ကြည့်နေကြသည်။
သတင်းတစ်ပုဒ်ကို ကြေငြာပြီးတိုင်း လူနာတစ်ယောက်သည် မိမိ ၏ ဒူးနှစ်ဘက်ကို လက်ဖြင့် ရိုက်ကာ 'ငါ ဆေးရုံရောက်နေတာ ကောင်းလိုက်တာ။ အောင်မလေး ကောင်းလိုက်တာ' ဟု ဝမ်းသာအားရ အော်သည်။
ဤသည်ကို ကြည့်ပြီး သူနာပြုဆရာမတစ်ယောက်က အခြားတစ်ယောက်ကို ပြောသည်။
"မနက်ဖြန်ကျရင် ဒီလူနာကို ဆေးရုံက ဆင်းခွင့်ပေးလိုက်ဖို့ ဆရာဝန်ကြီးကို ပြောရမယ်။ ကျွန်မအထင် သူ နေကောင်းနေပြီ"

## ၂၅၂။ ကံများဆိုးချင်တော့

စက်ချို့ယွင်းပြီး ခရီးသည်တင် လေယာဉ်ကြီး အောက်သို့ ထိုးဆင်းလာသည်။
ခရီးသည်တစ်ယောက်က ဘေးမှာ ထိုင်နေသော အခြားခရီးသည်ကို မေးသည်။
"ပြတင်းပေါက်ကနေ ကြည့်လိုက်စမ်းပါ။ အောက်မှာ တောင်တွေချည်းပဲလားဟင်"
"ဟင့်အင်း။ ပင်လယ်ကြီး"
"ဘုရား၊ ဘုရား။ ကျုပ်တို့တစ်တွေ ရေလည်း နစ်ကြဦးမှာပါလား"

## ၂၅၃။ ကြောက်တယ်

ပြဇာတ်သစ်တစ်ခုကို အထူးပွဲအဖြစ် တင်ဆက်ကပြသည်။
ပြဇာတ်ဒါရိုက်တာနှင့် ပြဇာတ်ရုံ မန်နေဂျာသည် စိတ်လှုပ်ရှားမှုဖြင့် ဇာတ်ခုံနောက်နှင့် ရုံရှေ့ကို သွားချည်လာချည် လုပ်နေကြသည်။ ပရိသတ်၏ တုံ့ပြန်ချက် မည်သို့ ရှိမည်နည်းဆိုသည်ကို တွေးပူနေကြသည်။ ပြဇာတ်စပြီး ၁၅– မိနစ်ပင် မကြာသေး။ လူတစ်ယောက် ရုံးထဲမှ ထွက်လာသည်။ ဒါရိုက်တာနှင့် မန်နေဂျာ ထိုသူ့ဆီ ပြေးသွားပြီး ဝိုင်းမေးကြသည်။
"ဘာဖြစ်လို့ ထွက်လာတာလဲ၊ ဇာတ်လမ်းကို မကြိုက်လို့လားခင်ဗျာ"
"မဟုတ်ပါဘူး။ ဇာတ်လမ်းအစကို ကြည့်တာနဲ့ စိတ်ဝင်စားစရာပဲလို့ မှတ်ချက်ချပါတယ်"
"ဘာလဲ၊ ဇာတ်ဆောင်တွေ ကပြတာ မကောင်းလို့လား"
"မဟုတ်ပါဘူး၊ သရုပ်ဆောင်တာ မဆိုးကြပါဘူး"
"ဘာလဲ၊ ဇာတ်ဆောင်တွေ ဝတ်ထားတဲ့ အဝတ်အစား ဒါမှ မဟုတ် အခမ်းအနားပြင်ဆင်ထားမှုကို သဘောမကျလို့လား"
"ဒီလိုလည်း မဟုတ်ပါဘူး"

"အဲဒါဆို ဘာဖြစ်လို့ ရုံထဲက ထွက်လာတာလဲဗျာ

"ရုံထဲမှာ တစ်ယောက်တည်း ထိုင်ကြည့်နေရတာ ကြောက်လာလို့ပါ"

**၂၅၄။ ကံအဆိုးဆုံးနေ့**

အရက်ဘားတွင်ဖြစ်သည်။
အရက်ခွက်ကို ရှေ့မှာ ချပြီး လူတစ်ယောက် ညှိုးငယ်စွာ ထိုင်နေသည်။
ထောင်ထောင် မောင်းမောင်း၊ ဗလ ကောင်းကောင်း လူတစ်ယောက်ဝင်လာပြီး ဘာမပြော၊ ညာမပြောနှင့် စောစောက လူရှေ့ရှိ အရက်ခွက်ကို ဆွဲယူကာ သောက်ချလိုက်သည်။
ထိုင်နေသူ မျက်နှာကို လက်နှစ်ဘက်ဖြင့် အုပ်ပြီး ရှိုက် ကြီးတငင် ငိုသည်။ ဗလကြီး အံ့သြသွားသည်။ ထိုသူကို သနားစိတ်ဝင်သွားသည်။ သို့နှင့် နှစ်သိမ့်စကားပြောသည်။

"ဟေ့လူ၊ ဒီလောက်တောင် ဝမ်းနည်းမနေပါနဲ့။ ကျွန်တော် ကျီစားတာပါဗျ။

နောက်တစ်ခွက်ဖိုးကို ကျွန်တော် ပေးပါ့မယ်ဗျာ"

မျက်ရည်များကို သုတ်ပြီး ထိုလူ ပြန်ပြောသည်။

"ဒါကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်အဖြစ်ကို ခင်ဗျားမသိလို့ပါ။ ဒီနေ့ဟာ ကျွန်တော့် အတွက် ကံအဆိုးဆုံးနေ့ပါ။ မနက်က အိပ်ရာထ နောက်ကျသွားတယ်။ အလုပ်ဆင်းတာ နောက်ကျတယ်ဆိုပြီး အလုပ်ရှင်က ကျွန်တော့်ကို အလုပ်က ထုတ်လိုက်တယ်။ ကိုယ်ပိုင်ပစ္စည်းတချို့ကို ကောက်သိမ်းပြီး အပြင်ကို ထွက်လာတော့ ကျွန်တော့် စက်ဘီး မရှိတော့ဘူး။ ဒါနဲ့ အိမ်ကို ခြေလျင် ပြန်လာရတယ်။ အိမ်ရောက်တော့ မိန်းမကို လင်ငယ်နဲ့ တွေ့တယ်။ မိန်းမက ရှင့်ကို မပေါင်းနိုင်တော့ဘူးဆိုပြီး အိမ်ပေါ်က မောင်းချတယ်။ ကျွန်တော့်ဘဝဟာ အဓိပ္ပါယ်မရှိတော့ဘူး။ အရက်ဆိုင်ကို လာပြီး အရက်နဲ့ပ ဖြေဖျောက်ဖို့ စဉ်းစားတယ်။ အရက်တစ်ခွက်မှာလိုက်တယ်။ အဲဒီမှာတင် အတွေးပေါ်လာတယ်။ ဒီလောက် ကံဆိုးနေမှတော့ လူ့ပြည်မှာ ဘာလုပ်ဖို့ ဆက်နေတော့မှာလဲ ဆိုတဲ့ အတွေး။ ဒါနဲ့ အရက်ခွက်ထဲကို အဆိပ်ခပ်ထည့်လိုက်တယ်။ သောက်မယ်လုပ်တုန်း ခင်ဗျား ဝင်သောက်လိုက်တာ။ အင်း၊ သေချင်တာတောင် ဖြောင့်ဖြောင့် မသေရပါလားနော်။

ကျွန်တော့်ကိုက ကံဆိုးပါတယ်ဗျာ"

"ဟိုက်။ ငါ သေရတော့မှာပါလား။ ဘုရား၊ ဘုရား"

**၂၅၅။ တစ်ရက်ပဲကျန်တော့တယ်**

ဆရာဝန်က လူနာကို ဖုန်းဆက်ပြီးပြောသည်။

"ဟဲလို၊ ဦးဘမောင်ပါလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ဒေါက်တာ ကောင်းထိုက်ပါ။ ဦးဘမောင်ကို ကျွန်တော် သတင်းနှစ်ခု

ပြောစရာရှိပါတယ်။ တစ်ခုက မကောင်းတဲ့သတင်း။ နောက်တစ်ခုကတော့ အင်မတန်ကို

ကောင်းတဲ့သတင်းပါ။ ဘာသတင်းက စပြောရမလဲ"

"မကောင်းတဲ့ သတင်းက စပြောဗျာ"

"ဟုတ်ကဲ့။ ဟိုတစ်နေ့က လူကြီးမင်း လာပြီး ဆေးတွေစစ်သွားတာ ရလဒ်တွေ သိပါပြီ။
ဒီရလဒ်တွေအရ လူကြီးမင်းဟာ အများဆုံး သုံးရက်ပဲ လူ့ပြည်မှာ နေရဖို့ ရှိပါတယ်
ဘုရား၊ ဘုရား။ ဒီလောက်တောင် အခြေနေ ဆိုးသလားဗျာ။ အင်း၊ အင်မတန်ကောင်းတဲ့

သတင်းကကော"
"လူကြီးမင်းကို ကျွန်တော် ဖုန်းဆက်နေတာ နှစ်ရက်ရှိပါပြီ။ အခုမှပဲ ဆက်လို့ရပါတယ်"

## ၂၅၆။ မခွဲချင်ဘူး

ခွဲစိတ်ခန်းတွင်ဖြစ်သည်။
ခွဲစိတ်ခန်းအတွက် လိုအပ်သည်များကို ပြင်ဆင်နေရင်းက သူနာပြုဆရာမက လူနာကို ပြောသည်။
"မကြာခင် ဆရာဝန်လာလိမ့်မယ်။ စိုးရိမ်ကြောင့်ကြတဲ့ အမူအရာစား ဆရာဝန်ကို ပြုံးပြဖို့ ကြိုးစားပါရှင်"
"ဟင့်အင်း၊ ပြုံးပြနိုင်ဘူး။ ခွဲစိတ်ခံရမယ့် အရေးကို တွေးပြီး ကျွန်တော် ဘယ်လိုမှ စိတ်မအေးနိုင်ဘူးဗျာ"
"ရှင်စိုးရိမ်နေတယ် ဟုတ်လား။ အင်း၊ ဒေါက်တာလည်း ဒီအတိုင်းပါဘဲ။ ပထမဆုံး အကြိမ်အဖြစ် ခွဲစိတ်ဖို့ သူ့ကို ဆေးရုံအုပ်ကြီးက တာဝန်ပေးလိုက်တာ သိတာနဲ့ သူ့ခမြာ ကြောက်စိတ်ကြောင့် သတိလစ်သလိုလိုတောင် ဖြစ်သွားတယ်ရှင့်၊ သိလား"

## ၂၅၇။ မာတာမိခင်

သားဖြစ်သူက နယ်ရှိ မိခင်ထံ ဖုန်းဆက်သည်။
"ဟဲလို၊ မေမေလား။ မေမေ၊ ကျွန်တော် မိန်းမယူဖို့ ဆုံးဖြတ်လိုက်ပြီဗျ ဒါပေမယ့် မေမေ။ ကျွန်တော်ယူမည့် မိန်းကလေးဟာ အသားမည်း နီဂရိုး အမျိုးသမီး ဖြစ်နေတယ်"
"ဟုတ်လား။ ဝမ်းသာလိုက်တာ သားရယ်"
"ဒါများ အရေးတကြီး လုပ်လို့ကွယ်။ မေမေနဲ့ သားတို့ ဖေဖေ အသားအရောင် ခွဲခြားတက်တဲ့စိတ် မရှိဘူးဆိုတာ မင်းသိသားနဲ့"
"ဒါပေမယ့် သူ့မှာ အရင်ယောကျ်ားနဲ့ရတဲ့ ကလေးသုံးယောက် ပါလာမယ် ခင်ဗျ"
"ကိစ္စရှိပါဘူး။ မေမေနဲ့ သားဖေဖေ ကလေးတွေကို ချစ်တက်ပါတယ်ကွယ်"
"ခက်တာက ကျွန်တော်တို့ နေစရာ မရှိဘူး အမေရာ"
"ဒါလည်း ပြဿနာ မဟုတ်ပါဘူး။ မေမေတို့ဆီမှာ လာနေပေါ့။ မေမေတို့ အိမ်ခန်းက အိပ်ခန်းတစ်ခန်းထဲ ရှိပေမယ့် နေလို့ရပါတယ်။ မင်းတို့ မိသားစု အဲဒီအခန်းမှာ နေကြပါ။ အဲ မင်းဖေဖေကတော့ စတိုခန်းမှာ နေပါလိမ့်မယ်ကွယ်"
"မေမေ၊ မေမေကရော ဘယ်မှာ နေမလဲခင်ဗျ"
"မေမေလား။ မေမေလေ မင်းနဲ့ အခု စကားပြောပြီးတာနဲ့ ကြိုးဆွဲချပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်။ သား စိတ်မပူပါနဲ့
"

## ၂၅၈။ ဖွင့်မှပေါ့

လူကြီးတစ်ယောက် ပင်လယ်ကမ်းစပ်တွင် ပုလင်းဟောင်းတစ်လုံးကို တွေ့သည်။ ငယ်ငယ်က ကြားဖူးသော ပုံပြင်ကို သတိရသည်။ ပုလင်းထဲတွင် ဂျင်မီနီထိုင်နေမည်။ ပုလင်းကို ပွတ်ရမည် ဟုသဘောပေါက်လိုက်သည်။ သို့နှင့် ပုလင်းကို ပွတ်သည်။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ ကြာသွားသည်။ ဘာမှ ထူးမလာချေ။ နောက်ဆုံးမောလည်း မော၊ စိတ်လည်း ပျက်လာသည်နှင့် ပုလင်းကို လွှင့်ပစ်မည်ဟု လုပ်သည်။ ဤတွင် ပုလင်းထဲမှ ဂျင်မီနီ၏ အသံကို ကြားရသည်။

"ဟေ့လူ။ ခင်ဗျား ရူးနေသလား။ ပုလင်းအဖုံးကို ဖွင့်ဦးမှပေါ့ဗျ"

## ၂၅၉။ ဖိုးသက်ရှည်

အသက်၂၀–အရွယ် အမျိုးသမီးကို မကြာမီကမှ လက်ထက်လိုက်သော အသက် ၇၀–အရွယ်ရှိ အဘိုးကြီးက မိတ်ဆွေဖြစ်သူ ပင်စင်စားကို ပြောသည်။

"တကယ်တမ်း ပြောရရင် ရယ်စရာတော့ အကောင်းသားဗျနော်။ ခင်ဗျားပဲ စဉ်းစားကြည့်။ ကျုပ်မိန်းမ အသက်၇၀– ပြည့်တဲ့ အခါမှာ ကျုပ်ရဲ့ အသက် ၁၂၀– ရှိနေရော့မယ်"

## ၂၆၀။ မေ့တတ်တဲ့အရွယ်

"ဒေါက်တာ။ ကျွန်တော့်အသက် ၈၀– ရှိပြီ။ ဒါပေမယ့် အခုအချိန်ထိ အမျိုးသမီးချောချောလှလှကို တွေ့ရင် သူ့နောက် လိုက်မိနေတုန်း"

"ဟာ ဒါကောင်းတာပေါ့ အန်ကယ်ရယ်"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဘာအတွက် ကျွန်တော် လိုက်သလဲဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရဘူး"

## ၂၆၁။ အကြောင်းမဲ့ ရန်ရှာခြင်း

ယုန်က သားရဲတိရစ္ဆာန်တို့၏ဘုရင် ခြင်္သေ့မင်းကို လာတိုင်သည်။

"ဝက်ဝံဟာ ကျွန်တော့်ကို အကြောင်းမဲ့ ရန်ရှာပြီး အနိုင်ကျင့်နေတယ်ခင်ဗျ။ ကျွန်တော့်ကို တွေ့တဲ့အခါတိုင်း 'ဟေ့၊ ယုန်စုတ်၊ မင်းဘာဖြစ်လို့ ဦးထုပ်မဆောင်းထားသလဲ ကွ ' ဆိုပြီး ကျွန်တော့်ကို ထိုးကြိတ်တယ် ခင်ဗျ"

ခြင်္သေ့မင်းက ဝက်ဝံကို ခေါ်တွေ့ပြီး ပြောသည်။

"ဟေ့ ဝက်ဝံ၊ ယုန်ကို ရန်စဖို့ တခြားနည်းလမ်း မရှိဘူးလားကွဟေ။ ဥပမာ၊ ပန်းသီး ယူလာခဲ့လို့ မင်းပြောကြည့်။ မှည့်ဝင်းနေတဲ့ ပန်းသီးကို ဒင်းယူလာရင် ခပ်စိမ်းစိမ်းကိုမှ

စားချင်တယ်ပြော။ ဆေးလိပ် ပေးသောက်စမ်းလို့ ပြောကြည့်။ ဖင်စီခံ မပါတဲ့ စီးကရက်ကို ဒင်းပေးရင် ဖင်စီခံနဲ့ သောက်ချင်တယ်လို့ပြော။ မီးတစ်တို့ ပေးညှိစမ်းလို့ ပြောကြည့်။ သစ်သားမီးခြစ်ကို ပေးရင် ဂတ်စ်မီးခြစ်နဲ့မှ ညှိချင်တယ်လို့ ပြော။ သဘောကတော့ သူ့ကို ရန်ရှာစရာအကြောင်းတွေ အများကြီး ရှိပါတယ်ကွ"
ယုန်ကို ဝက်ဝံ တွေ့သည်။
"ပန်းသီး ယူလာစမ်း"
"အစိမ်းလား၊ အမှည့်လားဟင်"
"ဆေးလိပ် ပေးသောက်စမ်း"
"အစီခံနဲ့လား၊ အစီခံ မပါတာလားဟင်"
"မီးခြစ်ပေးစမ်း"
"သစ်သားမီးခြစ် ယူမလား။ ဂတ်စ်မီးခြစ် ယူမလား"
"ဟေ့ကောင်၊ မင်း ဘာဖြစ်လို့ ဦးထုပ်မဆောင်းထားသလဲကွ ဟေ"

## ၂၆၂။ အကြောင်းရင်း

ခင်ဗျားမိန်းမကို ခင်ဗျား ဘာဖြစ်လို့ ကွာရှင်းချင်ရတာလဲ
"တရားသူကြီးမင်းပဲ စဉ်းစားကြည့်ပါ။ တစ်ည အချိန်မတော် ကျွန်တော့်ကို နှိုးပြီး သူပြောတယ်။ 'မောင်၊ ထတော့ကွယ်။ အိမ်ပြန်ချိန် ရောက်ပြီ မောင်ရဲ့။ မကြာခင် အိမ်က ဆိတ်အိုကြီး ပြန်လာတော့မယ်ရှင်" တဲ့

## ၂၆၃။ မေ့သွားလို့ပါ

ကိုဘမောင်တို့ လင်မယား ကိုးထပ်တိုက်၏ အပေါ်ဆုံးထပ်တွင် နေသည်။
တစ်နေ့ ကိုဘမောင် မရှိခိုက် ၎င်း၏ မိတ်ဆွေ ကိုရွှေဂဲ ရောက်လာသည်။ ကိုဘမောင်၏ ဇနီးက ကော်ဖီ ဖျော်တိုက်ပြီး စကားစမြည် ပြောနေကြသည်။ အပြင်မှ တံခါးကို သော့ဖြင့် ဖွင့်သံ ကြားရသည်။ ယောကျ်ားဖြစ်သူ အလွန် သဝန်တိုတတ်မှန်း သိသဖြင့် မိန်းမဖြစ်သူ အကြီးအကျယ် စိုးရိမ်စိတ် ဝင်သွားသည်။ သို့နှင့် ကိုရွှေဂဲကို ပြောသည်။
"ဒုက္ခပါပဲ။ ကျွန်မကို သူ အထင်လွဲတော့မယ်။ ဝရန်တာမှာခဏသွားပုန်းပါရှင်။ သူ တစ်ခုခု မေ့လို့ လာပြန်ယူတာ ဖြစ်ပါလိမ့်မယ်။ မကြာခင် သူ ပြန်ထွက်သွားမှာပါ"
ကိုရွှေခဲ တံခါးဖွင့်ပြီး ဝရန်တာဘက် ကပျာကယာ ထွက်သွားသည်။
ကိုဘမောင် အခန်းထဲ ဝင်လာသည်။ ကော်ဖီပန်းကန်များကို ကြည့်ပြီး မျက်နှာကြီး နီလာသည်။
"ကောင်မ ၊ မှန်မှန်ပြောစမ်း။ မင်း လင်ငယ်နဲ့ ပြောနေတယ်ပေါ့လေ၊ ဟုတ်လား။ ဘယ်မှာလည်း ဒီ အကောင် မှန်မှန်ပြောရင် ပြော မပြောရင် ငါဟာငါ ရှာမယ်"
"ကိုဘမောင်၊ ရှင် ကျွန်မကို ဒီလို မစွပ်စွဲပါနဲ့။ ရှင် သူငယ်ချင်း ကိုရွှေဂဲ အလည်လာတာပါ။ ရှင်သဝန်တိုတတ်မှန်း သိလို့ သူ့ကို ကျွန်မ ဝရန်တာမှာ ပုန်းခိုင်းထားမိပါတယ်။ သူ ဝရန်တာမှာပါ"

"မင်းတော်တော် အသုံးမကျတဲ့ မိန်းမပါလားကွ ဟေ။ တို့ အိမ်မှာ ဝရန်တာ မရှိဘူးဆိုတာ မင်းကို ဘယ်နှစ်ခါ ပြောရမလဲ။ တောက်"

## ၂၆၄။ ALL RIGHT

"ဘယ်ခြေထောက်၊ ဘယ်မျက်လုံး၊ ဘယ်လက်၊ ဘယ်နားရွက်မရှိတဲ့သူကို
ဘယ်လိုခေါ်သလဲဟင်"
"ALL RIGHT"

## ၂၆၅။ စုပေါင်းဓာတ်ပုံ

အတန်းပိုင်ဆရာမနှင့်အတူ လေးတန်း(အေ)မှ ကျောင်းသူ ကျောင်းသားများ စုပေါင်း ဓာတ်ပုံ ရိုက်ကြသည်။ ရိုက်ပြီးသောအခါ ဆရာမက ကလေးတို့ကို ဓာတ်ပုံတစ်ပုံစီ ဝယ်ကြရန် တိုက်တွန်းသည်။
"ဓာတ်ပုံကို မင်းတို့ အမှတ်တရ ဝယ်ထားသင့်ကြတယ်။ ကြီးလာတဲ့အခါ ဓာတ်ပုံကို ကြည့်ပြီး မင်းတို့ အမှတ်တရ ပြောနိုင်ကြမယ်။ 'ဒါကတော့ မောင်နီပဲ။ အခု ခွဲစိတ်ဆရာဝန်ကြီး ဖြစ်နေပြီ'၊ 'သူကတော့ မခင်သက်၊ တက္ကသိုလ်မှာ ကထိကကြီး ဖြစ်နေပြီ'၊ 'သူကတော့ ချောကလျာ၊ အခုတော့ နာမည်ကြီး ရုပ်ရှင် မင်းသမီး' စသဖြင့်ပေါ့ကွယ်"
နောက်ဆုံးခုံတွင် ထိုင်နေသော ပီတာလေးထံမှ တိုးတိုးလေး ပြောသံ ကြားရသည်။
"အင်း။ အလယ်တည့်တည့် မှာ ရပ်နေတဲ့ ငါတို့ ဆရာမတောင် သေသွားတာ ကြာပါပကော"

## ၂၆၆။ ကောက်ချက်

ဆရာမက ပီတာလေးကို မေးသည်။
"ပီတာ၊ မင်း ဘာဖြစ်လို့ ကျောင်းနှစ်ရက် ပျက်ရတာလဲ"
"ကျွန်တော့်လုံချည်ကို တမြန်နေ့က မေမေ လျှော်လိုက်လို့ပါ"
"ဘာလဲ၊ မင်းမှာ လုံချည်တစ်ထည်တည်း ရှိတာလား"
"ဟုတ်ပါတယ်"
"ကောင်းပြီ။ ဒါဖြင့်ရင် မနေ့ကကျတော့ကော ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"
"ဒီလိုပါ။ မနေ့က ကျွန်တော် ဆရာမတို့ အိမ်အနားက ဖြတ်လျှောက်သွားပါတယ်။ အဲဒီမှာ ဆရာမရဲ့ ထမီကို လျှော်ထားတာ တွေ့လိုက်ရတယ်။ ဆရာမလည်း ဒီနေ့ ကျောင်းလာမှာ မဟုတ်ဘူးလို့ တွေးလိုက်မိတယ်"

## ၂၆၇။ အဖေ့သား

လူကြီးတိုင်းမှာ လျှို့ဝှက်ချက် တစ်စုံတစ်ရာ ရှိစမြဲဆိုသော စကား ပီတာလေး ကြားသိလိုက်ရသည်။ သို့နှင့် ကျောင်းမှ ပြန်လာလာချင်း အမေဖြစ်သူကို ပြောသည်။
"မေမေ၊ ကျွန်တော် အကုန်လုံးသိတယ်"
အမေ စိုးရိမ်သော အမူအရာဖြင့် ပီတာလေးကို ပြန်ပြောသည်။
"ရော့ သား။ ပိုက်ဆံ နှစ်ဆယ်ယူသွား။ ဒါပေမယ့် ဖေဖေ့ကို လုံးဝ မပြောနဲ့နော်"
ပီတာလေး အဖေ့ဆီ သွားသည်။
"ဖေဖေ၊ ကျွန်တော် အကုန်သိတယ်"
"တိုးတိုးပြောပါကွ။ ရော့ ငါးဆယ်ယူသွား။ မင်းအမေကို ဘာမှ မပြောနဲ့နော်"
ပီတာလေး အိတ်ထဲ ပိုက်ဆံထည့်ပြီး လေတချွန်ချွန် လမ်းလျှောက်လာသည်။
မျက်နှာချင်းဆိုင်မှ လာနေသော စာပို့သမားကို တွေ့ရသည်။ ပီတာလေး ခပ်တည်တည် နှင့် ပြောလိုက်သည်။
"ဦးလေး၊ ကျွန်တော် အကုန်သိတယ်ဗျ"
စာပို့သမား ပီတာလေးကို အတန်ကြာ စိုက်ကြည့်သည်။ မျက်ရည်တွေ ကျလာသည်။
ထို့နောက် ဒူးထောက် ထိုင်ချလိုက်ကာ ပီတာလေးကို ပြောသည်။
"အောင်မလေး။ သားရယ်။ ဖေဖေ့ကို လာဖက်စမ်း ပါလားကွယ်"

## ၂၆၈။ ဟုတ်သလိုလိုပဲ

ဆရာမက မေးသည်။
"ကုန်းပေါ်မှာရော၊ ရေပေါ်မှာပါ နေနိုင်တဲ့ သတ္တဝါဟာ ဘာလဲကွယ်"
ပီတာလေး ထဖြေသည်။
"သင်္ဘောသား"

## ၂၆၉။ အကြောင်းရင်း

လေ့လာရာခရီးအဖြစ် ဆရာမသည် အတန်းသူ အတန်းသားများကို ဆောက်လုပ်ရေးစခန်းတစ်ခုဆီ ခေါ်သွားသည်။ ၎င်းတို့ ရောက်ရှိနေစဉ်တွင် ဆောက်လုပ်ရေးလုပ်သားတစ်ဦးသည် ထောင်ထားသော လှေကားပေါ်မှ ကျကာ ပွဲချင်းပြီး သေသွားသည်။
ကျောင်းသူကျောင်းသားများ ကျောင်းသို့ ပြန်လာကြသည်။ မြင်ခဲ့ရသော စိတ်မကောင်းစရာနှင့် ပတ်သတ်၍ ဆရာမက စကားစသည်။
"မသီတာ၊ လုပ်သားကြီး ဘာဖြစ်လို့ လိမ့်ကျတယ် ထင်သလဲကွယ်"
"လုံခြုံရေးစည်းကမ်းတွေကို မလိုက်နာလို့လို ထင်ပါတယ်"
"မောင်နီ၊ မင်းကကော ဘယ်လို ထင်သလဲကွယ့်"

"အဲဒီ ဦးဦး အရက်သောက်ထားတယ် ထင်ပါတယ်"
ပီတာလေး နေရာမှ ထပြီး ပြောသည်။
"မဟုတ်ဘူး။ ကျွန်တော့ အမေကို သူဆဲလို သူ လိမ့်ကျတာ"
"ဟဲ့။ မင်းဘာဖြစ်လို့ ဒီလို ပြောတာတုန်း"
"ကျွန်တော် ကိုယ်တိုင် ကြားလိုက်တာပဲ၊ 'ဟေ့ ချာတိတ်၊ မင်းအမေ .... ၊ လှေကားကို မလှုပ်ပါနဲ့လို့ မင်းကိုဘယ်နှစ်ခါ ပြောရမလဲကွ ဟေ ' တဲ့"

## ၂၇၀။ စမ်းသပ်နည်း

မီးခြစ်ဆံများ ကောင်းမကောင်း ကိုချူချာ ဤသို့ စမ်းသပ်သည်။
မီးခြစ်ဆံကို ခြစ်လိုက်သည်။ တစ်ချက်တည်းနှင့် မတောက်လျှင် မကောင်းဟု သတ်မှတ်ကာ လွှင့်ပစ်သည်။
တစ်ချက်တည်းနှင့် မီးတောက်လျှင် ကောင်းသည်ဟု သတ်မှတ်ကာ မီးငြိမ်းပြီး မီးခြစ်ဖာထဲ ပြန်ထည့်သည်။

## ၂၇၁။ ချူချာစစ်သား

တပ်ကြပ်ကြီးက တပ်သားချူချာကို ပြောသည်။
"တပ်သားချူချာ ငါ တစ်နာရီလောက် အိပ်လိုက်ချင်တယ်။ တကယ်လို့ ဗိုလ်ချုပ်လာတယ်ဆိုရင် ငါ့ကို နှိုး၊ ကြားလား"
တစ်နာရီ ကြာသွားသည်။ တပ်ကြပ်ကြီးက မေးသည်။
"ဗိုလ်ချုပ် လာသွားသေလား"
"ဟင့်အင်း"
"အေး၊ ဒါဆို ငါ နောက်တစ်နာရီလောက် အိပ်လိုက်ဦးမယ်။ ဗိုလ်ချုပ်လာတာ တွေ့ရင်တော့ ငါ့ကို ချက်ချင် နှိုးနော်၊ ကြားလား"
နောက်တစ်နာရီ ကြာသွားသည်။ တပ်ကြပ်ကြီး မျက်လုံးဖွင့်ပြီး မေးသည်။
"ဗိုလ်ချုပ် လာသွားသေလား"
"ဟင့်အင်း"
"အေး ငါ ခဏ ဆက်အိပ်လိုက်ဦးမယ်။ လာရင်တော့ ထုံးစံ အတိုင်းပေါ့။ ဟုတ်လား"
ဗိုလ်ချုပ်ရောက်လာသည်။
တပ်သား ချူချာက လှမ်းမေးသည်။
"ခင်ဗျား ဗိုလ်ချုပ်လား"
"ဟုတ်တယ်"
"ခင်ဗျား ဘယ်ပျောက်သွားနေတာလဲ။ ခင်ဗျားကို ဆာဂျင်စောင့်နေတာ သုံးနာရီတောင် ရှိသွားပြီ"

## ၂၇၂။ လွတ်လပ်ရေးရန်ပုံငွေ

ချူကော့ကာပြည်နယ် လွတ်လပ်ရေးရဖို့အတွက် နို့စားနွားမကို ရန်ပုံငွေအဖြစ် ထည့်ဝင်ရန် အသင့်ရှိ မရှိ ကိုချူချာကို မေးသည်။

"ထည့်ဝင်ပါမယ်"

"ဝက်ဆိုရင်ကော"

"ပေးပါတယ်"

"ဆိတ်ကို ထည့်ဝင်ပါလို့ ဆိုရင်ကော"

"ဒါလည်း အသင့်ပါပဲ"

"သိုးကို ပေးပါလို့ ပြောရင်ကောဗျ"

"ဒါတော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"သိုးက ကျွန်တော့ဆီမှာ တကယ်ရှိတာကိုး"

---

## ၂၇၃။ နားမထောင်ပါရစေနဲ့

အမေရိကန်၊ အင်္ဂလိပ်နှင့် ရုရှားတို့ သုံးဦးကို လူရိုင်းများ ဖမ်းမိသွားကြသည်။ ၎င်းတို့ကို မသတ်ခင် ဆန္ဒတစ်ခုဆီကို ဖြည့်ဆည်းပေးရန် သူရိုင်းခေါင်းဆောင် ကတိပြုသည်။

ရုရှားက ဗောဒ်ကာ အဝသောက်ချင်သည်ဟု ပြောရာ သောက်နိုင်သလောက် သောက်ခိုင်းပြီး သတ်လိုက်သည်။

အမေရိကန်က မိန့်ခွန်းချွေချင်သည်ဟု ပြောသည်။ ဤတွင် အင်္ဂလိပ်က ကြားဖြတ်ပြီး ပြောသည်။

"အမေရိကန် မိန့်ခွန်း မပြောခင် ကျွန်တော့ကို သတ်ပါ"

## ၂၇၄။ စံတော်ချိန်

ဆွစ်ဇာလန်နိုင်ငံ၊ ဖူးရစ်မြို့လေဆိပ်သို့ လူစီးလေယာဉ် ဆင်းသက်ရန် ပြင်သည်။ လေယာဉ်မှူးက လေဆိပ်ရှိ လေကြောင်း ထိန်းသိမ်းရေး စခန်းကို လှမ်းမေးသည်။

"လေဆိပ်မှာ နာရီအတိအကျ ဘယ်လောက်ရှိပြီလဲဗျ"

"ခင်ဗျားတို့ လေယာဉ်ဟာ ဘယ်ကုမ္ပဏီပိုင် လေယာဉ်လဲ"

"ဘာဖြစ်လို့ မေးတာလဲ။ ဖူးရစ်စံတော်ချိန်ကို သိချင်တာနဲ့ လေယာဉ်ကို ဘယ်သူပိုင်သလဲ ဆိုတာ ဘာဆိုင်လို့လဲ"

"ဒီလိုပါ။ လေယာဉ်ဟာ ဆွစ်အဲယားဆိုရင် ၁၂–နာရီ၊ ၂၀ မိနစ်နဲ့ ၁၅– စက္ကန့်တိတိ။ အဲ၊ အဲယားဖရန့်ဆိုရင် ၁၂–နာရီ၊ မိနစ် ၂၀–ဗျ၊ ဒီလိုမှ မဟုတ်ဘဲ ရုရှားအဲရိုးဖလုတ်

လေယာဉ်ဆိုရင်တော့ ဒီနေ့ အင်္ဂါနေ့လို့ ကျွန်တော်တို့ ဖြေမလို့ပါ"

## ၂၇၅။ အထင်ကြီးရင်ပြီးရော

မော်စကိုဗစ်ချ်ကားစုတ်ကလေးတွင် ဂျူးနှစ်ယောက် လိုက်ပါလာကြသည်။
တစ်ယောက်ကမောင်ပြီး နောက်တစ်ယောက်က ၎င်း၏ ဘေးခုံတွင် ထိုင်သည်။ ထိုင်နေသူက ပြောသည်။
"အပြင်မှာ အပူချိန် ၁၀၀– ဒီဂရီ။ ငါတို့ ကိုယ်ပေါ်မှာ သက္ကလပ် ဝတ်စုံနဲ့။ ဒီကြားထဲ ကားတံခါးတွေ အလုံပိတ်ထားတယ်။ အိုက်တာနဲ့။ အသက်ရှူမဝတာနဲ့ သေတော့မယ်။ မိုရှေ၊ ကားမှန် ဖွင့်ပါရစေကွာ"
"မဖွင့်ရဘူး"
ခဏကြာသွားသည်။ ထိုင်နေသူ ထပ်ပြောပြန်သည်။
"မိုရှေ၊ ငါ မနေနိုင်တော့ဘူး။ ကားမှန်ကို ငါဖွင့်မယ်ကွာ"
"မဖွင့်ရဘူး"
"ဘာဖြစ်လို့လဲကွာ"
"ကားထဲမှာ လေအေးစက် ဖွင့်ထားတယ်လို့ သူများတွေ ထင်စမ်းပါစေကွာ"

## ၂၇၆။ မသွားရသေးပါဘူး

အစ္စရေးသို့ အပြီးအပိုင်သွားရန် လျှောက်ထားသူများကို အကြီးအကျယ် စိစစ်သည့် ဆိုဗီယက်ခေတ်က ဖြစ်သည်။
ရုံးတစ်ရုံးတွင် ဝန်ထမ်းရေးဌာနမှ အရာရှိနှင့် ရာဘင်နိုဗစ်ချ်တို့ ဆုံမိကြသည်။ အရာရှိက မေးသည်။
"ရာဘင်နိုဗစ်ချ်၊ ခင်ဗျားကို ကြည့်ရတာ တော်တော် ပျော်နေတဲ့ပုံပါလား"
"ဟဲဟဲ၊ ပျော်ရတာပေါ့ဗျာ။ ကျွန်တော့ကို အစ္စရေးသွားခွင့်ပြုလိုက်ပြီးလေ"
"သိပ်မပျော်နေနဲ့ဦး။ တစ်နေ့ကပဲ ကျွန်တော့ ဆီ ပစ်စာတစ်စောင် ရောက်လာတယ်။ ခင်ဗျားဟာ ဂျူးမဟုတ်ဘူး။ ရုရှားလို့ စာထဲမှာ ရေးထားတယ် သိလား"

## ၂၇၇။ ကြိုတင်ပြင်ဆင်မှု

ဂျူးအဘိုးကြီး နေ့လယ်စာ စားရန် ပြင်သည်။ ဘေးနားတွင် ထိုင်နေသော ဇနီးသည်သည် တစ်ကိုယ်လုံး အမည်းရောင် အဝတ်အစား ဝတ်ထားသည်ကို တွေ့ရာ မေးလိုက်သည်။
"ဟော့၊ မင်းဘာဖြစ်လို့ တစ်ကိုယ်လုံး အမည်းရောင် ဝတ်ထားရတာလဲကွ"
"ဒီနေ့ ရှင့်အတွက် မှိုဟင်းချက်ထားလို့ပါ"

## ၂၇၈။ ထိုးနှက်ချက်

ဂျူးအမျိုးသမီး နှစ်ယောက် စကားပြောနေကြသည်။
"ဒီနေ့ ရှင်ဝတ်ထားတဲ့ ဝတ်စုံ သိပ်လှပါလား"
"ကျွန်မရဲ့ အသက် ၃၀– ပြည့်နှစ် မွေးနေ့မှာ ယောကျ်ားက လက်ဆောင်ပေးထားတာလေ"
"ဟုတ်လား။ နှစ်တွေ ဒီလောက် ကြာသွားတာတောင် အသစ်အတိုင်းပဲနော်"

## ၂၇၉။ ချစ်ဇနီး

ရာဘင်နိုဗစ်ချ် မိတ်ဆွေဖြစ်သူ မိုရှေ၏ အိမ်သို့ အလည်သွားသည်။ အိမ်ရှင်များက ၎င်းကို ညစာ ကျွေးသည်။ ထမင်းပွဲ လာပြင်ပေးသော အရုပ်ဆိုးလှသော အမျိုးသမီးကို ကြည့်ပြီး ရာဘင်နိုဗစ်ချ် မအောင့်နိုင်ဘဲ မေးသည်။
"အချက်အပြုတ် အင်မတန် ကောင်းတယ်ဆိုပြီး ခင်ဗျား ခဏခဏ ချီးကျူးနေတဲ့ အမျိုးသမီးဟာ သူလား"
"မေးပဲ မေးရက်တယ်။ ကျွန်တော့်ကို ငထုံအလို့ ခင်ဗျားထင်နေသလား။ ဒီလောက် အရုပ်ဆိုးတဲ့ မိန်းမကို ကျုပ် အိမ်ဖော်အဖြစ် ထားမယ်တဲ့လား။ ဒါ ကျုပ် မိန်းမဗျ"

## ၂၈၀။ မသင်ဘဲနဲ့ တက်နေတယ်

ဂျူးလင်မယားသည် သားငယ်၏ ၇–နှစ်မြောက် မွေးနေ့တွင် စက်ဘီးတစ်စီး လက်ဆောင်အဖြစ် ဝယ်ပေးလိုက်သည်။
တစ်နေ့ စက်ဘီးမပါဘဲ ချာတိတ် အိမ်သို့ ပြန်လာရာ မိဘများက ဝိုင်းမေးကြသည်။
"ဟဲ့ သား၊ စက်ဘီး ဘယ်မှာလဲ"
"အဘိုးတစ်ယောက်က သူ့ မြေးကလေးအတွက် ခဏငှားပါဆိုလို့ ကျွန်တော် ပေးလိုက်တယ်။ တစ်နာရီအတွင်း သူပြန်လာပေးမှာပါ"
အဖေက စိတ်ဆိုးသံဖြင့် ပြောသည်။
"ငှားလိုက်တယ် ဟုတ်လား။ အေး အေး၊ လာပြန်ပို့ပါလိမ့်တဲ့လား။ ဟင်း ဟင်း စောင့်ကြည့်ကြသေးတာပေါ့"
အမေက ဝင်ပြောသည်။
"ရှင်ကလည်း ကလေးကို အပြစ်မတင်ပါနဲ့။ ဒီအရွယ်ကတည်းက တစ်ဘက်သားကို စာနာကူညီတက်တဲ့စိတ် ကလေးဆီမှာ ရှိနေပါကလားဆိုပြီး ဝမ်းတောင်သာရမယ့် ဥစ္စာပဲ"
ခဏအကြာတွင် အိမ်ခန်းတွင် လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ တံခါးရှေ့တွင် အဘိုးကြီးတစ်ဦး။ လက်တစ်ဘက်တွင် စက်ဘီး။ နောက်တစ်ဘက်က ချောကလက်ဘူး။
စက်ဘီးပိုင်ရှင် ချာတိတ်သည် စက်ဘီးကို အသေအချာ ကြည့်လိုက်ပြီး ပြောသည်။

"အားလုံး အိုကေပါတယ် အဘိုး။ ချောကလက်နဲ့ စက်ဘီး ကျွန်တော့ကို ပေး။ အဘိုးလက်ပတ်နာရီ"

## ၂၈၁။ နယူးရပ်ရှင် (New Russian)

ဆံပင်ကို ခပ်တိုတို ညှပ်ထားသည်။
ကိုယ်ပေါ်မှာ ရွှေကြယ်သီးတပ် အကောင်းစားဝတ်စုံ။
ရွှေဆွဲကြိုးနှင့်၊ ရွှေလက်ပတ်နာရီနှင့်၊ စိန်လက်စွပ်နှင့်။
စီးသည့်ကားက ကောင်းပေ့ဆိုသည့်ကား
သွားလေရာမှာ ဆယ်လူလာ ဖုန်းကို လက်ကမချ။
စကားပြောကြမ်းသည်။ လေလုံးထွားသည်။
ကျောင်းမှာတုန်းက လူညံ့လူဖျင်း စာရင်းဝင်။
အခုတော့ ငွေရှင်ကြေးရှင် ဖြစ်နေပြီ။
ငွေကို ရေလို သုံးနေပြီ။
စာပေနှင့် အနုပညာကို စိတ်မဝင်စား။ နားလည် မလည်။ ငွေနှင့် ဝယ်လျှင် ဘာမဆို ရသည်ဟု ယုံကြည်သည်။
ငွေအတွက်ဆိုလျှင် ပြိုင်ဘက်ကို ကိုယ်တိုင်သော်လည်းကောင်း။
လူငှားဖြင့်သော်လည်းကောင်း 'စာရင်းရှင်' ရန် ဝန်မလေးသူ။
ဤသည်ကို စာဖတ်သူ စိတ်ကူးနှင့် ပုံဖော်ကြည့်ပါ။
ခေတ်သစ် ရုရှားသူဌေး (New Russian) ၏ ပုံ ပေါ်လာပါလိမ့်မည်။
ဤလူတန်စားအလွှာသစ်၏ စရိုက်ကို ထင်ဟပ်သည့် ဟာသတွေ အခုတလော ရုရှားမှာ အပြောများနေသည်။
အချို့ကို မြည်းစမ်းကြည့်နိုင်ရန် တင်ဆက်လိုက်ပါသည်။

## ၂၈၂။ ပြောင်းပြန်လုပ်ပါ

ခေတ်သစ် ရုရှားသူဌေးလေးတစ်ယောက် လန်ဒန်သို့ ရောက်လာသည်။ အထွေအထူး ကိစ္စရှိသည် မဟုတ်။ သူတို့ ဘယ်လိုနေသလဲဆိုတာ ကြည့်ဖို့ ကိုယ့်ကိုယ်ကို ပြဖို့ဖြစ်သည်။ ဖိုက်စတားအဆင့်ရှိ ဟော်တယ်တွင် အခန်းယူပြီး မော်တော်ကား အငှားဌာနသို့ သွားသည်။ အိပ်ထဲမှ စတာပေါင် တစ်ထပ်ကြီး ပစ်ပေးလိုက်ကာ ကားအငှားဌာန၏ မန်နေဂျာကို ပြောသည်။
"ရိုးလ်ရိုက်စ် တစ်စီး လိုချင်တယ်။ အဲဒီမှာ တစ်ပတ်စာ ပိုက်ဆံ။ အပျံစား ဖြစ်ပစေနော်"
မန်နေဂျာသည် ရုရှားသူဌေးကို လေးစားသော မျက်လုံးဖြင့် ကြည့်ပြီး ပြောသည်။
"စိတ်ချပါ လူကြီးမင်း၊ ဒါနဲ့ လူကြီးမင်းကို တစ်ခု အကြံပေးပါရစေ။ အခု လူကြီးမင်းဟာ လန်ဒန်ကို ရောက်နေတာ ဖြစ်တယ်။ ဒါကြောင့် လူကြီးမင်းတို့ နိုင်ငံက လမ်းစည်းကမ်းကို မေ့ပစ်လိုက်စေချင်ပါတယ်။ ကျွန်တော်တို့ဆီက အားလုံး ပြောင်းပြန်ခင်ဗျ။ ဥပမာ လူကြီးမင်း လမ်းကွေ့ချင်တယ် ဆိုပါစို့။ ဘယ်ဘက်ကို ကွေ့ဘဲ ညာဘက်ကို ကွေ့ရပါတယ်။ တခြားစည်းကမ်းတွေလည်း ဒီလိုပါပဲ။ ကျွန်တော် ပြောတာ သဘောပေါက်ပါတယ်နော်။

အားလုံး ဆန့်ကျင်ဘက် လုပ်ပါ"
"စိတ်မပူပါနဲ့ ကိုယ်လူ။ ကျုပ်ဒီလောက် မညံ့ပါဘူးဗျ"
ရှရှားသူဌေး ကားပေါ်တက်ထိုင်ပြီး ကားကို တရိုန်ထိုး မောင်းထွက်သွားသည်။
ဈေးကောင်းရလိုက် သဖြင့် မန်နေဂျာလည်း ကျေနပ်ပြီး ကျန်ရစ်သည်။
သို့သော် နာရီပိုင်းအတွင်း ပိပြားနေသော ရိုးလ်ရွိုက်စ်ကားကို ကရိန်းကားကြီးနှင့်
လာသည်ကို တွေ့လိုက်ရရာ ကားပိုင်ရှင် မန်နေဂျာ ကသောကမြော ပြေးထွက်ပြီး
တုန်တုန်ယင်ယင်ဖြင့် ပြောသည်။
"အလိုလေးလေး ဘယ်လိုဖြစ်တာလဲ ခင်ဗျာ။ ကျွန်တော်တို့ဆီက လမ်းစည်းကမ်းတွေ့ရဲ့
ထူးခြားချက်မှုအကြောင်းကို လူကြီးမင်းကို ကျွန်တော် သတိပေးခဲ့သား မဟုတ်လားခင်ဗျ။
ဒီကားဟာ ပေါင်စတာလင် နှစ်သိန်း တန်တယ် ခင်ဗျ။ ဒုက္ခပါပဲ"
အိတ်ထဲက ပေါင်စတာလင် တစ်ထပ်ကြီးကို ထုတ်လိုက်ပြီး ခေတ်သစ်ရှရှားသူဌေးက
ခပ်အေးအေး ပြောသည်။
"ခင်ဗျား တော်တော်ကျတဲ့လူပဲ။ ခင်ဗျားပဲ ကျုပ်ကို ပြောင်းပြန်လုပ်လို့ ပြောခဲ့တယ်
မဟုတ်လား။ မီးစိမ်းပြနေတဲ့ အချိန်မှာ ခင်ဗျားတို့ဆီမှာလည်း ကားတွေမရပ်ဘဲ
မောင်းကြတယ်ဆိုတာ ကျုပ်ဘယ်လိုလုပ် သိမှာလဲဗျ
"

---

## ၂၈၃။ ရှိတာပဲ တောင်းတယ်

မိန်းမက ယောကျ်ားဖြစ်သူ 'နယူးရပ်ရှင်'ကို ပြောသည်။
"ယောကျ်ားရေ။ ကျွန်မ ပိုက်ဆံလိုနေပြန်ပြီရှင့်"
"ဘာပြောတယ်။ နောက်ထပ် လိုပြန်ပြီလား"
"ဟုတ်တယ်။ ကျွန်မမှာ မကျန်တော့သလောက်ဘဲ"
"ငါ့အမြင်တော့ မင်းဟာ ပိုက်ဆံထက် အသိဉာဏ် ပိုပြီး လိုနေတယ်ကွ"
"ရှင်ကလဲ။ ရှင့်မှာ မရှိတာ ကျွန်မ တောင်းတာမှ မဟုတ်ဘဲ"

## ၂၈၄။ တိုးရှင်း

'နယူးရပ်ရှင်' ၏သား အဖေ့နားကပ်ပြီး ပြောသည်။
"အဖေ့ကို ကျွန်တော်တစ်ခု ပြောစရာရှိတယ်"
"တိုတိုနဲ့ ရှင်းရှင်းပြော"
"ဒေါ်လာတစ်ရာပေး"

## ၂၈၅။ ဗဟုသုတ

'နယူးရပ်ရှင်' တို့လင်မယား အာဖရိကတိုက်နိုင်ငံတစ်ခုသို့ သွားပြီး အနားယူသည်။ မြစ်ကမ်းဘေးတစ်နေရာတွင် နေပူစာလှုံနေရင်း အနီးအနားတောထဲမှ ဆင်တစ်ကောင် ထွက်လာပြီး သစ်ပင်တစ်ပင်ကို နှာမောင်းဖြင့် လှူခါသည်။ ဤသည်ကို ကြည့်ပြီး မိန်းမက ပြောသည်။
"အီဗန်၊ သစ်ပင်ပေါ်မှာ ဒင်းရဲ့ အသိုက်ရှိတယ် ထင်တယ်"
"မင်းတော်တော် ဒုန်းဝေးတဲ့ မိန်းမပါလား။ မှတ်ထား ဆင်ဆိုတာ တွင်းအောင်းသတ္တဝါကွ။ နားလည်လား"

---

## ၂၈၆။ လက်ဆောင်

အနုပညာပစ္စည်းများ အရောင်းဆိုင်သို့ 'နယူးရပ်ရှင်' တစ်ယောက်ရောက်လာပြီး မေးသည်။
"ဒါဘယ်လောက်လဲ"
"အင်မတန် ဈေးကြီးတဲ့ ပစ္စည်းရှင့်၊ ဆာဗာဒိုးဒါလီရဲ့ ရှေးဦးလက်ရာ အစစ်ရှင့်"
"ပြော၊ ဘယ်လောက်လဲ"
"ဒေါ်လာ တစ်သိန်း"
"ယူတယ်"
အိတ်ထောင်ထဲမှာ ဟမ်းဖုန်းကို ထုတ်လိုက်ပြီး မိန်းမဆီ ဆက်သည်။
"မိန်းမရေ၊ ပို့စကတ် ဝယ်ပြီးပြီ။ အခု လက်ဆောင် ပစ္စည်းတွေ ဝယ်ဖို့ သွားလိုက်ဦးမယ်"

## ၂၈၇။ အထူးရေကန်

အင်ဂျင်နီယာကို 'နယူးရပ်ရှင်' က ပြောသည်။
"အိမ်ကြီးရဲ့ဘေးက ပန်းခြံထဲမှာ ရေကူးကန် သုံးခု ဆောက်ပေးပါ။ တစ်ခုမှာ ရေနွေးဖြည့်၊ နောက်တစ်ခုမှာ ရေအေးဖြည့်ပါ။ အဲ၊ တတိယကန်မှာတော့ ဘာရေမှ မဖြည့်နဲ့"
"ရေမပါတဲ့ ရေကူးကန် ဘာလုပ်ဖို့လဲ"
"တချို့အပေါင်းအသင်းတွေ ရေမကူးတတ်ဘူးလေ"

## ၂၈၈။ ကူညီရိုးထုံးစံမရှိ

"မင်းကို လျှို့ဝှက်ချက်တစ်ခု ပြောလို့ ရမလား"
"ပြောနိုင်ပါတယ်၊ အအတစ်ယောက်လို နေပြပါ့မယ်"

"ဒီလိုကွ။ အရောင်းအဝယ် ကိစ္စတစ်ခုမှာ ငါ တော်တော်လေး အထိနာသွားတယ်။ အခု ပိုက်ဆံ အရေးတကြီး လိုနေတယ်"
"စိတ်မပူစမ်းပါနဲ့။ ငါ မင်းဆီက ဘာမှ မကြားဘူးလို့ မှတ်လိုက်ပေတော့"

---

## ၂၈၉။ ငွေချေးတဲ့ နယူးရပ်ရှင်

ဆွစ်ဇာလန်ဘဏ်တစ်ခုသို့ 'နယူးရပ်ရှင်' တစ်ယောက်ရောက်လာပြီး သူ့ကို ဒေါ်လာတစ်ရာ ထုတ်ချေးရန် ပြောသည်။
ဘဏ်မန်နေဂျာ အံ့အားသင့်သွားသည်။ သို့သော် ယဉ်ကျေးစွာ ပြောသည်။
"ဒီလိုပါ။ ကျွန်တော်တို့ ဒီအတိုင်း ငွေ မထုတ်ချေးဘူး ခင်ဗျ။ အာမခံ ပစ္စည်း တစ်ခုခု တင်ရပါတယ်"
"ရပါတယ်။ ဟိုမှာ တွေ့လား။ ခင်ဗျားတို့ နိုင်ငံမှာ ဝယ်လိုက်တဲ့ ကျွန်တော့ 'မာစီးဒီး' အသစ်ကျပ်ချွတ်။ အာမခံအဖြစ် ယူထားလိုက်ပါ"
ဘဏ်က ဒေါ်လာတစ်ရာ ထုတ်ချေးလိုက်သည်။ မကြာမီ 'နယူးရပ်ရှင်' ရုရှားသို့ ပြန်သွားသည်။
နောက်တစ်နှစ်အကြာတွင် ဆွစ်ဇာလန် သို့ ၎င်း ပြန်ရောက်လာပြီး စောစောက ဘဏ် သို့ သွားသည်။ အရင်းနှင့် အတိုး တစ်ရာ့ သုံးဒေါ်လာကို ပြန်ဆပ်သည်။ ဘဏ်မန်နေဂျာ အံ့ဩတကြီး မေးသည်။
"ဒါနဲ့ မသိလို့ မေးပါရစေ။ ဒီမဖြစ်စလောက် ပိုက်ဆံ ကို ကျွန်တော်တို့ဆီမှာ ဘာဖြစ်လို့ ချေးတာလဲဗျာ"
"တစ်နှစ်မှာ သုံးဒေါ်လာထဲ ပေးရပြီး အင်မတန်စိတ်ချရတဲ့ ဒီလို ကားဂိုဒေါင်မျိုးကို ကျုပ် တခြားနေရာမှာ ဘယ်လိုမှ ရှာမတွေ့နိုင်ဘူးလေဗျာ"

## ၂၉၀။ လူ့တိရစ္ဆာန်

ဘဏ်သစ်ဖွင့်ပွဲ အခမ်းအနားကို မော်စကိုမြို့တွင် ကျင်းပသည်။ အခမ်းအနားပြီးသောအခါ ကြွရောက်လာကြသူများကို အကျွေးအမွေး၊ အဖျော်ယမကာတို့ဖြင့် ဧည့်ခံသည်။ ဧည့်သည် အများအပြားသည် ရှမ်ပိန်အရက်ကို ပုလင်းလိုက် မော့သောက်ကြသည်။ ဆားရေစိမ် ငါးစိမ်းကို အမြည်းအဖြစ် စားသည်။ ထို့နောက် ဝီစကီ၊ ကော့ညက်၊ ဗော့ဒ်ကာ၊ ဘီယာတို့ကို အလုအယက် ဆက်သောက်သည်။ အချို့ ရေချိန်လွန်ပြီး ယိုင်တိုင်တိုင် ဖြစ်နေပြီ။ အချို့ အစားလွန်ပြီး အန်တောင်ထွက်နေပြီ။ အချို့ ပုံပျက်ပန်းပျက် ကနေကြပြီ။
ဤရှုခင်းကို ဖက်စပ်ပါတနာ ဖြစ်ကြသည့် ပြစ်သစ်မှ ပုဂ္ဂိုလ်များ မျက်လုံးပြူးပြီး ငေးကြည့်နေကြသည်။ ငေးကြည့်နေသည့် ပြစ်သစ်တစ်ယောက်အနားသို့ 'နယူးရပ်ရှင်' ကပ်လာပြီး ပြောသည်။
"ကိုယ့်လူ၊ ဘာမှလည်း မစားပါလား"
"ကျွန်တော် မစားချင်ပါဘူး"
"ဒီနေ့ပွဲဟာ အလှူပွဲကွ၊ နားလည်လား။ ပိုက်ဆံတစ်ပြားမှ မပေးရဘူး။ စားစမ်းပါ"

"ကျွန်တော် ဆာမှ စားတက်ပါတယ်"
"ဩော်၊ ဒီလိုလား။ ကိုယ့်လူက တိရစ္ဆာန်တွေနဲ့ ဘာမှ မခြားဘဲကိုး"

## ၂၉၁။ မျှော်လင့်ချက်

'နယူးရပ်ရှင်' တစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ရန် ကြေးစားလူသတ်သမား နှစ်ယောက် ငှားရမ်းခြင်း ခံရသည်။ ထို 'နယူးရပ်ရှင်' သည် ညနေ ၆–နာရီတိတိ အချိန်တွင် စားသောက်ဆိုင် ဝင်ပေါက်ရှေ့သို့ ရောက်လာမည် ဖြစ်သည်။ လူသတ်သမားနှစ်ယောက် ည ၉ – နာရီအထိ စောင့်နေကြသည်။ 'သားကောင်' ပေါ်မလာချေ။ သို့နှင့် တစ်ယောက်က အခြားတစ်ယောက်ကို ပြောသည်။

"ဒီလူ လမ်းမှာ တစ်ခုခု မဖြစ်တန် ကောင်းပါဘူးနော်"

## ၂၉၂။ အသစ်နဲ့ အဟောင်း

'နယူးရပ်ရှင်' တစ်ယောက် မမျှော်လင့်ဘဲ စိန့်ပီတာစဘက်မြို့ရှိ ကမ္ဘာကျော် 'ဟားမစ်တိတ်ချ်' ပြတိုက်သို့ ရောက်သွားသည်။ ၁၈–ရာစုနှစ် ပန်းချီဆရာတစ်ဦး၏ ကားချပ်ကို ပန်းချီဆရာ တစ်ယောက် ပုံတူကူးဆွဲနေသည်ကို တွေ့ရာ ပြတိုက်ဝန်ထမ်းကို မေးသည်။

"အခု ဆွဲနေတဲ့ ကားသစ်ပြီးသွားရင် ကားဟောင်းကို ခင်ဗျားတို့ ဘာလုပ်မလဲဗျ ဟင်"

## ၂၉၃။ ဗိုလ်မကျနဲ့

ဓာတ်ဆီဆိုင်ရှေ့တွင် ကားတွေ အရှည်ကြီး တန်းစီနေကြသည်။ ရုတ်တရက် မာစီးဒီး (၆၀၀) တစ်စီး ပေါ်လာပြီး ကားတွေ အားလုံး၏ ရှေ့တွင် ဝင်ရပ်လိုက်သည်။ ရှေ့ဆုံးတွင် ရပ်နေသော ကားပိုင်ရှင် ကားထဲမှ ထွက်ကာ မာစီးဒီးကားဘက် လျှောက်သွားသည်။ ထို့နောက် ယခု ဓာတ်ဆီ ဖြည့်ရမည့် အလှည့်သည် မိမိ၏ အလှည့်ဖြစ်ကြောင်း ယဉ်ကျေးစွာ ရှင်းပြသည်။ မာစီးဒီးပေါ်က ပုဂ္ဂိုလ်က မိုက်မိုက်ကန်းကန်း ပြန်ပြောသည်။

"ဟေ့၊ မင်း မားစီးဒီး စီးနိုင်တဲ့ တစ်နေ့မှာ အရင်ဆုံး ဓာတ်ဆီဖြည့်။ နားလည်လား၊ အခုတော့ စောင့်ဦး"

တန်းစီသူ ဘာမှ မပြောဘဲ သူ့ကားဘက် ပြန်သွားသည်။ ကားပေါ် ထိုင်လိုက်ပြီး အရှိန်နဲ့ မာစီးဒီးကို ဝင်ဆောင့်ပစ်သည်။ ထို့နောက် ကားထဲမှ ထွက်ကာ ကားသော့ကို ကားထဲ ပစ်ထည့်လိုက်သည်။ တစ်ဆက်တည်း ဗိုလ်ကျသူကို စေ့စေ့ကြည့်ကာ ပြောချလိုက်သည်။

"ဟေ့ကောင်၊ ငါ့လို တစ်နေ့ တစ်ကား လဲစီးနိုင်တဲ့ အခါကျမှ ငါ့ကို စောစောက လေသံမျိုးနဲ့ ပြော။ ကြားလား"

## ၂၉၄။ ဈေးကြီးတာရှာ

ပဲရစ်ရောက် 'နယူးရပ်ရှင်' အပျံစားဝတ်တစ်စုံ ဝယ်သည်။ မိတ်ဆွေဖြစ်သူ အခြား 'နယူးရပ်ရှင်'က မေးသည်။

"ဝတ်စုံကို ဘယ်က ဝယ်လာတာလဲ"
"ဒီအနားက ဆိုင်တစ်ဆိုင်မှာပဲ။ ဒေါ်လာ ၂၀၀ ပေးရတယ်"
"မင်းဝယ်တာ စောသွားတယ်။ တစ်လမ်းကျော်က ဆိုင်မှာ ဒီလို ဝတ်စုံမျိုးပဲ ဒေါ်လာ ၃၀၀–နဲ့ ဝယ်လို့ရတယ်ကွ"

## ၂၉၅။ နယူးချူချာ

ဘဏ်သူဋ္ဌေးထံ 'နယူးချူချာ' ရောက်လာပြီး ပြောသည်။
"ကျွန်တော့ကို ဒေါ်လာတစ်သိန်းထုတ်ချေးပါ။ ၃–လာကြာရင် နှစ်သိန်း ပြန်ဆပ်ပါမယ်။ ကျွန်တော့ ပွဲရုံကို ကုန်ပစ္စည်းတွေနဲ့ အတူ အာမခံအဖြစ် တင်ထားပါ့မယ်"
ငွေချေးစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ 'နယူးချူချာ' ပြန်ရန် ပြင်သည်။ ဘဏ်သူဋ္ဌေးက ပြောသည်။
"နေပါဦးခင်ဗျ။ သုံးလအကြာမှာ ခင်ဗျားအနေနဲ့ ငွေ နှစ်သိန်းစလုံးကို တစ်လုံးတစ်ခဲတည်း ပြန်ဆပ်ဖို့ အခက်အခဲ ရှိလိမ့်မယ်လို့ ကျွန်တော် တွေးမိတယ်။ အဲဒီတော့ ဒီလိုလုပ်ပါ။ တစ်ဝက်ကို အခု ကျွန်တော့ကို ကြိုပြီး ဆပ်ထား။ ကျန်တစ်ဝက်ကို နောက်သုံးလကြာမှ ဆပ်တာပေ့ါ။ မကောင်းဘူးလား"
'နယူးချူချာ' ခေါင်းကုတ်ပြီး စဉ်းစားသည်။ နောက်ဆုံးတွင် သဘောတူလိုက်ပြီး စောစောက ရထားသည့် ငွေ တစ်သိန်းကို ပြန်ပေးလိုက်သည်။
အိမ်သို့ ရောက်သောအခါ နေ့ခင်းက ကိစ္စကို 'နယူးချူချာ' နက်နက်နဲနဲ ပြန်စဉ်းစားသည်။ နှုတ်မှ လည်း ရေရွတ်သည်။
"အင်း၊ ထူးတော့ ထူးဆန်းတယ်။ ကုန်ပစ္စည်းတွေလည်း မရှိတော့ဘူး။ ငွေတစ်သိန်းလည်း မရှိဘူး။ ဒီကြားထဲ တစ်သိန်းအကြွေးတင်နေသေးတယ်။ အင်း၊ တစ်ဘက်က ပြန်စဉ်းစား ကြည့်ပြန်တော့လည်း ဘာမှ အမှားမရှိဘူး။ အားလုံး မှန်နေတာပဲ
"

## ၂၉၆။ ခဏထိုင်တာပါ

'ဟားမစ်တိချ်' ပြတိုက်သို့ နယူးရပ်ရှင် ရောက်လာပြီး အနုပညာ လက်ရာများကို လေ့လာနေသည်။ ရုတ်တရက် ဆယ်လူလာ ဖုန်းမြည်လာသဖြင့် အနားတွင် ရှိသည့် ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်ကာ တစ်ဘက်က လူနှင့် စကားပြောသည်။
ဤသည်ကို မြင်သော ပြတိုက်ဝန်ထမ်း ပြေးလာပြီး စိတ်ဆိုးမာန်ဆိုးပြောသည်။
"ရှင် ဘယ်လို လုပ်တာလဲ။ ဒါကတ်သရင်း ဘုရင်မကြီးရဲ့ ကုလားထိုင်ရှင့်"
"အဒေါ်ကြီး၊ စိုးရိမ်မနေစမ်းပါနဲ့။ ဘုရင်မလာရင် ကျုပ် ဖယ်ပေးမှာပေ့ါဗျ"

## ၂၉၇။ ကင်မရွန်းနိုင်ငံ

ကင်မရွန်းနိုင်ငံ ဘယ်မှာလဲဆိုတာကို မသိသဖြင့် 'နယူးရပ်ရှင်'၏ သားသည် ပထဝီဝင် ဘာသာရပ်တွင် 'ဂရိတ်တူး' ပဲရသည်။ အဖေက သားကို နှစ်သိမ့်သည်။
"စိတ်မပူစမ်းပါနဲ့။ ငါ့ကုမ္ပဏီကို ပစ္စည်းတင်ပို့နေတဲ့ ငနဲကင်မရွန်းကကွ။ မနက်ဖန်ကျ သူ့ကို

ငါမေးပြီး မင်းကို ပြောပြမယ် ဟုတ်လား"
နောက်နေ့ အိမ်ပြန်ရောက်သောအခါ 'နယူးရပ်ရှင်' က သားကို ပြောသည်။
"ဒီနေ့ ကင်မရွန်းကောင် ပေါ်မလာဘူး။ မြေပုံယူခဲ့။ မင်းနဲ့ငါ အတူရှာကြတာပေါ့"
မြေပုံချပြီး သားအဖနှစ်ယောက် ကင်မရွန်းကို ရှာကြသည်။
အချိန်အတော်ကြာသွားသည်။ မတွေ့ချေ။
အဖေဖြစ်သူ သည်းသည်းမဲမဲ ဆက်ရှာသည်။
သားဖြစ်သူ သတိထားမိလာသည်။ မော်စကိုတိုင်းထဲတွင် မော်စကိုမြို့နှင့် မနီးမဝေး ဆင်ခြေဖုံးမြို့များကို အဖေ 'နယူးရပ်ရှင်' မှန်ဘီလူးဖြင့် တစ်ခုချင်း အာရုံစိုက်ကြည့်နေခြင်း ဖြစ်သည်။
"အဖေ ကင်မရွန်းကို ရှာနေတာ ဟုတ်ပါတယ်နော်"
"အေးလေကွာ၊ ကင်မရွန်းဆိုတာ ဒီအနီးအနားမှာပဲ ရှိရမယ်လို့ ငါထင်တယ်။ ဒီငနဲ ငါတို့ ဆီလာတာ မော်တော်ဆိုင်ကယ် စီးပြီးလာတာကွ။ သိလား။"

---

## ၂၉၈။ ကိုယ့်အတက်နဲ့ကိုယ်စူး

[ရုရှားနိုင်ငံတွင် အပတ်စဉ်ဖွင့်သည့် SPORT LOTO ခေါ် အားကစားထီရှိသည်။ ထီလက်မှတ်ပေါ်တွင် ဂဏန်း ၃၆ – လုံး (၁ မှ ၃၆– အထိ) ကို ဇယားကွက်ဖြင့် ဖော်ပြထားသည်။ ထီထိုးသူက မိမိကြိုက်နှစ်သက်ရာ အနည်းဆုံး ဂဏန်းကငါးလုံးကို ကြက်ခြေခတ်၍ ထီဆိုင်သို့ အပ်ရသည်။ ငါးလုံးထက် ပိုထိုးလျှင်လည်းရသည်။ ဂဏန်းအရေအတွက် ပိုများလေလေ၊ ကျသင့်ငွေ ပိုများလေလေပဲ ဖြစ်သည်။ ထီဖွင့်သည့် အခါ ဂဏန်းငါးလုံးကိုပဲ ဖွင့်သည်။ ထွက်သည့် ဂဏန်းငါးလုံးသည် မိမိထိုးထားသည်နှင့် တိုက်လျှင် ပထမဆုံးရသည်။ လေးလုံးတိုက်လျှင် ဒုတိယဆု၊ သုံးလုံးတိုက်လျှင် တတိယဆု ရသည်။ အများအားဖြင့် ငါးလုံးတိုက်သည် တော်တော်နှင့် မရှိချေ။ ယခုအပတ်တွင် ငါးလုံးတိုက်သူ မရှိလျှင် ယင်းအပတ်အတွက် လျာထားသော ပထမဆုငွေကို နောက်အပတ်သို့ ရွှေ့ပြောင်းပြီး ပေါင်းထည့်ပေးသည်။ ငါးလုံးတိုက်သူ မရှိသည့် အပတ်စဉ် များလာလေလေ၊ ဆုကြေးငွေများလာလေလေ ဖြစ်သည်။ ဤဆုငွေကို JACK POT ဟုခေါ်သည်။ အောက်တွင် ဖော်ပြမည့်ဟာသမှာ ၆–လကြာ ငါးလုံးတိုက်သူ မရှိပဲ ဆုကြေးငွေ ရူဘယ်သိန်းငါးဆယ် (ဒေါ်လာ နှစ်သိန်း) ဖြစ်သည့်အပတ်တွင် ဖြစ်သည်။]

A ရွာမှ အဘိုးကြီးတစ်ဦး တုတ်ကောက်ကို အားပြုပြီး ရွာပြင်သို ထွက်လာသည်။ B ရွာကို ဖြတ်ကျော်ချိန်တွင် မိမိကဲ့သို့ပင် တုတ်ကောက်ကို အားပြုပြီး ရွာမှ ထွက်လာသော အဘိုးကြီးတစ်ဦး ကို တွေ့သည်။ A ရွာမှ အဘိုးကြီးက လှမ်းမေးသည်။
"ဘယ်ကို သွားမလို့လဲဗျ"
"ဩော် C ရွာက ငွေစုဘဏ်မှာ 'စပို့လိုတို' သွားတိုက်မလို့ပါ"
"ကျွန်တော်လည်း အဲဒီအတွက်ပဲ C ရွာကို သွားမလို့ဗျ။ လမ်းမှာ အဖော်ရတာပေါ့ဗျာ"
နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြသည်။ C ရွာသို့ ရောက်လာကြသည်။

ငွေစုဘဏ်တွင် လူတော်တော်လေး များနေသည်။
အဘိုးကြီး နှစ်ယောက် တန်းဝင်စီလိုက်ကြသည်။ A ရှေ့က B က နောက်က။
မိမိအလှည့်သို့ ရောက်သောအခါ A ရွာမှ အဘိုးကြီးသည် လက်မှတ်ကို စာရေးမ၏ လက်သို့ ကမ်းပေးလိုက်ပြီး ပြောသည်။
"သမီးရယ်၊ အဘိုးက မျက်စိမကောင်းဘူးကွယ့်။ အဘိုးရဲ့ လက်မှတ်ကို
တိုက်ပေးပါလားကွယ်"
A ရွာသား အဘိုးကြီး၏ လက်မှတ်ကို ယူပြီး စာရေးမ ပေါက်စဉ်နှင့် တိုက်သည်။
စာရေးမ၏ မျက်နှာတွင် အံ့ဩဝမ်းသာသည့် အမူအရာ ရုတ်ချည်း ပေါ်လာသည်။
"အဘိုး သိပ်ကံကောင်းပါလား။ ၅–လုံးအနက် ၄–လုံးတိုက်နေပါပကောရှင့်"
စာရေးမ၏ လက်ထဲမှ လက်မှတ်ကို ပြန်ယူလိုက်ပြီး အဘိုးကြီးသည် လက်မှတ်ကို ခဏမျှ ငေးစိုက်ကြည့်နေမိသည်။ လေးလုံးတိုက် ဒုတိယဆုပင်လျှင် မိမိ၏ ပင်စင်လစာ တစ်နှစ်စာထက် ပိုများနေသည် ဖြစ်ရာ အိုစာမင်းစား ရတော့မှာပါလားဆိုသော အသိဖြင့် စိတ်လှုပ်ရှားလာသည်။ မိုက်ကနဲ သတိလစ်သလို ဖြစ်ပြီး ကြမ်းပေါ်လဲကျသွားသည်။
"လုပ်ကြပါဦး၊ အဘိုးကြီး ဝမ်းသာလုံးဆို့ပြီး တက်သွားပြီ ထင်တယ်။ ကယ်ကြပါဦး" ဟု B ရွာမှ အဘိုးကြီးက A မှ အဘိုးကြီးက A ရွာမှ အဘိုးကြီးကို ပွေ့ရင်း ပြောလိုက်သည်။
ဤအချိန်မှာပင် A ရွာမှ အဘိုးကြီး၏လက်ထဲမှ လက်မှတ်ကို မိမိ လက်မှတ်နှင့် လူမမြင်သာအောင် အသာလေး လဲလိုက်သည်။
A ရွာမှ အဘိုးကြီး သတိပြန်လည်လာသည်။ ကောင်တာဘက်သို့ လျှောက်သွားပြီး စောစောက စာရေးမကို ပြောသည်။
"သမီးရယ်။ ဆုငွေ ထုတ်ပေးပါလားကွယ်"
"ဟုတ်ကဲ့ အဘိုး။ လက်မှတ် ကျွန်မကို ပေး။ ကျွန်မ သေချာအောင် ထပ်တိုက်ကြည့်ဦးမယ်"
စရေးမသည် လက်မှတ်ကို ပေါက်စဉ်နှင့် နောက်တစ်ခါ ထပ်တိုက်သည်။ စာရေးမ၏ မျက်နှာတစ်ခုလုံး ဝင်းလက်လာပြီး အားတက်သရော အော်ပြောသည်။
"ကျွန်မ မှားသွားတယ် အဘိုး။ အဘိုးတိုက်တာက ၄–လုံးမဟုတ်ဘူး။ ၅–လုံးစလုံး အဘိုးရဲ့။ အဘိုးဆုငွေ သိန်းငါးဆယ် ရတော့မယ်ရှင့်"
ဤစကားကို ကြားလိုက်သည်နှင့် B ရွာမှ အဘိုးကြီးသည် ရင်တုန်ပန်းတုန် ဖြစ်လာပြီး ဒူးညွှတ် ခွေကျသွားတော့သည်။

**၂၉၉။ အကောင်းဆုံးဟာသ**

ညှော်ခံပွဲတစ်ခုတွင် 'နယူးရပ်ရှင်' ဟာသတစ်ပုဒ် ပြောသည်။
"တစ်ခါတုန်းက လူတစ်ယောက်ဟာ သူ့ရဲ့ သူငယ်ချင်းကို ဘာအကျိုးမှ မမျှော်ကိုးဘဲ ကူညီလိုက်တယ်"
နားထောင်သူအားလုံး ဟတ်ဟတ်ပက်ပက် ရယ်ကြသည်။

**၃၀၀။ အရောင်းအဝယ်**

'နယူးရပ်ရှင်' နှစ်ယောက် ဆုံကြသည်။ တစ်ယောက်က ပြောသည်။

" ကုန်တင်ကားတစ်စီးတိုက် နိုင်ငံခြား စီးကရက်ရမယ်။ ယူမလား"
" ယူတာပေါ့။ ဈေးဘယ်လောက်လဲ"
" ဒေါ်လာနှစ်သောင်း"
ဈေးတည့်သွားကြသည်။ တစ်ယောက်ကို တစ်ယောက် လက်ဆွဲ နှုတ်ဆက်ပြီး ထွက်သွားကြသည်။ တစ်ယောက်က ပိုက်ဆံ နှစ်သောင်း ခိုးလို့ရမည့် နေရာကို အရှာထွက်သည်။ နောက်တစ်ယောက်က စီးကရက် အပြည့်တင်ထားသော ကုန်တင်ကားကို အလစ်သုတ်ဖို့ ထွက်သွားခြင်း ဖြစ်သည်။

## ၃၀၁။ မှန်မှန်ပြော

'နယူးရပ်ရှင်' ၏ သားကို အတန်းပိုင်ဆရာမက ပြောသည်။
"မင်းရဲ့ စာစီစာကုံးမှာ အမှားတစ်လုံးမှ မပါဘူး။ မှန်မှန်ပြောစမ်း။ မင်းအဖေကို စာစီစာကုံးရေးဖို့ တစ်ယောက်ယောက်က ကူလိုက်သလား ဟင်"

## ၃၀၂။ မေးနေကြပြီ

ထောင်ကျနေသော 'နယူးရပ်ရှင်' ထံ မိန်းမဖြစ်သူ ထောင်ဝင်စာ လာတွေ့သည်။
"ကိုလျှာ၊ ကလေးတွေ မေးခွန်း ထုတ်နေကြပြီရှင့်"
"သူတို့အဖေ ဘယ်မှာလဲလို့ မေးနေကြတာလား"
"မဟုတ်ဘူး။ ရှင် လုယက် ခိုးဝှက်လို့ရတဲ့ ပိုက်ဆံတွေ၊ ရတနာတွေ ဘယ်မှာ ဝှက်ထားသလဲတဲ့"

## ၃၀၃။ အစေခံ

အမျိုးမျိုး နှိပ်စက်ခြင်း ခံရသဖြင့် နောက်ဆုံးတွင် သည်းမခံ နိုင်တော့ဘဲ အစေခံမက 'နယူးရပ်ရှင်' ၏ ဇနီးကို ပြောသည်။
"ကျွန်မကို အန်တီ ဘာဖြစ်လို့ ဒီလောက်တောင် နှိပ်စက်ရတာလဲ။ ကိုယ်ချင်းစာဖို့ ကောင်းပါတယ်။ အန်တီ ငယ်ငယ်တုန်းကလည်း အစေခံ လုပ်ခဲ့ဖူးတယ် မဟုတ်လား"
အိမ်ရှင်မက ဂုဏ်ယူစွာ ပြန်ပြောသည်။
"အေး၊ ဒါပေမယ့် လူကြီးလူကောင်းတွေ နေတဲ့အိမ်မှာ ဟေ့"

---

## ၃၀၄။ အားလုံးကို အထင်သေးတယ်

'နယူးရပ်ရှင်' ၏ဇနီး ပိုက်ဆံထုတ် ပိုက်ပြီး မော်စကိုသို့ တက်လာသည်။ အကောင်းစား ဟော်တယ်တွင် အခန်းတစ်ခုယူပြီး မြို့လယ်ခေါင်တွင် ဖွင့်ထားသည့် လောင်ကစားရုံ

(ကာစီနို) သို့သွားသည်။ ရူးလက် (Roulette) ကစားရန် ဆုံးဖြတ်လိုက်သည်။ ပါလာသမျှ ပိုက်ဆံအားလုံးကို ကူပွန်ကြွေပြားများ ဝယ်လိုက်သည်။ ထို့နောက် ၂၂- ဂဏန်းတွင် ပုံအောပြီး ထိုးလိုက်သည်။ ဒိုင်လုပ်သူက မေးသည်။

"အမကြီး၊ ရူးလက်ကစားတာ ဒါ ပထမဆုံးအကြိမ်ထင်တယ်"

"ဟုတ်ပါတယ်"

"အဲဒါဆို ကျွန်တော် စေတနာနဲ့ အကြံပေးပါရစေ၊ ကူပွန်တွေ အားလုံးကို ၂၂-တစ်ခုတည်းမှာ ပုံအောပြီး မထိုးစေချင်ဘူး။ မဂဏန်း၊ စုံဂဏန်း၊ အနီရောင်နဲ့ အမည်းရောင်တွေ မျှပြီး ထိုးပါ။ ဒါမှ ပေါက်ဖို့ အခွင့်အလမ်း ပိုများပါလိမ့်မယ်"

"ဟင့်အင်း။ ကျွန်မ ၂၂-မှာပဲ ထိုးချင်တယ်ရှင့်"

ဒိုင်လုပ်သူ ခုံဝိုင်းကို လှည့်လိုက်သည်။ ထို့နောက် ဂေါ်လီလုံးကို ခုံဝိုင်းထဲ ပစ်လိုက်သည်။ အလည်ရပ်၍ ကြည့်လိုက်သောအခါ ဂေါ်လီလုံးသည် ဂဏန်း ၂၂-တွင် ရောက်နေသည်ကို တွေ့ရသည်။

အမျိုးသမီးသည် လျော်ငွေအားလုံးကို မိမိဘက် ဆွဲယူလိုက်ပြီး ဂဏန်း ၂၂- တွင်ပင် အောလိုက်ပြန်သည်။ ဒိုင်လုပ်သူက ပြောသည်။

"အမကြီး၊ စောစောက အမကြီး အင်မတန် ကံကောင်းလို့ ပေါက်တာပါ။ ဒီတစ်ခါ ပေါက်ဖို့ မလွယ်ပါဘူး။ ဂေါ်လီလုံးဟာ ဘယ်တော့မှ ဂဏန်းတစ်ခုထဲပေါ်မှာ နှစ်ခါကျလေ့ မရှိပါဘူး"

"ကိစ္စမရှိဘူး။ ကျွန်မ ၂၂-ကိုပဲ ထိုးချင်တယ်"

ခုံဝိုင်းကို ထပ်လှည့်သည်။ ဂေါ်လီလုံး ၂၂ မှာ ထပ်ကျပြန်သည်။ဤအတိုင်း အမျိုးသမီးသည် တစ်ညနေလုံး ၂၂-မှာပဲ ဆက်ထိုးသည်။ အကြိမ်တိုင်းလည်း ၂၂-မှာချည်းပဲ ကျသည်။ ကာစီနိုပိုင်ရှင်နှင့် ဧည့်သည်များ ဝိုင်းအုံလာကြသည်။ တစ်နေ့တည်းမှာ တစ်နှစ်စာ အရှုံးပေါ်သွားသော ကာစီနိုပိုင်ရှင်က မေးသည်။

"ဘယ်လို အခြေခံမှုတွေကို အသုံးပြုပြီး ထိုးသလဲဆိုတာ သိပါရစေလားကွယ်"

"ဘာမှုမှ မရှိပါဘူး။ ကျွန်မက အတိတ်နိမိတ်တွေကို ယုံတယ်။ မော်စကိုကို ကျွန်မ ၇- ရက်နေ့မှာ ရောက်တယ်။ ကျွန်မရတဲ့ ဟော်တယ်အခန်းက နံပါတ် (၇) ။ ကာစီနိုကို လာဖို့ တက္ကစီငှားတာ ရ-ကားမြောက်မှ ရပ်ပေးတယ်"

ပရိတ်သတ်အားလုံး ပြိုင်တူ မေးလိုက်ကြသည်။

"အဲဒီတော့ ..."

အမျိုးသမီးသည် အားလုံးကို အထင်သေးသည့် မျက်လုံးဖြင့် ကြည့်လိုက်ပြီး ပြောသည်။

"ခုနှစ်သုံးလီ ၂၂- မဟုတ်ဘူးလားရှင့်။ ကဲ"